





# ASEAN Comprehensive Recovery Framework






## အာဆီယံ ဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်

# ASEAN Comprehensive Recovery Framework

## အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်

# အာဆီယံ ဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင်

**ပါဝင်သည့် အကြောင်းအရာများ**

**အနှစ်ချုပ်**

**အခန်း ၁**

**နိဒါန်း - အာဆီယံဒေသတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းခြင်း**

- အာဆီယံအပေါ် အခြားအရာများနှင့်မတူသော အကျပ်အတည်းတစ်ခု ဖြစ်သည့် ကိုဗစ်-၁၉ ၏ သက်ရောက်မှု
- အာဆီယံအနေဖြင့် ကပ်ရောဂါကို တုံ့ပြန်ရန် နိုင်ငံအဆင့် ရည်ရွယ်ထားသည့် လုပ်ဆောင်ချက်များ
- ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းထားသော ဒေသတွင်းတုံ့ပြန်ဆောင်ရွက်မှုများ

**အခန်း ၂**

**ပြန်လည်ထူထောင်ရေး လုပ်ဆောင်ချက်များအတွက် မူဘောင်**

- ပြန်လည်ထူထောင်ရေး မူဘောင်၏ ရည်ရွယ်ချက်များ
- လမ်းညွှန်အခြေခံမှုများ
- ဘက်စုံ ပြန်လည်ထူထောင်ရေးဆီသို့ချဉ်းကပ်ခြင်း
- ဖွဲ့စည်းမှု နှင့် ပုံစံ

**အခန်း ၃**

**ပြန်လည်ထူထောင်ရေးအတွက် ကျယ်ပြန့်သော မဟာဗျူဟာများ**

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးခြင်းနှင့် ခံနိုင်ရည် တည်ဆောက်ခြင်း

- ကျယ်ပြန့်သော မဟာဗျူဟာ ၁ - ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အဆင့်မြှင့်တင်ခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၂ - နိုင်ငံသားများ၏လုံခြုံရေးကို အားကောင်းစေခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၃ - အာဆီယံဒေသတွင်း ဈေးကွက်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးပေါင်းစည်းမှု အလားအလာ ကို မြှင့်တင်ခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၄ - အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်း
- ကျယ်ပြန့်သော မဟာဗျူဟာ ၅ - ရေရှည်တည်တံ့ပြီး ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ခြင်း

**အခန်း ၄**

**အာဆီယံတုံ့ပြန်မှုကိုအကောင်အထည်ဖော်ခြင်း - ပြန်လည်ထူထောင်ရေးနှင့် တည်ငြိမ်ရေးဆီသို့**

- မူဝါဒဆိုင်ရာ အကဲဖြတ်မှုများနှင့် တုန့်ပြန်မှုများ
- ပြန်လည်ထူထောင်ရေးနှင့် အရင်းအမြစ်စည်းရုံးခြင်းအတွက် ငွေကြေးထောက်ပံ့ခြင်း
- အဖွဲ့အစည်းများနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ
- သက်ဆိုင်သူများ၏ ပါဝင်မှုနှင့် လက်တွဲဆောင်ရွက်ခြင်း ဆိုင်ရာ အခန်းကဏ္ဍ
- ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာမှုကို စောင့်ကြည့်ခြင်း

## အခန်း ၅

## ကိုဗစ် - ၁၉ အလွန် အာဆီယံကို ပြန်လည်ပုံဖော်ခြင်း

### ကိန်းဂဏန်းပြရုပ်ပုံများစာရင်း

- ပုံ (၁) စီးပွားရေးပြန်လည်ထူထောင်ရေးလမ်းကြောင်း
- ပုံ (၂) ကိုဗစ် - ၁၉ ၏ သက်ရောက်မှု
- ပုံ (၃) ကိုဗစ်-၁၉ အပေါ် အာဆီယံ၏ တုံ့ပြန်ဆောင်ရွက်မှု အကျဉ်းချုပ်
- ပုံ (၄) ပြန်လည်ထူထောင်ရေး အဆင့်သုံးဆင့် (3Rs)
- ပုံ (၅) အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ ရည်ရွယ်ချက်များ၊ အဓိကအခြေခံမှုများနှင့် ချဉ်းကပ်မှု
- ပုံ (၆) အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေး မူဘောင်၏ ကျယ်ပြန့်သော မဟာဗျူဟာများ၊ အဓိက နယ်ပယ်များနှင့် လုပ်ဆောင်နိုင်သည့် အချက်များ
- ပုံ (၇) အာဆီယံ ဒီဂျစ်တယ် ပေါင်းစည်းရေး မူဘောင်

## အဓိက အချက်အလက်များ

ကိုဗစ် - ၁၉ ကို ၂၀၂၀ ခုနှစ် မတ်လတွင် ကပ်ရောဂါအဖြစ် ကြေညာပြီးနောက် ကမ္ဘာတဝှမ်းရှိ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများသည် စောက်ထိုးမိုးမျှော် ဖြစ်သွားခဲ့သည်။ အမှန်တကယ်တွင် အဆိုပါ ကပ်ဘေးသည် အာဆီယံ အတွက် မကြုံစဖူး မသေချာမရေရာမှုများကို ဖြစ်ပေါ်စေပြီး စီးပွားရေးနှင့်လူ့အဖွဲ့အစည်းအပေါ် ဆိုးရွားစွာ သက်ရောက်မှုများ ဖြစ်ပေါ် စေခဲ့သည်။ အာဆီယံဒေသတွင်းစီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် ၃.၈% ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပြီး ၂၂ နှစ် အတွင်း ပထမဆုံး အကြိမ် စီးပွားရေးကျဆင်းမှု ဖြစ်သည်။

ကပ်ရောဂါဖြစ်ပွားမှု အတိုင်းအတာနှင့် အကျိုးသက်ရောက်မှုများကြောင့် အကျပ်အတည်းကို ဖြေရှင်းရာတွင် ဒေသတွင်းသာမက လုပ်ဖော်ကိုင်ဖက်များနှင့် အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အာဆီယံက အသိအမှတ်ပြုခဲ့သည်။ ဒေသတွင်း အတွက် လက်ငင်း ဦးစားပေးသည် ကပ်ရောဂါကို ကျော်လွှားရန် ဖြစ်သော်လည်း အာဆီယံအနေဖြင့် ၎င်း၏ စုပေါင်းအားနှင့် ရေရှည် လူမှုစီးပွား ပြန်လည် ထူထောင်ရေး မဟာဗျူဟာကို တစ်ပြိုင်နက်တည်း ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။

ထို့ကြောင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်[1] ကို ကိုဗစ်-၁၉ အကြပ်အတည်းမှ လွတ်မြောက်ရန် အတွက် ပေါင်းစည်းထားသော ထွက်ပေါက် မဟာဗျူဟာအဖြစ် အသုံးပြုမည်ဖြစ်ပါသည်။ ၎င်းမူဘောင် တွင် အာဆီယံအနေဖြင့် ကပ်ရောဂါကြောင့် ထိခိုက်မှုအများဆုံးခံစားခဲ့ရသည့် လူ့အဖွဲ့အစည်းများကို အဓိကအာရုံစိုက် ခြင်း၊ ကျယ်ပြန့်သော မဟာဗျူဟာများ ချမှတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးအတွက် ကဏ္ဍအလိုက်နှင့်ဒေသဆိုင်ရာ ဦးစားပေးမှုအစီအမံများကို ခွဲခြားသတ်မှတ်ခြင်း စသည်တို့ကို ဖော်ပြထားပါသည်။ ကပ်ရောဂါသည် ဆင့်ကဲ ပြောင်းလဲနေဆဲဖြစ်သောကြောင့် ပြန်လည်ထူထောင်ရေး နည်းလမ်းများသည်လည်း အခြေအနေတစ်ခုဖြစ်လာမှ တုံ့ပြန်ခြင်းထက် ကြိုတင်ပြင်ဆင်ရန် လိုအပ်သည့် အပြင် ဒေသတစ်ခုလုံးကို လွှမ်းခြုံထားရန် လိုအပ်ပါသည်။ ထို့အပြင် ပြန်လည် ထူထောင်ရေး အတွက် ချဉ်းကပ်ရေး နည်းလမ်းများသည် လိုက်လျောညီထွေမှုရှိပြီး ပြောင်းလွယ်ပြင်လွယ်ရှိရန် လိုအပ်ပါသည်။ သို့မှသာ ဒေသတွင်းနိုင်ငံများအနေဖြင့် ပြောင်းလဲနေသော အခြေအနေများနှင့် ကိုက်ညီသော မဟာဗျူဟာများကို အလွယ်တကူ ချမှတ်နိုင်မည် ဖြစ်ပါသည်။ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် ကို အကောင်အထည်ဖော်ရန် လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲထားပြီး ဖြစ်ပါသည်။

ယေဘုယျ အားဖြင့် အာဆီယံ၏ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ကျယ်ပြန့်သော မဟာဗျူဟာ (၅) ခုအပေါ်တွင် အာရုံစိုက်မည်ဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာ (၅) ခုသည် အာဆီယံဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် အတွက် အထိရောက်ဆုံးဟု ယူဆနိုင်ပြီး အချို့သော **အဓိကဦးစားပေးကဏ္ဍများ**[2] ဖြင့် လုပ်ဆောင်ရမည် ဖြစ်သည်။

**ကျယ်ပြန့်သော မဟာဗျူဟာ ၁ - ကျန်းမာရေးစနစ်များ မြှင့်တင်ခြင်း** သည် အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင် နှင့် အညီ အာဆီယံ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ ရေတိုရေရှည် ရည်မှန်းချက်များ ကိုဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ ကျန်းမာရေးကဏ္ဍကို အောင်မြင်စွာ မြှင့်တင်နိုင်ရန် ဦးစားပေးအနေဖြင့် လက်ရှိ ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများနှင့် အစီအမံများကို တည်ဆောက်ခြင်း၊ ရေရှည်တည်တံ့ရန် ထိန်းသိမ်းခြင်း၊ မရှိမဖြစ် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ အားကောင်းလာစေရန် လုပ်ဆောင်ခြင်း၊ ကာကွယ်ဆေးများလုံခြုံရေးကို အားကောင်းလာစေရန် လုပ်ဆောင်ခြင်း အစရှိသည်တို့ အပေါ်တွင် အာရုံစိုက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ပိုမိုကောင်းမွန်သော ကျန်းမာရေး ရလဒ်များ ရရှိစေရန်နှင့် အနာဂတ် ကပ်ရောဂါများအတွက် အာဆီယံကို ကြိုတင်ပြင်ဆင်နိုင်ရန်၊ ကောင်းမွန်စွာ လေ့ကျင့်သင်ကြားထားသည့် ကျန်းမာသော

[1] ASEAN Comprehensive Recovery Framework (ACRF)
[2] Key priorities

ဝန်ထမ်းအင်အား လုံလောက်စွာ ပံ့ပိုးပေးခြင်းဖြင့် ကျန်းမာရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ၏ အရည်အသွေးကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အရေးပေါ်အခြေအနေများတွင် အစားအစာ ဘေးကင်းရေးနှင့် အာဟာရ အပါအဝင် ကျန်းမာရေးဆိုင်ရာ အရေးပေါ်တုံ့ပြန်မှုများကို ထိရောက်စွာလုပ်ဆောင်နိုင်ရန် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ၏ အရည်အသွေးကို မြှင့်တင်ရန် လိုအပ်ပါသည်။

**ကျယ်ပြန့်သော မဟာဗျူဟာ ၂ - ပြည်သူများ၏လုံခြုံရေးကို အားကောင်းစေခြင်း**

အာဆီယံသည် ကိုဗစ် ကပ်ရောဂါ ပြည်လည်ထူထောင်ရေးကာလနှင့် ထိုကာလနောက်ပိုင်းတွင် ပြည်သူများ၏ သက်သာချောင်ချိရေး ကိုအဓိကထားပြီး ပြည်လည် ထူထောင်ရေး မူဘောင်တစ်ခုကို ရေးဆွဲချမှတ်မည်ဟု ကတိကဝတ်ပြုပါသည်။ ဤ ကြိုးပမ်းအားထုတ်မှုများကို လမ်းညွှန်ရန် အတွက် ချက်ခြင်းဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများမှာ လူမှုကာကွယ်စောင့်ရှောက်မှု ကို မြှင့်တင်ခြင်း၊ ထိခိုက်လွယ်အုပ်စုများ အတွက် စားနပ်ရိက္ခာဖူလုံရေး နှင့် ဘေးကင်းရေး၊ အာဟာရပြည့်ဝရေး တို့ကို အဓိကထား လုပ်ဆောင်မည် ဖြစ်သည်။ ကပ်ရောဂါသည် ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများအပြင် လူသားအရင်းအမြစ် အပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိနိုင်ဖွယ်ရှိသည်။

အဆိုပါစိန်ခေါ်မှုများကိုကျော်လွှားရန်အတွက် ဒီဂျစ်တယ် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ရေး၊ အဆင့်မြင့်ပညာရေး သင်ကြားပို့ချပေးခြင်းအပြင် လုပ်ငန်းခွင်ကျွမ်းကျင်မှုမြှင့်တင်ခြင်း နည်းလမ်းများဖြင့် လုပ်ဆောင်သွားမည် ဖြစ်သည်။ အလုပ်သမားများ ကောင်းမွန်စွာ နေထိုင်နိုင်ရေးနှင့် လုပ်ငန်းခွင်အနာဂတ် တိုးတက်စေရန် အလုပ်သမားမူဝါဒများ ပိုမို အားကောင်းလာစေရန် လုပ်ဆောင်မည်ဖြစ်သည်။ ကပ်ရောဂါတုန့်ပြန်မှု တစ်လျှောက်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ တွင်လည်း ကျား-မ တန်းတူညီမျှမှုကို ဦးစားပေး ထည့်သွင်းဆောင်ရွက်သားမည် ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ကပ်ရောဂါလွန်ကာလ[3] ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ခံနိုင်ရည်ရှိသော ဒေသဝန်းကျင် ဖြစ်လာရန် ရည်ရွယ်ပြီး လူ့အခွင့်အရေးများကိုလည်း ကာကွယ်စောင့်ရှောက်ပေးသွားမည် ဖြစ်သည်။ အာဆီယံနိုင်ငံများ၏ ဈေးကွက် အရေးပါမှုအရ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကာလတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို လိုအပ်မည် ဖြစ်သည်။

**ကျယ်ပြန့်သော မဟာဗျူဟာ ၃ -** အာဆီယံဒေသအတွင်း ဈေးကွက်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေး ပေါင်းစည်းမှုအလားအလာ ကို မြှင့်တင်ခြင်းသည် အာဆီယံအတွင်းကုန်သွယ်မှု[4]နှင့် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မြှင့်တင်ကာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဈေးကွက်တစ်ခု အဖြစ် ထူထောင်ရန် အဓိကဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။ ဒေသတွင်းကုန်သွယ်မှုအပေါ် မှီခို အားထားနေရမှု နှင့် ပြင်ပလှုပ်ခတ်မှုများ[5] ကြောင့် အာဆီယံ၏ ထောက်ပံ့ရေးကွင်းဆက်ကြံ့ကြံ့ခံနိုင်ရန်[6]နှင့် ဒေသတွင်းကုန်ပစ္စည်းတန်ဖိုး ကွင်းဆက်များ[7] အားကောင်းစေရန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးမြှင့်ရန် လိုအပ်ပါသည်။ ကုန်ကျစရိတ်များ ကျဆင်း လာနေသော်လည်း အာဆီယံ၏ ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် လုံလောက်မှုမရှိပေ။ ထို့ကြောင့် ပြည်တွင်းဝယ်လိုအား ကို မြှင့်တင်ခြင်းနည်းလမ်းသည် ဒေသတွင်း ကိုဗစ်ကပ်ရောဂါ၏ သက်ရောက်မှုမှ ပြန်လည်ထူထောင်ရာတွင် ပိုမိုလိုအပ်ပါသည်။

တစ်ချိန်တည်းမှာပင် အာဆီယံဒေသတွင်း ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ပြီး ပိုမိုကျယ်ပြန့်သော အခွင့်အလမ်းများကို ဆုပ်ကိုင်ထားရန် လိုအပ်သည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဈေးကွက်ဖွင့်ထားရေး၊ လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုတားမြစ်ကန့်သတ်ချက်များကိုဖြတ်တောက်ခြင်း[8] နှင့် ကုန်သွယ်ရေးဆိုင်ရာ စာရွက်စာတမ်း

---

[3] Post-pandemic
[4] Intra-ASEAN trade
[5] External shocks
[6] Supply chain resilience
[7] Regional value chains
[8] Cutting down on non-tariff barriers

များကို ဒီဂျစ်တယ် အသွင် ကူးပြောင်းခြင်း အစရှိသည့် နည်းလမ်းများဖြင့် စီးပွားရေးပေါင်းစပ်မှုကို ထဲထဲဝင်ဝင်လုပ်ဆောင်ရန်နှင့် ထောက်ပံ့ရေး ကွင်းဆက်များကို စုစည်းရန် ပြန်လည်စဉ်းစားရမည်ဖြစ်သည်။ ကပ်ရောဂါဘေးဒဏ်ခံရသောကဏ္ဍများ ပြန်လည် ကောင်းမွန်လာစေရန် နှင့် လွယ်ကူ ချောမွေ့စေရန်အတွက် ပဏာမ ခြေလှမ်းအသစ်များ (ဥပမာ - လွတ်လပ်စွာခရီးသွားလာခြင်း[9]) ဖြင့် မြှင့်တင်သွားမည်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှုတို့ ပြန်လည်အားကောင်းလာစေရန် အခြေခံ အဆောက်အအုံများကို အကောင်းဆုံးအသုံးပြုခြင်း၊ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု[10] ကို မြှင့်တင်ပေးခြင်းနှင့် သက်ရောက်မှု ရှိသော ကဏ္ဍများ (ဥပမာ၊ ခရီးသွားလုပ်ငန်းနှင့် အသေးစား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) အစရှိသည်တို့ကို ပံ့ပိုးပေးခြင်းတို့ လုပ်ဆောင်သွားမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် ကပ်ရောဂါလွန်ကမ္ဘာသည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု[11] နှင့်အတူ ကမ္ဘာ့ဈေးကွက်များတွင် အာဆီယံ၏ ပူးပေါင်း ဆောင်ရွက်မှုကို မြင်တွေ့ရမည်ဖြစ်သည်။

အာဆီယံ၏ အနာဂတ်ပြန်လည်ထူထောင်ရေး မဟာဗျူဟာ၏ အဓိကအရေးပါသော အစိတ်အပိုင်းမှာ ဒေသတွင်း ဒီဂျစ်တယ် အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ခြင်းဖြစ်သည်။ အွန်လိုင်းဈေးဝယ်ခြင်းမှသည် အွန်လိုင်းမှ အလုပ်လုပ်ခြင်းလည်း ပါဝင်ပြီး မူးယစ်ဆေးဝါး ရှာဖွေမှုကို အရှိန်အဟုန်မြှင့်ခဲ့သည်အတွက် ဤ ကပ်ရောဂါ ကာလအတွင်း ဒီဂျစ်တယ်နည်းပညာများအသုံးပြုမှု တိုးတက်လာပုံကို သက်သေပြနေသည်။ အလားတူ နိုင်ငံများအား ဈေးကွက်သစ်များနှင့် မိတ်ဆက်ပေးခြင်း၊ လူသားတို့ အပြန်အလှန် ထိတွေ့မှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ထုတ်စွမ်းအား မြှင့်တင်မှုများကိုလည်း လုပ်ဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် **ကျယ်ပြန့်သော မဟာဗျူဟာ ၄** တွင် **အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ခြင်း** ဖြင့် ကိုဗစ်-၁၉ အလွန်ကာလတွင် လူ့အဖွဲ့အစည်းတိုးတက်စေရန်နှင့် စီးပွားရေးမြှင့်တင်ရန် ကြီးမားသော အခွင့်အလမ်းများကို ဆုပ်ကိုင်ထားရမည် ဖြစ်သည်။ အရေးကြီးသော ဦးစားပေးများထဲတွင် အီလက်ထရွန်းနစ်ကူးသန်းရောင်းဝယ်ရေး[12] နှင့် ဒီဂျစ်တယ် စီးပွားရေးကို မြှင့်တင်ခြင်းသည် အဓိကဖြစ်ပြီး အီလက်ထရွန်းအစိုးရ[13] နှင့် အီလက်ထရွန်းနစ်နည်းပညာသုံးဝန်ဆောင်မှုများ[14]၊ ဒီဂျစ်တယ်ချိတ်ဆက်မှု[15]၊ ပညာရေးတွင် အိုင်စီတီအသုံးပြုမှုနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ဒီဂျစ်တယ် အသွင်ပြောင်းရေးတို့သည်လည်း အရေးကြီးသည်။ ဒီဂျစ်တယ်အခြေခံအဆောက်အအုံများ[16] တွင် ရင်းနှီးမြှုပ်နှံခြင်းအပြင် ဒေတာအုပ်ချုပ်မှု[17]၊ ဆိုက်ဘာလုံခြုံရေး[18]၊ ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်[19] တို့နှင့် သက်ဆိုင်သည့် အခြား အရေးကြီးသော လိုအပ်ချက်များကိုလည်း လုပ်ဆောင်ရမည်ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း အာဆီယံ၏ အစီအစဉ်တွင် ဒီဂျစ်တယ် အသွင်ကူးပြောင်းမှု မြင့်မားလာသော်လည်း ကိုဗစ်-၁၉ ထက် ရေရှည်အကျိုးသက်ရောက်မှုရှိသည့် စတုတ္ထစက်မှုတော်လှန်ရေး ကာလကို အရှိန်အဟုန်မြှင့်တင်ရန် ဒီဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ မရှိမဖြစ် လိုအပ်သည်။

---

[9] Travel bubble
[10] Public-private partnership
[11] The Regional Comprehensive Economic Partnership (RCEP)
[12] e-commerce
[13] e-governments
[14] e-services
[15] Digital connectivity
[16] Digital infrastructure
[17] Data governance
[18] Cyber security
[19] Institutional capacity

ကပ်ရောဂါလွန်ကာလများတွင် အာဆီယံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ ကြံ့ကြံ့ခံနိုင်စွမ်းအား မြှင့်တင်ရာတွင် အမျိုးသားအဆင့်နှင့် ဒေသတွင်းအဆင့်များ၌ ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော မူဝါဒချမှတ်မှုကို မြှင့်တင်သွားမည် ဖြစ်သည်။

**ကျယ်ပြန့်သောမဟာဗျူဟာ ၅** ၌ ရေရှည်တည်တံ့ပြီး ပိုမိုခံနိုင်ရည်ရှိသော အနာဂတ်သို့ ချီတက်ခြင်းသည် ဒေသတွင်း သဘာဝ အရင်းအမြစ်များ ထိန်းသိမ်းရေး၊ လုံခြုံစိတ်ချရ၍ အားလုံးပါဝင်နိုင်သော **လူမှုအသိုက်အဝန်းစုဖွဲ့မှုတည်ဆောက်ရေး**[20] နှင့် ပြည်သူများ၏ သာယာဝပြောရေး စသည့် အာဆီယံ၏ ကတိကဝတ်များကို ထပ်လောင်း အတည်ပြုထားသည်။ ထို့ပြင် ကပ်ရောဂါလွန် ကာလတွင် အာဆီယံအနေဖြင့် ပုံမှန်စီးပွားရေးသို့ ပြန်လည် ရောက်ရှိရန် မဖြစ်နိုင်ကြောင်း အသိအမှတ် ပြုထားပြီး ရေရှည်တည်တံ့ပြီး ခံနိုင်ရည်ရှိသောအနာဂတ်အတွက် အာဆီယံအစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် သမားရိုးကျမဟုတ်သော အပြောင်းအလဲများကို ဖန်တီးရမည်ဖြစ်သည်။ ဤမဟာဗျူဟာ အောင်မြင်ရေး အတွက် ဦးစားပေးကဏ္ဍများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ စိုက်ပျိုးရေး၊ သဘာဝ ပတ်ဝန်းကျင်မထိခိုက်စေသည့် အခြေခံ အဆောက်အအုံများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကဏ္ဍတို့တွင် အာဆီယံအနေဖြင့် ရေရှည်တည်တံ့ ခိုင်မြဲမှု ရရှိရန် အဓိက အာရုံစိုက်သွားမည်ဖြစ်ပါသည်။

**အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် နှင့် အကောင်အထည်ဖော်ရေး အစီအစဉ်များ** အရ အားလုံးပါဝင်ပြီး ကြံ့ကြံ့ခံနိုင်ရန် အတွက် ခိုင်မာအားကောင်းသည့် နိုင်ငံရေးဆန္ဒ လိုအပ်သည်။ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ပြီး ကြံ့ကြံ့ခံနိုင်စွမ်းရှိလာစေရေးအတွက် လုပ်ဆောင်ရမည်မှာ အာဆီယံနိုင်ငံများအနေဖြင့် မဟာဗျူဟာကျသည့် စိန်ခေါ်ချက်များပင် ဖြစ်သည်။ အထူးသဖြင့် ကပ်ရောဂါသည် ဒေသတွင်းနိုင်ငံများ[21] အကြား အာဆီယံ ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို နောက်ပြန်လှည့်စေကာ ဆင်းရဲနွမ်းပါးမှု ကျယ်ပြန့်လာခြင်းနှင့်အတူ စီးပွားရေးမညီမျှမှုများတိုးလာခြင်း တို့ကြောင့် ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်း အားကောင်း လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းလာစေရန် လိုအပ်သည်။

အဆိုပါကိစ္စရပ်များကိုအဆုံးသတ်ရန်အတွက် (၁) မူဝါဒဆိုင်ရာ အစီအမံများနှင့် တုံ့ပြန်မှုများ၊ (၂) ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ စုစည်းခြင်း၊ (၃) အဖွဲ့အစည်းများနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ခိုင်မာစေခြင်း (၄) သက်ဆိုင်သူများ နှင့် ထိတွေ့ ဆောင်ရွက်မှု မြှင့်တင်ခြင်း (၅) ထိရောက်သော စောင့်ကြည့်အကဲဖြတ်ခြင်း အစရှိသည်တို့ကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။ အရင်းအမြစ်များ အနေဖြင့် အကန့်အသတ် ရှိပြီး အချိန်သည်လည်း အဓိက အရေးပါသည်။

ဘက်စုံပြန်လည်ထူထောင်ရေးကို ချဉ်းကပ်ရာတွင် အာဆီယံအနေဖြင့် လက်တွေ့ကျရန်အရေးကြီးသည်။ မလိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် စနစ်များကို ရှောင်ကျဉ်ရမည်ဖြစ်ပြီး ရလဒ်ဦးတည်ရန် လိုအပ်သည်။ အဆိုပါတိုးတက်မှုများသည် ပြန်လည်ထူထောင်ရေး ပုံရိပ်ကို အဆုံးအဖြတ်ပေးလိမ့်မည် ဖြစ်သည်။

ရှေ့သို့လှမ်းချီရာ၌ ကပ်ရောဂါဘေးမှ အပြည့်အဝပြန်လည်နာလန်ထူလာရန် ကိုဗစ်ကူးစက်ရောဂါကို ထိန်းချုပ်ရန် လိုအပ်ပါသည်။ ဦးဆောင်သူများနှင့် မူဝါဒချမှတ်သူများသည် ဖြေရှင်းချက်များ ရှာဖွေရာတွင် ပြည်သူများ၏ လူနေမှုဘဝနှင့် အသက်မွေး ဝမ်းကြောင်းများလုပ်ငန်းများကိုလည်း ဟန်ချက်ညီ ကိုက်ညီမှုရှိရန် ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်သည်။

---

[20] Social fabric
[21] ASEAN member states

၏ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်  မှအတည်ပြုထားသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် ကိုဗစ်-၁၉ ကို ကျော်လွှားရန်သာမက၊ အာဆီယံအား ပိုမိုကောင်းမွန်ပြီး ခံနိုင်ရည်ရှိသည့် အနာဂတ်ကို တည်ဆောက်ရန်ဖြစ်ပါသည်။ တီထွင်ဆန်းသစ်သောဖြေရှင်းနည်းများနှင့် အတွေးအမြင်သစ်များသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့် အာဆီယံ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုကို အထောက်အပံ့ဖြစ်စေသည်။ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေး မူဘောင်  နှင့် အကောင်အထည်ဖော်ရေးအစီအစဉ်သည် လမ်းညွှန်ချက်တစ်ခုသာဖြစ်ပြီး  မည်သို့ ဆောင်ရွက်မည်ဆိုသည် မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဆန္ဒနှင့် ကတိကဝတ်များ၊ ကဏ္ဍအသီးသီးရှိ သက်ဆိုင်သူများ၏ ပံ့ပိုးကူညီမှုများအပေါ်တွင် အဓိက မူတည်ပါသည်။

## အခန်း (၁)

## အာဆီယံဒေသတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းခြင်း

ကိုရိုနာဗိုင်းရပ်ရောဂါ (ကိုဗစ်-၁၉) ၏ မကြုံစဖူး ကူးစက်မှုအတိုင်းအတာသည် ကမ္ဘာကိုတုန်လှုပ်စေခဲ့သည်။ ကိုရိုနာဗိုင်းရပ်ရောဂါ ကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကပ်ရောဂါအဖြစ် ကြေညာပြီးနောက် ကမ္ဘာတဝှမ်းရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖောက်ထိုးမိုးမျှော် ဖြစ်သွားခဲ့ရသည်။ ထိုအထဲတွင် အာဆီယံသည်လည်း အပါအဝင်ပင် ဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ကိုဗစ်-၁၉ သည် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးအကြပ်အတည်းသာမက ကမ္ဘာ့စီးပွားရေး အကျပ်အတည်းလည်း ဖြစ်ကြောင်း သိရှိလာသည်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့အထိ၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ မှ ကိုဗစ်-၁၉ ကူးစက်ခံရမှု သည် ကမ္ဘာလုံးဆိုင်ရာ အတည်ပြုလူနာများ၏ ၂.၀%၊ သေဆုံးမှုသည် ကမ္ဘာလုံးဆိုင်ရာ သေဆုံးမှု၏ ၁.၉% ရှိကြောင်း သိရသည်။ အဆိုပါကိန်းဂဏန်းများသည် အခြားဒေသများနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်ဟု ဆိုနိုင်သော်လည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံအချို့တို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားပြီး အချို့တွင် နည်းပါးသည်။ စီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်ချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက် မြင့်တက်လာသည့် အခြေအနေကို ရုန်းကန်နေရဆဲဖြစ်ပြီး ထပ်မံကူးစက်နိုင်သည့် အလားအလာရှိသော နောက်ထပ်လှိုင်းများနှင့် ပတ်သက်၍ စိုးရိမ်မှုများ ရှိနေသည်။

ဒေသတွင်း ကုန်ကျစရိတ် မတူညီသော်လည်း ကိုဗစ်-၁၉ ၏ စီးပွားရေးအပေါ် သက်ရောက်မှုသည် သိသာထင်ရှားပြီး အလွန်တရာ ကျယ်ပြန့်သည်။ ကပ်ရောဂါစတင်ချိန်တွင် ပုံမှန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးရေးလမ်းကြောင်းများသည် ခရီးသွားလာမှု ဆိုင်ရာ ကန့်သတ်ချက်များကြောင့် ရပ်တန့်သွားခဲ့ပြီး ငွေကြေးဈေးကွက်ပါ ကျဆင်းသွားခဲ့သည့်အပြင် ဝယ်လိုအားလည်း မတည် မငြိမ် ဖြစ်လာခဲ့သည်။ ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်း[22] ကာလအတွင်း အာဆီယံအနေနှင့် လျင်မြန်စွာ ပြန်လည် ထူထောင်နိုင်ခဲ့သော်လည်း ၁၉၉၇ ခုနှစ် အကျပ်အတည်းမတိုင်မီ အနေအထားသို့ ပြန်လည်ရောက်ရှိရန် အချိန်ပိုကြာခဲ့သည်။ ယနေ့ ကာလ အကျပ်အတည်းကို ကြည့်လျှင် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပြန်လည်ထူထောင်ရေးသည် ကပ်ရောဂါ ဖြစ်ပွားပုံနှင့် ကပ်ရောဂါကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တိုးတက်မှုအပေါ်တွင် မည်ကဲ့သို့ သက်ရောက်မှုရှိသနည်း ဟူသည့် အချက်များ ပေါ်တွင် မူတည်နေသောကြောင့် အရာအားလုံးကို အတိအကျခန့်မှန်းရန်ခက်ခဲသည်။  ထို့ပြင် ၁၉၉၇ ခုနှစ်၊ အာရှဘဏ္ဍာရေးအကျပ်အတည်း နှင့် ၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာငွေကြေးအကြပ်အတည်း[23] တို့နှင့် မတူဘဲ၊ လက်ရှိအကျပ်အတည်းသည် ဒေသတွင်း စီးပွားရေး၏ ကုန်ထုတ်စွမ်းအား၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမှသည် ခရီးသွားလာရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများအထိ ဆိုးရွားစွာ ထိခိုက်စေခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် အဆိုပါကပ်ဘေးကြောင့် စီးပွားရေး ဆိုင်ရာ လှုပ်ခတ်မှုများကို ကြာရှည်စေခဲ့သည်။

[22] Asian Financial Crisis (AFC)
[23] Global Financial Crisis (GFC)

ပုံ ၁ တွင် အာရှဘဏ္ဍာရေး အကျပ်အတည်း နှင့် ၂၀၀၈ ခုနှစ် ကမ္ဘာလုံးဆိုင်ရာငွေကြေးအကြပ်အတည်း ကာလ အတွင်း အာဆီယံ၏ စီးပွားရေးပြန်လည်ဦးမော့လာမှုကို ကိုဗစ်-၁၉ အကျပ်အတည်းအတွက် မျှော်မှန်းချက်နှင့် နှိုင်းယှဉ်ပြထားပါသည်။ နောက်ဆုံး အခြေအနေတွင် ကုန်ထုတ်စွမ်းအားဆုံးရှုံးမှု၏ အတိုင်းအတာသည် သိသာထင်ရှားသော်လည်း မူဝါဒချမှတ်မှုပေါ် မူတည်၍ နိုင်ငံအလိုက် ကွဲပြားနိုင်သည်။ အလုပ်လက်မဲ့များ တိုးလာခြင်း၊ တရားမဝင် ကုန်သွယ်မှုများရှိလာခြင်း နှင့် ရင်းနှီးမြှုပ်နှံမှုများ လျော့နည်းလာခြင်း တို့ကြောင့် စီးပွားရေး ပြန်လည် ဦးမော့လာရန်အတွက် မသေချာသေးပေ။ ၂၀၂၁ ခုနှစ်တွင် အာဆီယံ စီးပွားရေး ပြန်လည်ဦးမော့လာသော်လည်း နိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုသည် ကိုဗစ်-၁၉ မတိုင်မီအဆင့်အောက်တွင်သာ ရှိနေမည်ဟု ခန့်မှန်းထားသည်။

Figure 1. Path of Economic Recovery




Source: Calculated by ASEAN Secretariat using quarterly data from International Monetary Fund, International Financial Statistics, World Economic Outlook, Asian Development Bank, Asian Development Outlook

**အာဆီယံအပေါ် အခြားအရာများနှင့်မတူသော အကျပ်အတည်းတစ်ခုဖြစ်သည့် ကိုဗစ်-၁၉ ၏ သက်ရောက်မှု**

အာဆီယံဒေသသည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ ၅.၃% ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၃.၈% သို့ ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားကာ ၂၂ နှစ်တာကာလအတွင်း ပထမဆုံးသော စီးပွားရေး ကျဆင်းမှုဖြစ်သည်။ (ပုံ 2a)။ အာဆီယံ အဖွဲ့ဝင်နိုင်ငံအများစုသည် ယခုနှစ်တွင်လည်း စီးပွားရေးကျဆင်းမှု ကြုံတွေ့ရဖွယ်ရှိပြီး အချို့နိုင်ငံများမှာ ပိုမိုဆိုးရွားနိုင်သည်။ အနည်းစုမှာ တိုးတက်မှုတုံ့ဆိုင်းသွားခြင်း သို့မဟုတ် အသင့်အတင့်သာ တိုးတက်ခြင်းတို့ ကြုံတွေ့ရနိုင်သည်။ ၂၀၂၀ ပြည့်နှစ် ပထမနှင့် ဒုတိယသုံးလပတ်များတွင်ရရှိထားသော ကိန်းဂဏန်း အချက်အလက်များက အဆိုပါဖြစ်နိုင်ချေကို ထောက်ပြထားသည်။ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့သည် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်ကာလအတွင်း ဂျီဒီပီ ဂဏန်းနှစ်လုံး စီးပွားရေး ကျုံ့သွားခဲ့သည်။ (ပုံ 2b)

## Figure 2. The Impact of COVID-19

a. Massive AMS's real GDP contraction in the 2nd Quarter of 2020

b. Covid-19 pandemic is likely to bring down AMS's per capita income




ရောဂါလက္ခဏာမပြဘဲ ကူးစက်မှုမြန်သော ကိုဗစ်-၁၉ ကပ်ရောဂါသည် သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သူများ၏ သေဆုံးမှုနှုန်းကို မြင့်တက်စေခဲ့ပြီး တင်းကြပ်သည့် ရောဂါထိန်းချုပ်ရေးမူဝါဒများကို တစ်ကမ္ဘာလုံးတွင် ချမှတ်စေခဲ့သည်။ ယင်းကြောင့် လုပ်ငန်းများပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ လုပ်ငန်းခွင်မဆင်းနိုင်ခြင်းတို့က ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ အနှောင့်အယှက်များ ဖြစ်ပေါ်စေပြီး ကုန်ထုတ်လုပ်မှုကို ကြီးမားစွာ သက်ရောက်မှု ဖြစ်ပေါ်စေခဲ့သည်။ ကပ်ရောဂါသည် ကမ္ဘာ့ ကုန်ထုတ်လုပ်မှု ဗဟိုချက်ဖြစ်သည့် အာဆီယံစီးပွားရေးလုပ်ငန်းများအပါအဝင် ထောက်ပံ့ရေးကွင်းဆက်များ[24] ၏ အားနည်းချက် ကို မီးမောင်းထိုးပြနေသည်။

၂၀၁၉ ခုနှစ်တွင် အာဆီယံ၏ စုစုပေါင်းကုန်သွယ်မှုတွင် ကုန်ကြမ်းနှင့် တစ်စိတ်တစ်ပိုင်းကုန်ချောများ၏ ပေါင်းစပ်ဝေစု[25] မှာ ၃၁.၇% အထိ ရှိပြီး ယင်းသည် ထောက်ပံ့ရေးကွင်းဆက်များ၏ ရှုပ်ထွေးသော ကွန်ရက်များအတွင်း အရောင်းအဝယ် ဖြစ်ခဲ့သည်။ ကပ်ရောဂါကြောင့် အဆိုပါထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်သွားပြီး အာဆီယ၏ ပွင့်လင်းသော ဈေးကွက်စီးပွားရေး ကိုလည်း ထိခိုက်စေခဲ့သည့်အပြင် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုနှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု[26] အလားအလာကို ကျဆင်းစေခဲ့သည်။ ယခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုပမာဏ ၉.၂% နှင့် ကမ္ဘာလုံးဆိုင်ရာ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ၄၀% အထိ ကျဆင်းမည် ဟု ခန့်မှန်းထားသည်။ အဆိုပါ အလားအလာများကြောင့် အာဆီယံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများလည်း ရပ်တန့်သွားဖွယ်ရှိသည်။

ပဏာမအချက်အလက်များကိုအခြေခံ၍ ၂၀၂၀ ပထမနှစ်ဝက်ကုန်တွင် အာဆီယံ၏ကုန်သွယ်မှုပမာဏသည် ၁၂.၄% ကျဆင်းခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၂.၉% ကျဆင်းခဲ့သည်။ ဒေသတွင်း၌ ကုန်သွယ်ရေးတင်းမာမှုများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါတို့ ကြာရှည်လာခြင်းကြောင့် ကုန်စည်စီးဆင်းမှု ကျဆင်းလာနိုင်သည်ဟု ယခုနှစ်တွင် ခန့်မှန်း ထားသည်။ ထို့ကြောင့် ပြန်လည်နာလည်ထူလာမည့် အလားအလာများ သည် ကပ်ရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ရုံသာမက ဒေသတွင်း ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံမှုများ အပေါ် အစိုးရများ၏ ပွင့်လင်းမြင်သာမှုတို့အပေါ်တွင်လည်း မူတည်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် ကမ္ဘာတစ်ဝှမ်းသို့ ဗိုင်းရပ်စ်ပျံ့နှံ့သွားပြီးနောက် လူမှုရေးကန့်သတ်ချက်များနှင့် နယ်စပ် ထိန်းချုပ်မှုများကို ပြဋ္ဌာန်းလိုက်ခြင်းကြောင့် ဒေသတွင်း ခရီးသွားလာမှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လက်လီ

[24] Supplies Chains
[25] Combined Share
[26] Foreign Direct Investment (FDI)

ရောင်းချမှုများ မေးမှိန်ခဲ့ရသည်။ ထို့ပြင် ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းအပေါ် အဓိကမှီခိုနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကပ်ရောဂါကြောင့် ဆုံးရှုံးမှုများကို ထပ်မံကြုံတွေ့ခဲ့ရသည်။ ယခုနှစ်အစတွင် အာဆီယံနိုင်ငံများအတွင်း ခရီးသွားလာမှုနှင့် လေယာဉ် ဆိုက်ရောက်မှု မြင့်တက်ခဲ့သော်လည်း မေလတွင်မူ ၀% (ပုံ 2c) နီးပါး ဖြစ်ခဲ့သည်။ ဇွန်လတွင် လေကြောင်းခရီးစဉ်များ ဖြည်းဖြည်းချင်း များပြားလာသော်လည်း နိုင်ငံတကာ ခရီးသွားများကို ပိတ်ထားဆဲ ဖြစ်သည် (ပုံ 2d)။ အာဆီယံစီးပွားရေးအတွက် ခရီးသွားလုပ်ငန်းသည် အရေးပါသည့် အလျောက် လုပ်ငန်းအများအပြား အထူးသဖြင့် အသေးစား၊ အလတ်စား လုပ်ငန်းများအပြင် ၎င်းတို့ပံ့ပိုးပေးနေသည့် စီးပွားရေး လုပ်ငန်းများအတွက် ကိုဗစ်-၁၉ ၏သက်ရောက်မှုမှာ သိသာထင်ရှားသည်။

c. Travel and tourism have been severely affected due to lockdown and border controls




d. in the aviation sector, passenger demand dropped significantly




ဒေသတစ်ဝှမ်းတွင် လုပ်ငန်းများ ပိတ်သိမ်းခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးခြင်းနှင့် မသေချာမရေရာမှုများ မြင့်မားလာခြင်းတို့ကြောင့် ကော်ပိုရိတ်နှင့်အိမ်ထောင်စုကြွေးမြီများ တိုးပွားလာနိုင်ပြီး အဆိုပါ လှုတ်ခတ်မှုများကို ထိန်းချုပ်နိုင်ရန် ဘဏ်လုပ်ငန်းကဏ္ဍတွင် ဘဏ္ဍာရေးစနစ်များ၏ စွမ်းဆောင်ရည်အပေါ်စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။ ကပ်ရောဂါမတိုင်မီကပင် ကုန်သွယ်ရေးတင်းမာမှုများကြောင့် အာဆီယံတွင် နိုင်ငံခြား ရင်းနှီးမြုပ်နှံမှုများသည် အတိုင်းအတာတစ်ခုသာ ရှိခဲ့ပြီး ကပ်ရောဂါနှင့် နောက်ဆက်တွဲ မသေချာ မရေရာမှုများနှင့်အတူ ဈေးကွက်များအတွင်း ရင်းနှီးမြုပ်နှံငွေများ ထိုးဆင်းသွားကာ ကပ်ရောဂါ စတင်ချိန်တွင် ဒေသတွင်းနိုင်ငံများ၌ ငွေလဲနှုန်းများ လျင်မြန်စွာကျဆင်းသွားခဲ့သည်။ အာဆီယံစတော့ဈေးကွက်များသည် ကိုဗစ်-၁၉ မတိုင်ခင်ကာလက အခြေအနေသို့ ပြန်လည် မရောက်ရှိ သေးသော်လည်း နောက်ပိုင်းတွင် ပြန်လည်ကောင်းမွန်လာခဲ့သည်။ (ပုံ 2e)။

e. The uncertainties brought about by the pandemic causing a dive in the stock markets




Source: IMF, Asian Development Bank, ASEAN Statistics; CEIC, Flight Radar and Trading Economic

ကိုဗစ်-၁၉ အကျပ်အတည်းသည် ကြီးမားသော အလုပ်အကိုင်ရှားပါးမှုမှတဆင့် ဝင်ငွေဖန်တီးနိုင်မှု အခွင့်အလမ်းများကို ဖြတ်တောက်ပြီး ဆင်းရဲမွဲတေမှုနှင့် မညီမျှမှုကို မြင့်တက်လာစေခဲ့သည်။ အစိုးရများသည် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စု များအပေါ် ကပ်ရောဂါ၏သက်ရောက်မှုကို တားဆီးရန်နှင့် ခုသာခံသာရှိစေရေး မူဝါဒနှင့် လှုံ့ဆော်မှုအစီအမံများကို အကောင် အထည်ဖော် ဆောင်ရွက်ခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများပိတ်သိမ်းခြင်းနှင့် ပြန်လည်ဆုတ်ခွာခြင်းကိုမူ မတားဆီးနိုင်ခဲ့ပေ။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်[27] က ၂၀၁၉ ခုနှစ်၏ ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ဒုတိယသုံးလပတ်တွင် လုပ်သားများ၏ အလုပ်ချိန် ၅.၄% ဆုံးရှုံးခဲ့ပြီး တတိယသုံးလပတ်တွင် ၁၄% အထိ ဆိုးရွားလာခဲ့သည်။ ၎င်းကိန်းဂဏန်းများသည် အချိန်ပြည့်အလုပ်အကိုင်နေရာ ၁၅၅ သန်း နှင့် သန်း ၄၀၀ တို့နှင့် ညီမျှသည်။ စနစ်မကျခြင်း၊ မမျှတသော လူမှုဖူလုံရေး စနစ်နှင့် အချို့သောအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အလုပ်သမားသုံးစွဲမှု များပြားသော ကဏ္ဍများအပေါ် ဖွဲ့စည်းပုံအရ မှီခိုနေရခြင်း စသည်တို့ကြောင့် အာဆီယံသည် ပိုမိုထိခိုက်လွယ်ခဲ့သည်။ အဆိုပါအခြေအနေများကြောင့် ၂၀၂၀ ပြည့်နှစ် ဒုတိယသုံးလပတ်တွင် အာဆီယံတလွှား အလုပ်လက်မဲ့နှုန်း မြင့်တက်လာခဲ့သည်။ (ပုံ 2f) လတ်တလောကာလတွင် ကပ်ရောဂါသည် လူနေမှုဘဝ နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သိသာထင်ရှားသော ရိုက်ခတ်မှုများ ရှိနေပြီး ကပ်ရောဂါ တာရှည်နေပါက လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျားမ တန်းတူညီမျှရေး နှင့် စွမ်းဆောင်ရည်မြင့်မားရေးတို့အပါအဝင် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင်လည်း သက်ရောက်မှုများ ရှိနိုင်သည်။

f. The economic crisis created by the pandemic has left many people jobless




Source: IMF, Asian Development Bank, ASEAN Statistics; CEIC, Flight Radar and Trading Economic

**အာဆီယံအနေဖြင့် ကပ်ရောဂါကိုတုံ့ပြန်ရန် နိုင်ငံအဆင့် ရည်ရွယ်ထားသည့် လုပ်ဆောင်ချက်များ**

ကပ်ရောဂါကာလအတွင်း အခက်အခဲများကြားမှ အာဆီယံနိုင်ငံများသည် ထိရောက်သည့် အစီအမံများချမှတ်ပြီး လျင်မြန်စွာ တုံ့ပြန်ခဲ့သည်။ ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်ခြင်း နှင့် ခရီးသွားလာမှုဆိုင်ရာ အကန့်အသတ်များ ပေါ်ပေါက်လာသော အခါ ပထမဆုံးအရေးပေါ်တုံ့ပြန်မှုအနေဖြင့် ငွေဖြစ်လွယ်မှုဆိုင်ရာငွေကြေးမူဝါဒများ ချမှတ်ခဲ့သည်။ သို့သော်လည်း ရောဂါ ဖြစ်ပွားမှုသည် ကပ်ရောဂါအဆင့်သို့ ရောက်ရှိလာပြီး ဆိုးရွားသောသက်ရောက်မှုများ ဖြစ်လာသည်နှင့်အမျှ အစိုးရများသည် ကျန်းမာရေးကဏ္ဍ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ စီးပွားရေးအပေါ် သက်ရောက်မှုများကို တွန်းလှန်နိုင်ရန် ပိုမို အားကောင်းသော ဘဏ္ဍာရေးဆိုင်ရာ လှုံ့ဆော်မှုနှင့် ကဏ္ဍအလိုက် ဦးတည်သည့် တုံ့ပြန်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်း၊ အသေးစား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဝင်ငွေနည်းပါးသည့် အိမ်ထောင်စုများ ကဲ့သို့သော ထိခိုက်လွယ်သည့် ကဏ္ဍများကို ဦးတည်ဆောင်ရွက်ခဲ့သည်။

[27] International Labour Organization (ILO)

ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ငွေကြေးလည်ပတ်မှုမြန်ဆန်စေမည့် လှုံ့ဆော်ရေး အစီစဉ်များ၊ ငွေကြေးဆိုင်ရာမူဝါဒနှင့် ဘဏ္ဍာရေးဆိုင်ရာအစီအမံများ၊ ကဏ္ဍအလိုက်အစီအမံများနှင့် ဝင်ရောက် ဆောင်ရွက်ချက် များ ပြုလုပ်ခဲ့သည်။ အဆိုပါ နှိုးဆွမှုအစီအစဉ်များသည် စီးပွားရေး ပြန်လည် ထူထောင်ရေးအတွက် လာမည့်နှစ် အနည်းငယ် အတွင်း စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်များနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဆက်လက် တည်တံ့စေမည် ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကတည်းက မကြုံစဖူးသည့် အတိုင်းအတာဖြင့် စီးပွားရေးနှိုးဆွမှုအစီအစဉ်များကို ဖြန့်ကျက်ခဲ့သည်။ ထိရောက်မှုသည် ငွေပေးချေမှုနှင့် လျော်ညီအောင် သုံးစွဲနိုင်စွမ်း တို့အပေါ် မူတည်နေသော်လည်း၊ ကြေငြာထားသည့် ပမာဏသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် စုစုပေါင်း အမေရိကန် ဒေါ်လာ ၃၉၇.၄ ဘီလီယံ သို့မဟုတ် ၂၀၁၉ ခုနှစ် ဒေသတွင်း GDP ၏ ၁၂.၅% ခန့်ရှိသည်။ ကိုဗစ်-၁၉ ၏ သက်ရောက်မှုကို တုံ့ပြန်နိုင်ရန် လှုံ့ဆော်မှုအစီအစဉ်များ ပြုလုပ်ခဲ့သော်လည်း၊ အာဆီယံနိုင်ငံအများစုသည် ၂၀၂၀ ပြည့်နှစ်တွင် ဆိုးရွားသော စီးပွားရေး ကျဆင်းမှုများနှင့် ရင်ဆိုင်ရမည်ဟု အထောက်အထားများက ညွှန်ပြနေသည်။ ပို့ကုန်နှင့် ခရီးသွားလုပ်ငန်းများတွင် ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် စားသုံးသူများအပါအဝင် ထုတ်လုပ်သူများလည်း ထိခိုက်လာမည်ဖြစ်သည်။ ကိုဗစ်-၁၉ ပျံ့နှံ့လွယ်မှု နှင့် ဒေသတွင်းအပြန်အလှန်ကူးလူးဆက်ဆံမှုများကြောင့် ထိရောက်စွာထိန်းချုပ်ရန်နှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများ လုပ်ဆောင်ရာတွင် အနီးကပ်ညှိနှိုင်းမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် အရေးကြီးသည်။

**ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းထားသော ဒေသတွင်း တုန့်ပြန်ဆောင်ရွက်မှုများ**

ကိုဗစ်- ၁၉ စတင်ဖြစ်ပွားချိန်မှစ၍ ကပ်ရောဂါကိုကျော်လွှားရန်အတွက် နိုင်ငံရေးအရ တုန့်ပြန်ရန် အာဆီယံခေါင်းဆောင်များနှင့် မူဝါဒချမှတ်သူများသည် သက်ဆိုင်သူအသီးသီးနှင့် ပူးပေါင်းကာ အကျပ်အတည်းကို ဖြေရှင်းနိုင်ရေး ဆွေးနွေးခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့၌ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကြီးတန်းအရာရှိများအစည်းအဝေး[28] တွင်တင်ပြခဲ့သော အဆုတ်ရောင်ရောဂါဖြစ်ပွားမှု ပထမအစီရင်ခံစာ ကို လက်ခံရရှိခဲ့ပြီးနောက် ဒေသတွင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို စုစည်းကာ တရုတ်၊ ဂျပန်နှင့် ကိုရီးယား သမ္မတနိုင်ငံတို့နှင့်ပူးပေါင်းလျက် ကပ်ရောဂါကာကွယ်ရေးအတွက် ဒေသတွင်း ကြိုတင်ပြင်ဆင်မှုနှင့် တုန့်ပြန်ဆောင်ရွက်မှုများကို စတင် ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေး၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးကိစ္စရပ်များ၌ ရှေ့ဦးစွာ ထုတ်ပြန်သည့် ကြေညာချက်များစွာတွင် ဖော်ပြထားသည့် အတိုင်း အာဆီယံသည် ကပ်ရောဂါကို လျင်မြန်စွာ တုံ့ပြန်ခဲ့သည်။ ယင်းနောက် စိုက်ပျိုးရေး၊ ပညာရေး၊ အလုပ်သမားရေး၊ လူမှုဖူလုံရေး၊ ခရီးသွားလုပ်ငန်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး စသည့် ကဏ္ဍအလိုက် ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့သည်။ သက်ဆိုင်ရာကဏ္ဍအလိုက် အဖွဲ့အစည်းများသည် ကပ်ရောဂါကို အတူတကွရင်ဆိုင်ရန် ကတိပြုထားသည်။ ဥပမာအားဖြင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ တုံ့ပြန်မှုများအပြင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဈေးကွက်ဖွင့်ထားရန်၊ အစားအစာ၊ ဆေးဝါး၊ ဆေးဘက်ဆိုင်ရာ ထုတ်ကုန်များ အပါအဝင် အခြား မရှိမဖြစ် လိုအပ်သော ကုန်ပစ္စည်းများ ချောမွေ့စွာ စီးဆင်းစေရန် အာဆီယံအနေဖြင့် သဘောတူထားသည်။ ကိုဗစ်-၁၉ ၏

[28] Senior Officials Meeting for Health Development (SOMHD)

သက်ရောက်မှုသည်ကျယ်ပြန့်လှသောကြောင့်[29] အာဆီယံအသိုက်အဝန်းတစ်ခုလုံး[30]မှ ကိုင်တွယ်ဖြေရှင်းရန် အရေးပါကြောင်း အစောပိုင်းကာလကတည်းကပင် အာဆီယံက အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် အာဆီယံပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေဆိုင်ရာညှိနှိုင်းရေးကောင်စီ[31] (ACCWG-PHE) ကို အာဆီယံမဏ္ဍိုင်သုံးရပ်လုံးမှ ကိုယ်စားပြု၍ အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ[32] (ACC) အား ပံ့ပိုးကူညီရန်အတွက် ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် အာဆီယံသည် အခြားသော နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှု၊ သတင်းအချက်အလက်မျှဝေမှု၊ ဆေးဘက်ဆိုင်ရာ တိုးတက်မှုများနှင့် ကူးစက်ရောဂါဆိုင်ရာ ကိစ္စရပ်များအတွက် နမူနာကောင်းများ၊ စီးပွားရေး ကြံ့ကြံ့ခံနိုင်မှုမြှင့်တင်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တို့တွင်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ကပ်ရောဂါကိုတုန့်ပြန်ရာတွင် အာဆီယံသည် ကပ်ရောဂါ၏လူမှုစီးပွားရေးဆိုင်ရာသက်ရောက်မှုများကို လျော့ပါးစေရန် ခိုင်မာသော နိုင်ငံရေး ကတိကဝတ်ဖြင့် လျင်မြန်စွာ ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ပြီး (ပုံ ၃) ကိုဗစ်-၁၉ တုန့်ပြန်မှုဆိုင်ရာ ရန်ပုံငွေကိုလည်း ထူထောင်ခဲ့သည်။ အလားတူပင် ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေများအတွက် အာဆီယံဒေသတွင်း ဆေးဘက်ဆိုင်ရာရန်ပုံငွေနှင့် အာဆီယံ မဟာဗျူဟာမူဘောင်ကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်မှု စွမ်းရည်မြှင့်တင်ရန် ရည်ရွယ် ရေးဆွဲလျက်ရှိသည်။ အာဆီယံသည် ဒေသတွင်းခံနိုင်ရည်အားမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် အကြပ်အတည်းကို မဟာဗျူဟာမြောက်တုံ့ပြန်ရန် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို စတင်လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ကပ်ရောဂါ၏ သက်ရောက်မှုများကြောင့် ဤမကြုံစဖူး အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရာတွင် ဒေသတွင်းသာမက ပြင်ပတွင်ပါလုပ်ဆောင်ရန်လိုအပ်ကြောင်း အာဆီယံအနေဖြင့် အသိအမှတ် ပြုသည်။ ဤနေရာတွင် အာဆီယံနိုင်ငံများအကြား ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသပြင်ပရှိမိတ်ဖက်များသည် အရေးကြီးလာပါသည်။ ဒေသတွင်း ကပ်ရောဂါကို ကျော်လွှားရန်မှာ ဦးစားပေးဖြစ်သော်လည်း ပြီးပြည့်စုံသော ပြန်လည် ထူထောင်ရေး အစီအစဉ်သည်လည်း အလွန်အရေးကြီးသည်။ အာဆီယံအနေဖြင့် ယခင်က ရင်ဆိုင်ခဲ့ရသည့် အကျပ်အတည်းများ ကဲ့သို့ပင် ယခုအကျပ်အတည်းကိုလည်း ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်သည်။ အကျပ်အတည်းမှ အားကောင်းစွာ ရုန်းထွက် လာနိုင်ရန် အာဆီယံသည် လက်ရှိအားနည်းချက်များကို ဖြေရှင်းရုံသာမက ကပ်ရောဂါကြောင့် ရရှိလာသော အခွင့်အလမ်းများ ကိုလည်း ဆုပ်ကိုင်ထားရမည် ဖြစ်ကာ ထိုသို့ဖြစ်စေရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအပေါ် မူတည်သည်။ ထို့ကြောင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်သည် ကိုဗစ်-၁၉ အကျပ်အတည်းကို ခံနိုင်ရည်ရှိပြီး အာဆီယံကို ခိုင်မာ အားကောင်း လာစေရန်အတွက် စုစည်းထားသော ထွက်ပေါက် မဟာဗျူဟာ တစ်ရပ်ဖြစ်သည်။

[29] multidimensional and expansive

[30] whole-of-ASEAN-community

[31] the ASEAN Coordinating Council Working Group on Public Health Emergencies (ACCWG-PHE)

[32] the ASEAN Coordinating Council (ACC)

ပုံ (၃)၊ ကိုဗစ်-၁၉ အပေါ် အာဆီယံ၏ တုန့်ပြန်ဆောင်ရွက်မှု အကျဉ်းချုပ်

- ဈေးကွက်များ ဖွင့်လှစ်ထားရှိရန် ကတိကဝတ်နှင့် မရှိမဖြစ်လိုအပ်သော ကုန်စည်များ အတွက် ကုန်စည်စီးဆင်းမှု သေချာစေခြင်း
- အရေးပေါ်ဆေးဘက်ဆိုင်ရာ ထောက်ပံ့နိုင်ရေးအတွက် ဒေသတွင်း အရန်ထားရှိမှုကို တိုးတက်စေခြင်း
- ကိုဗစ်-၁၉ ကပ်ရောဂါ တုန့်ပြန်ရေး အာဆီယံရန်ပုံငွေကို ထူထောင်ခြင်း
- အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ် ကိစ္စရပ်များ အတွက် စံလုပ်ထုံးလုပ်နည်းများကို သတ်မှတ်ခြင်း
- ပြီးပြည့်စုံသော အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို ဖော်ဆောင်ခြင်း

အရင်းအမြစ် - အာဆီယံအတွင်းရေးမှူးချုပ်ရုံး

## အခန်း ၂

### ပြန်လည်ထူထောင်ရေး လုပ်ဆောင်ချက်များအတွက်မူဘောင်

အာဆီယံစီးပွားရေး၏ အပြန်အလှန်ဆက်နွယ်မှုကြောင့် ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ထူထောင်ရေးကို နိုင်ငံအလိုက် ထိန်းချုပ်၍ မရနိုင်ပေ။ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် ကိုဗစ်-၁၉ ကို ကျော်လွှားပြီး လူမှုစီးပွားသက်ရောက်မှုများကို လျော့ချ နိုင်မှ သာလျှင် အာဆီယံသည် အမှန်တကယ် ပြန်လည်ထူထောင်နိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကို တုံ့ပြန်ရာတွင် အာဆီယံသည် လျင်မြန်သော်လည်း ကပ်ရောဂါ၏ သက်ရောက်မှုသည် ကျယ်ပြန့်သလောက် အချိန်ကြာနိုင်သည့်အတွက် ဒေသအတွင်း အပြန်အလှန် အားဖြည့်ကူညီပေးရန် လိုအပ်သည်။ ဒေသတွင်း ပြန်လည် ထူထောင်ရေးအတွက် ကြိုးပမ်းရာတွင် ဟိုတစ်စဒီတစ်စ ချဉ်းကပ်မှုဖြင့်မဟုတ်ဘဲ ပြတ်သားသောအမြင်၊ မဟာဗျူဟာများနှင့် လုပ်ဆောင်မှုအစီအစဉ်များ ပါဝင်သော ပြီးပြည့်စုံသည့် မူဘောင်တစ်ခုဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ကျင်းပသည့် ၃၆ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များ၏ လုပ်ပိုင်ခွင့် နှင့်အညီ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်ကို ရေးဆွဲခဲ့သည်။ အဆိုပါ မူဘောင်သည် အာဆီယံဒေသအတွင်း ကိုဗစ်-၁၉ မှ ပြန်လည်နာလန်ထူရေးအတွက် မဟာဗျူဟာလမ်းညွှန်ချက်များနှင့် အဓိကဦးစားပေးရမည့် ကဏ္ဍများကို လမ်းညွှန် ပေးထားသည်။ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများတွင် ပံ့ပိုးကူညီရန် ပြည်တွင်း ပြည်ပ ပါဝင် ပတ်သက်သူများနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်သည်။ မူဘောင်သည် ဒေသတွင်း ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ထူထောင်နိုင်စေရန် ရည်ရွယ်ပြီး အဓိကကျသော ချဉ်းကပ်မှုနည်းလမ်းများကို လမ်းညွှန်ပေးမည်ဖြစ်သည်။

### ပြန်လည်ထူထောင်ရေးမူဘောင်၏ ရည်ရွယ်ချက်များ

ပြန်လည်ထူထောင်ရေးမူဘောင်သည် ကပ်ရောဂါဘေးမှပြန်လည်နာလန်ထနိုင်ရန်အတွက် အာဆီယံ၏ ထွက်ပေါက် မဟာဗျူဟာ ဖြစ်သည်။ ကပ်ရောဂါကြောင့် ထိခိုက်မှုအများဆုံးခံရသော ကဏ္ဍများနှင့် ထိခိုက်လွယ်အုပ်စုဝင်များကို အဓိကဦးစားပေးရန် အာဆီယံ၏ အဆင့်ဆင့်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အတိအကျဖော်ပြရန် ရည်ရွယ်သည်။ ထို့အပြင် အလုံးစုံပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် ကဏ္ဍအလိုက်နှင့် ဒေသဆိုင်ရာ ဦးစားပေးဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ထားသည်။ အာဆီယံရိပ်မြုံမျှော်မှန်းချက် ၂၀၂၅ နှင့်

၎င်းအလွန်ကာလတွင် ပိုမိုခံနိုင်ရည်ရှိပြီး အားလုံးပါဝင်သည့် ရေရှည် တည်တံ့သော ပြန်လည်ထူထောင်ရေးကို တည်ဆောက်ရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် ကဏ္ဍ အသီးသီးမှ သက်ဆိုင်သူများ အကြား ပေါင်းစပ် ညှိနှိုင်းကာ ပံ့ပိုးကူညီရန် ရည်ရွယ်သည်။

**လမ်းညွှန်အခြေခံမှုများ**

အလုံးစုံပြန်လည်ထူထောင်ရေးလမ်းကြောင်းကို ဖော်ဆောင်ရာတွင် ဒေသတွင်း မည်သို့ပြန်လည်ထူထောင်မည်ကို မျှော်မှန်း ထားကြောင်းနှင့် အချိန်နှင့်အမျှ ဆင့်ကဲပြောင်းလဲလာမှုကို ရှင်းလင်းတင်ပြနိုင်ရန် အရေးကြီးသည်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်သည် ဒေသတွင်းရှိ လူတိုင်းကို အခြေခံရမည့်အပြင် ရေရှည်တည်တံ့ပြီးအကျိုးရှိရန်လိုအပ်သည်။ ထို့ကြောင့် အာဆီယံ ဘက်စုံ ပြန်လည် ထူထောင်ရေး မူဘောင်တွင် အဓိကကျသော အခြေခံမှုများစွာကို ချမှတ်ထားသည်။

ပထမဦးစွာ အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်ကို ဦးတည် ဆောင်ရွက်မည်ဖြစ်သည်။ ၎င်း မူဘောင်သည် အာဆီယံ အသိုက်အဝန်းတည်ဆောက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေး အစီအစဉ်တစ်ခုလုံးအတွက် အကျုံးဝင်မည် မဟုတ်သော်လည်း၊ ကိုဗစ်-၁၉ မှ ပြန်လည်ထူထောင်ရေးကို ပံ့ပိုးပေးရန်အတွက် ကျယ်ပြန့်သော မဟာဗျူဟာများနှင့် အဓိကကဏ္ဍများကို ဦးစားပေး ဆောင်ရွက်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းမူဘောင်သည် အာဆီယံဒေသတွင်းရှိ အမျိုးမျိုးသော လုပ်ငန်းစဉ်များကို ပေါင်းစည်းရုံမျှ မကဘဲ ဦးစားပေး အရှိန်မြှင့်တင်ရန် သို့မဟုတ် မီးမောင်းထိုးပြရန် လိုအပ်သည့် ကနဦးအစီအစဉ်များ သို့မဟုတ် အဆိုပြုချက်များကို ထင်ဟပ်စေမည် ဖြစ်သည်။ ဒုတိယအနေဖြင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် သည် ပြည်သူများ၏ လူနေမှုဘဝ နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို ဟန်ချက်ညီစေမည် ဖြစ်သည်။ ဆိုလိုသည်မှာ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အတွက် ပြည်သူ့ကျန်းမာရေး၊ သာတူညီမျှရေး၊ လုံခြုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး တို့တွင်အသုံးပြုရန် သတ်မှတ်ထားသည့် အသုံးစရိတ်များကို မသုံးသင့်ပေ။ တစ်ချိန်တည်းမှာပင် ဗိုင်းရပ်စ်ပိုးကိုထိန်းချုပ်ရန် လုပ်ဆောင်ချက်များတွင် ကူးစက်ခံခဲ့ရသူများ၊ အထူးသဖြင့် လူ့အဖွဲ့အစည်း၏ ထိခိုက်လွယ်သော ကဏ္ဍများကို ထည့်သွင်းစဉ်းစားကာ စနစ်တကျထိရောက်အောင် လုပ်ဆောင် ရမည်ဖြစ်သည်။ အရင်းအမြစ်လိုအပ်ချက်နှင့် အကျိုးသက်ရောက်မှုအပေါ် ဘက်မျှစေရေး ချိန်ညှိရန်လိုအပ်သည်။

တတိယအနေဖြင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် သည် သက်ဆိုင်သူများ၏ မျှော်မှန်းချက်များနှင့် ကိုက်ညီသော ရေရှည်တည်တံ့သောရလဒ်များကို ရရှိစေရန် ကြေညာချက်များသာ ထုတ်ပြန်နေခြင်းထက် ပိုမိုအကျိုးသက်ရောက်မှု ရှိစေသည့် မဟာဗျူဟာများနှင့် လုပ်ငန်းများကို ဦးတည်ဆောင်ရွက်မည် ဖြစ်သည်။ အရင်းအမြစ်နှင့် အချိန်ကန့်သတ်ချက် တို့ကြောင့် ဦးစားပေးလုပ်ဆောင်ရမည့်ကဏ္ဍများကို သတ်မှတ်ထားသည်။ ထို့ကြောင့် အဆိုပါမူဘောင်သည် ပြန်လည် ထူထောင်ရေး အတွက် အကျိုးသက်ရောက်မှုအများဆုံးဖြစ်စေမည့် မဟာဗျူဟာများနှင့် ဦးစားပေးအရာများအပေါ်တွင် အဓိက အာရုံ စိုက်မည်ဖြစ်သည်။ အရင်းအမြစ်များ စုစည်းရာ၌ ခိုင်မာသော နိုင်ငံရေး ထောက်ခံအားပေးမှုနှင့် ပါဝင်မှုတို့ လိုအပ်မည် ဖြစ်သည်။

စတုတ္ထအနေဖြင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို ချဉ်းကပ်ရာ၌ လက်တွေ့ကျရန် အရေးကြီးပြီး လုပ်ဆောင်ချက်များ မထပ်စေရေးနှင့် အကျိုးသက်ရောက်မှုရှိစေရေးတို့ကို ဦးစားပေးရမည်ဖြစ်သည်။ ထိုအစား မိတ်ဖက်များတွင် ရှိပြီးဖြစ်သည့် အစီအစဉ်များနှင့် လိုက်လျောညီထွေဖြစ်ရန် လိုအပ်သည့်အပြင် အာဆီယံ၏ ယန္တရားများ၊ ကနဦး လုပ်ဆောင်ချက်များ နှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို အရှိန်မြှင့်၍ ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာလျှင် သတ်မှတ်ထားသော မဟာဗျူဟာများနှင့် ဦးစားပေးလုပ်ဆောင်ရမည့်ကဏ္ဍများ ကို အလွယ်တကူ အကောင်အထည် ဖော်နိုင်မည် ဖြစ်သည်။

ပဉ္စမအချက်အနေဖြင့် အာဆီယံအလုံးစုံပြန်လည်ထူထောင်ရေးမူဘောင် ရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်မှုတွင် အားလုံး ပါဝင်နိုင်ရေးကို ဦးတည်ရမည်ဖြစ်ပြီး ကပ်ရောဂါသက်ရောက်မှု အခံရဆုံးသော ထိခိုက်လွယ်အုပ်စုများနှင့် ကဏ္ဍများကိုလည်း အသိအမှတ်ပြုသင့်ကာ ကွာဟမှုနှင့် မညီမျှမှုများကို မဖြစ်ပေါ်စေဘဲ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းအားလုံး ပါဝင်ပြီး အကျိုး ပြုရမည်ဖြစ်သည်။ ဤနည်းအားဖြင့် အနာဂတ်တွင် အားလုံး ပါဝင်ပြီး ခံနိုင်ရည်ရှိသော ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် မည်သူမျှ နောက်ကျကျန်ခဲ့နေမည် မဟုတ်ပါ။

နောက်ဆုံးအနေဖြင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်ရာတွင် တိုင်းတာနိုင်သော အစပျိုး ဆောင်ရွက်မှုများ သို့မဟုတ် အစီအစဉ်များပေါ်တွင် အခြေခံရမည်ဖြစ်ကာ တိုးတက်မှုကို အချိန်အခါအလိုက် စောင့်ကြည့် အကဲဖြတ်ရပါမည်။ လိုအပ်လာပါက သင့်လျော်သလို ပြုပြင်ပြောင်းလဲနိုင်ရန် ခွင့်ပြုထားသင့်သည်။

## ဘက်စုံ ပြန်လည်ထူထောင်ရေးဆီသို့ချဉ်းကပ်ခြင်း

အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်သည် ကပ်ရောဂါလွန်ကာလတွင် အာဆီယံဗဟိုပြုမှု ခိုင်မာစေရန် အသိုက်အဝန်း တစ်ခုလုံးကို ချဉ်းကပ်မည် ဖြစ်သည်။ ဆိုလိုသည်မှာ မူဘောင်သည် ကိုဗစ်-၁၉ ၏ ဘက်ပေါင်းစုံ အကျိုးသက်ရောက်မှုကို သိရှိပြီး အာဆီယံမဏ္ဍိုင်သုံးရပ်မှတစ်ဆင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို လွှမ်းခြုံမည်ဖြစ်သည်။ ကိုဗစ်ကပ်ရောဂါသည် ပြည်သူ့ ကျန်းမာရေးအကျပ်အတည်းမှသည် ကျယ်ပြန့်သော လူမှုစီးပွားအကျပ်အတည်းသို့ မြန်မြန်ဆန်ဆန် ဖြစ်ပေါ်လာစေခဲ့ကြောင်း သက်သေပြနေသည်။ ထို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာတွင် ကဏ္ဍအလိုက်နှင့် အစီအစဉ်များကို ပေါင်းစပ်ညှိနှိုင်း ပြီး မဏ္ဍိုင်သုံးရပ်ရှိ ပံ့ပိုးကူညီမှုများကို ဖိတ်ခေါ်လျက် အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။ ထို့ပြင် မူဘောင်သည် ပုဂ္ဂလိကကဏ္ဍနှင့် ဆွေးနွေးမှုမိတ်ဖက်များကဲ့သို့သော ဒေသပြင်ပရှိလုပ်ဖော်ကိုင်ဖက်များထံမှ ပံ့ပိုးကူညီမှုများကို ဖိတ်ခေါ်ရန် ရည်ရွယ်ထားသည်။ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်သည် ကိုဗစ်-၁၉ နောက်ပိုင်း ဒေသတွင်းနှင့် ကမ္ဘာ တဝန်းလုံးတွင် အာဆီယံ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးမည် ဖြစ်သည်။

ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် ကျယ်ပြန့်သော မဟာဗျူဟာများနှင့် အဓိကဦးစားပေးဆောင်ရွက်ရမည့် လမ်းညွှန်ချက်များကို အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်တွင် ရှင်းလင်းစွာ ပြဌာန်းထားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့် ဘုံရည်မှန်းချက်များ အောင်မြင်စေရေး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးသည်။ ကျယ်ပြန့်သော မဟာဗျူဟာများနှင့် အဓိကဦးစားပေးလုပ်ငန်းများကို အထောက်အကူ ပြုရန် လက်ရှိ သို့မဟုတ် စီစဉ်ထားသည့်လုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်းသည် နောက်ဆက်တွဲ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် အစပြုမှုများ အတွက်လည်း ဘောင်ခတ်ထားသည်။

ရည်ရွယ်ချက်များ ထိရောက်မှုရှိစေရန်အတွက် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဆိုင်ရာ တုံ့ပြန်ရေးနှင့် စီးပွားရေးနာလန်ထူရေးတို့အတွက် အစီအမံများကို သင့်လျော်သလို ဖြည့်စွက်နိုင်ပြီး ၎င်းသည် အာဆီယံ၏ အားလုံးပါဝင်နိုင်ရေးနှင့် မိတ်ဖက်ဆက်ဆံရေးစိတ်ဓါတ်နှင့်လည်း ကိုက်ညီသည်။ အာဆီယံသည် ၎င်းကိုယ်တိုင်အပြင် မိတ်ဖက်များနှင့် အတူရေးဆွဲထားသည့် အစီအစဉ်များကိုလည်း အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင် ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ထည့်သွင်းစဉ်းစားထားသည်။ တစ်ချိန်တည်းမှာပင် အာဆီယံပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ဒေသတွင်း နိုင်ငံများ၏ ကိုယ်ပိုင်အစီအစဉ်များတွင် ထည့်သွင်းပေးခြင်းဖြင့် ပံ့ပိုးပေးနိုင်သည်။ အဓိက အချက်မှာ လွတ်လပ်စွာခရီးသွားလာရေးအစီအစဉ် ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်းအပြင် အာဆီယံပြင်ပနိုင်ငံများနှင့်

အပြန်အလှန် ခရီးသွားလာရေးဆိုင်ရာအတွေ့အကြုံများကို ဖလှယ်ခြင်းဖြင့် ညှိနှိုင်းဆွေးနွေးမှုများကို လွယ်ကူချောမွေ့စေမည် ဖြစ်သည်။

ကိုဗစ်-၁၉ အလွန် ပြန်လည်နာလန်ထရေးအတွက် ကျယ်ပြန့်သောမူဘောင်နှင့် မဟာဗျူဟာများ ချမှတ်ရာတွင် အလွန်မရေရာသော ပတ်ဝန်းကျင်အခြေအနေကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုက်လျောညီထွေရှိပြီး ပြုပြင်ပြောင်းလဲလွယ်ရန် လိုအပ်သည်။ ဥပမာအားဖြင့် မူဘောင်သည် အာဆီယံ အဖွဲ့အစည်းများမှ အတည်ပြုပြီးသည့်တိုင်အောင် အစီအစဉ်အသစ်များအား မိတ်ဆက်ရာ၌ လွယ်ကူချောမွေ့ရန်လိုအပ်သည်။ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို ကန့်သတ်မည့်အစား လွယ်ကူချောမွေ့စေရန် နောက်ဆက်တွဲ အသေးစိတ်ဖော်ပြထားသည့်အတိုင်း မူဘောင်၏ ဖွဲ့စည်းပုံကို ခွင့်ပြုပေးရမည်ဖြစ်သည်။ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် နှင့် အကောင်အထည် ဖော်ရေး အစီအစဉ်သည် လတ်တလော လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် ရည်ရွယ်သည်။

ပြန်လည်နလန်ထူသည့် အဆင့်တွင် “နေထိုင်မှုပုံစံသစ်[33]” သို့ အောင်မြင်စွာ ကူးပြောင်းနိုင်စေရန်နှင့် ပြောင်းလဲမှုများကို တဆင့်ပြီး တဆင့် ကာလတိုနှင့် ကာလရှည် လိုအပ်ချက်များကို ဖြေရှင်းနိုင်ရမည် ဖြစ်ကာ ရေရှည် ကြံ့ကြံ့ခံနိုင်ရန်လည်း လိုအပ်သည်။ ထို့ကြောင့် မူဘောင်ကို အကောင်အထည်ဖော်ရာတွင် (ပုံ-၄) ပါ ပြန်လည် ထူထောင်ခြင်းအဆင့် ၃ ဆင့် (3Rs phased approach) အတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ပုံ ၄။ ပြန်လည်ထူထောင်ရေး အဆင့် ၃ ဆင့် (3Rs)




Source: ASEAN Secretariat

### *က. ပိတ်ဆို့မှုများ ဖြေလျော့ခြင်း*

ကြာရှည်သောပိတ်ဆို့မှုများ[34] ကိုရေရှည်ချမှတ်ရန်ခက်ခဲသည်။ ဒေသအနှံ့ ကူးစက်ရောဂါအခြေအနေ ကွဲပြားလျက်ရှိပြီး ထိရောက်သော ကာကွယ်ဆေးနှင့်ကုသမှုကို မတွေ့မချင်း ပြည်သူများ၏ကျန်းမာရေးကို ဦးစားပေးရမည်ဖြစ်သည်။ ကိုဗစ်

[33] New Normal
[34] Lockdowns

ကာလ အတွင်း နေထိုင်မှုပုံစံအသစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည် ဖြစ်ကာ ကန့်သတ်ပိတ်ဆို့မှုများကို ဘေးကင်းစွာ ဖြေလျော့နိုင်ရန် ကဏ္ဍစုံနှင့် ညှိနှိုင်းရမည် ဖြစ်သည်။

ဤအဆင့်တွင် ဆောင်ရွက်ခဲ့သော စေ့စပ်ညှိနှိုင်းမှုဆိုင်ရာတစ်စိတ်တစ်ပိုင်းသဘောတူညီချက်များ (ဥပမာ - လွတ်လပ်စွာခရီး သွားလာခြင်း[35]) တို့သည် ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အရာများဖြစ်ပါသည်။ ထို့အပြင် မရှိမဖြစ် လိုအပ်သော စီးပွားရေးလုပ်ငန်းများ နှင့် ကူးစက်မှုအန္တရာယ်နည်းပါးနိုင်သည့် ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ရေးနှင့် လက်လီ ရောင်းချမှုများ ကို ဘေးကင်းစွာ ပြန်လည်လည်ပတ်နိုင်ရေးအတွက် အရေးပေါ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်သည်။ ပိတ်ဆို့မှုများ ဖြေလျော့ရာတွင် ကူးစက်ရောဂါ၏သက်ရောက်မှုကို လျော့ပါးစေမည့် မူဝါဒများနှင့်မဟာဗျူဟာများ ချမှတ်ရမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံဝင်ပေါက်များကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြည်သူ့ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်း စဉ်းစားလျက် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်သည်။ ဤအဆင့်တွင် ဗိုင်းရပ်စ်ကူးစက်မှုလျော့ပါးစေရေး နည်းလမ်းများဖြင့် စီးပွားရေး လုပ်ငန်းများကို ပိတ်ဆို့မှု ဖြေလျော့ရမည် ဖြစ်သည်။

## ခ။ ပြန်လည်ထူထောင်ခြင်း

အချို့ကဏ္ဍများကို ၎င်း၏ကိုဗစ်-၁၉ မတိုင်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိရန် နှစ်နှင့်ချီမဟုတ်သော်လည်း လအနည်းငယ် ကြာမြင့်မည် ဖြစ်သည်။ သက်ဆိုင်ရာ ကဏ္ဍများနှင့် စီးပွားရေးလုပ်ငန်းများ အကြား အပြန်အလှန်ဆက်နွယ်မှု မြင့်မားခြင်းကြောင့် ပြန်လည်ထူထောင်ရေးသည် အပြန်အလှန်မှီခိုနေနိုင်ပါသည်။ ဒေသ၏ပြန်လည်ထူထောင်ရေးသည် ၎င်းတို့ကြား အားနည်းနေသည့် ချိတ်ဆက်မှုများအတိုင်းသာ အားကောင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပိုမိုမြန်ဆန်ပြီး ပိုမိုကြံ့ခိုင်စွာ နာလန်ပြန်ထူလာစေရန် အချင်းချင်း လက်တွဲလုပ်ဆောင်ကြရန် အရေးကြီးသည်။ အဆိုပါ ကြိုးပမ်းအားထုတ်မှုများကို ကပ်ရောဂါဒဏ် အဆိုးရွားဆုံးခံခဲ့ရသော ခရီးသွားလာရေးကဏ္ဍနှင့် အဆိုပါကဏ္ဍအပေါ် မှီခိုနေရသော လုပ်ငန်းများ၊ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ[36] နှင့် အုပ်စုများအပြင် အခြားလိုအပ်သော ကဏ္ဍများတွင် ပြန်လည်ထူထောင်နိုင်ရန် ပံ့ပိုးပေးရမည် ဖြစ်သည်။ ဝယ်လိုအားနှင့် သုံးစွဲနိုင်မှုကို မြှင့်တင်ရန်၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ယုံကြည်မှုများ ပြန်လည်ရရှိရန်၊ နယ်စပ်များကို ဘေးကင်းစွာပြန်လည်ဖွင့်လှစ်နိုင်ရန်၊ အလုပ်သမားများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို စီးပွားရေးကဏ္ဍထဲသို့ ပြန်လည် ရောက်ရှိစေရန် ကူညီဆောင်ရွက်ပေးရမည် ဖြစ်သည်။ ဤအဆင့်အတွက် အချိန်သည် ထိရောက်သော ကာကွယ်ဆေး နှင့် ကုသမှု နည်းလမ်းများကို တွေ့ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါသည် ပြည်သူ့ကျန်းမာရေးအတွက် စိုးရိမ်စရာမဟုတ်တော့သည့် အချိန်အထိသာ ဖြစ်သည်။ ဤနည်းအားဖြင့် စီးပွားရေးလုပ်ငန်းများသည် ကိုဗစ်ကာလမတိုင်မီ အခြေအနေသို့ အပြည့်အဝ ပြန်လည် ရောက်ရှိသွားမည် ဖြစ်သည်။

## ဂ။ ကြံ့ကြံ့ခံနိုင်စွမ်း

ဤမကြုံစဖူးအကျပ်အတည်းသည် နောက်ပြန်လှည့်၍မရသော ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့သည်။ အကျပ်အတည်းက ဒေသတွင်းနိုင်ငံများ၏ စီးပွားရေး၊ လူ့အဖွဲ့အစည်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး နှင့် ကျန်းမာရေးစနစ်များတွင် အားနည်းချက်များ ရှိနေကြောင်း မီးမောင်းထိုးပြခဲ့သည်။ ယခင်က ချမှတ်ခဲ့သော မူဝါဒများတွင် ခံနိုင်ရည်ရှိမှုနှင့် ရေရှည် တည်တံ့မှု တို့ကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်းသိရှိလာရသည်။ ထို့ကြောင့် အာဆီယံပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် ဒေသတွင်း ရင်ဆိုင်နေရသော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကဲ့သို့သော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် အပြင် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သော ကပ်ရောဂါအကျပ်အတည်းများကို ပိုမိုခံနိုင်ရည်ရှိစေရန်

[35] Travel Bubble/ Travel Corrider
[36] MSMEs

ပြင်ဆင်ထားရမည် ဖြစ်သည်။ ဤကာလတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အကြံဉာဏ်များနှင့် အစီအစဉ်များကို ဆက်လက်လုပ်ဆောင်သွားရာတွင် ရေရှည်ရည်မှန်းချက်များကို ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။ သို့မှသာ ၂၀၂၅ လွန် အာဆီယံ၏ ဒေသတွင်း ပေါင်းစည်းရေး ရည်မှန်းချက်ကို ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။

**ဖွဲ့စည်းမှုနှင့် ပုံစံ**

အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် ၏ ဖွဲ့စည်းမှုသည် ရိုးရှင်းပြီး ၎င်း၏ လမ်းညွှန်ချက်များကို သရုပ်ဖော်ရန် ရည်မှန်းချက်များ၊ အဓိကအခြေခံမှုများနှင့် ချဉ်းကပ်မှုများကို ချမှတ်ထားသည်။ (ပုံ-၅)၊ အနှစ်သာရအရ အာဆီယံဘက်စုံ ပြန်လည် ထူထောင်ရေး မူဘောင်ကို အောက်ပါအတိုင်း ကျယ်ပြန့်သော မဟာဗျူဟာ ငါးခုနှင့် ဖွဲ့စည်းထားပါသည် -

- ကျယ်ပြန့်သော မဟာဗျူဟာ ၁ - ကျန်းမာရေးစနစ်များကို မြှင့်တင်ခြင်း၊
- ကျယ်ပြန့်သော မဟာဗျူဟာ ၂ - နိုင်ငံသားများ၏ ဘေးကင်းလုံခြုံရေးကို အားကောင်းစေခြင်း၊
- ကျယ်ပြန့်သော မဟာဗျူဟာ ၃ - အာဆီယံအတွင်း ဈေးကွက်အလားအလာနှင့် စီးပွားရေး ပေါင်းစည်းမှု ကို မြှင့်တင်ခြင်း။
- ကျယ်ပြန့်သော မဟာဗျူဟာ ၄ - အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်း နှင့်
- ကျယ်ပြန့်သော မဟာဗျူဟာ ၅ - ပိုမိုတည်မြဲ၍ ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ခြင်း တို့ဖြစ်သည်။

ကျယ်ပြန့်သောဗျူဟာတစ်ခုစီကို အဓိကဦးစားပေးအနေဖြင့် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကာ အခန်း (၃) တွင် အသေးစိတ် ဖော်ပြထားသည်။

ပုံ ၅။ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေး မူဘောင် - ရည်ရွယ်ချက်များ၊ အဓိကစည်းမျဉ်းများနှင့် ချဉ်းကပ်မှုများ




Source: ASEAN Secretariat

ထို့အပြင် မူဘောင်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အထောက်အကူဖြစ်စေသော အချက်များမှာ -

(၁) မူဝါဒဆိုင်ရာ အစီအမံများနှင့် တုံ့ပြန်မှုများ၊

(၂) ဘဏ္ဍာရေးနှင့် ရေရှည်တည်တံ့သော အရင်းအမြစ်များ စုစည်းခြင်း

(၃) အဖွဲ့အစည်းများနှင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ
(၄) သက်ဆိုင်သူများ၏ လက်တွဲဆောင်ရွက်မှု နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ
(၅) ထိရောက်သော စောင့်ကြည့်အကဲဖြတ်မှု
အထက်ပါအကြောင်းအရာများကို အခန်း ၄ တွင် အသေးစိတ်ဖော်ပြထားပါသည်။

သတ်မှတ်ထားသည့်ပုံစံတွင် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ နောက်ဆက်တွဲ၌ အကောင်အထည်ဖော်ရေး အစီအစဉ်တစ်ရပ်ကို ထည့်သွင်းထားသည်။ ၎င်းတွင် သီးခြားလုပ်ဆောင်မှုများနှင့် အစီအစဉ်များ၊ မျှော်မှန်းရလဒ်များနှင့် ၎င်းတို့ ပါဝင်ကူညီနေသည့် ထူထောင်ရေးအဆင့်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသော အဖွဲ့အစည်းများအား သီးသန့် သတ်မှတ်ထားသည်။ ထို့ပြင် အကောင်အထည်ဖော်ရေးအစီအစဉ်သည် ပြုပြင်ပြောင်းလဲနိုင်သည့် စာတမ်းတစ်ခုဖြစ်ပြီး တိုးတက်မှုများကို စောင့်ကြည့်အကဲဖြတ်ကာ ပုံမှန်မွမ်းမံသွားမည်ဖြစ်သည်။ ၎င်းသည် မရေရာမသေချာသော ပတ်ဝန်းကျင်တွင် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေး နှင့် အကောင်အထည်ဖော်မှုတို့အား အချိန်နှင့် အရင်းအမြစ်ကန့်သတ်ချက်များ အတွင်း ရေရှည်တည်တံ့စေရန် နှင့် လိုက်လျောညီထွေ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ပုံစံရေးဆွဲထားသည်။

## အခန်း ၃

## ပြန်လည်ထူထောင်ရေးအတွက် ကျယ်ပြန့်သော မဟာဗျူဟာများ

### ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးခြင်းနှင့် ခံနိုင်ရည် တည်ဆောက်ခြင်း

အာဆီယံ၏ ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများသည် ဒေသတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့် ၎င်း၏ နောက်ဆက်တွဲများ တလျောက် အထိရောက်ဆုံးဟု ယူဆရသည့် ကျယ်ပြန့်သည့်မဟာဗျူဟာများအပေါ်တွင် အာရုံစိုက်သွားမည် ဖြစ်သည်။ ကျယ်ပြန့်သော မဟာဗျူဟာတစ်ခုစီအတွက် အစပျိုးမှုများနှင့် စီမံကိန်းများကို ပုံ (၆) တွင် ဖော်ပြထားသည့်အတိုင်း အစဉ်လိုက် ဦးစားပေး ပြုလုပ်သွားမည် ဖြစ်သည်။




### ကျယ်ပြန့်သောမဟာဗျူဟာ (၁) ကျန်းမာရေးစောင့်ရှောက်မှု စနစ်များ အဆင့်မြှင့်တင်ခြင်း

ပထမဦးဆုံးအနေဖြင့် ကိုဗစ်-၁၉ကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးကပ်ဘေးတစ်ခုဖြစ်သည်ကို အသိအမှတ်ပြုရပါမည်။ ၎င်း၏ ပြင်းထန်မှုနှင့် အတိုင်းအတာသည် မျက်မှောက်ခေတ်ကာလတွင် မကြုံစဖူးဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံးသို့ အနည်းနှင့်အများ သက်ရောက်သည်။ တစ်နည်းအားဖြင့်ဆိုသော် ကျန်းမာရေးစနစ်များ၏ ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် ကွာခြားမှုရှိသည်ကို ထင်ဟပ်ပြနေသည်။ ကိုဗစ်-၁၉၏ အလွယ်တကူကူးစက်နိုင်သောသဘာဝနှင့် အပြန်အလှန်ကူးလူး ဆက်ဆံမှုများကြောင့် ဒေသတွင်း ကိုဗစ်-၁၉ ၏ ခြိမ်းခြောက်မှု အန္တရာယ်နှင့် ရင်ဆိုင်နေရပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး နှင့် လူမှုပတ်ဝန်းကျင်အပေါ်

သက်ရောက်မှုများ ကြုံတွေ့နေရသည်။ အဆိုပါအရေးကို ကိုင်တွယ် ဖြေရှင်းရန် အရေးတကြီး လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ပြီးဖြစ်သည်။ ကိုဗစ်-၁၉သည် ကျန်းမာရေးစနစ်များအပေါ် စိန်ခေါ်မှုများစွာ ပေးသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ မြှင့်တင်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အခွင့်လမ်းကောင်းတစ်ခုလည်း ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုမှသည် ပြည်သူလူထု၊ အစိုးရနှင့် ပုဂ္ဂလိက ကျန်းမာရေးအဖွဲ့အစည်းများ၊ အရင်းအမြစ်များကို လွှမ်းခြုံကာ ဒေသဆိုင်ရာ ခံနိုင်ရည်တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ရေးတို့ကို ခိုင်မြဲစေသည်။ ကျယ်ပြန့်သောမဟာဗျူဟာ (၁) ပါ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အဆင့်မြှင့်တင်ခြင်းသည် ပြန်လည်ထူထောင်ရေးမူဘောင်နှင့် အညီ အာဆီယံ၏ အခြားသော ကဏ္ဍများနှင့်ပူးပေါင်းဆောင်ရွက်ရင်း အာဆီယံကျန်းမာရေးကဏ္ဍ၏ ရေတိုရေရှည်ရည်မှန်းချက်များကို အထောက် အကူပြုရန် မျှော်လင့်ထားသည်။

အာဆီယံကျန်းမာရေးကဏ္ဍသည် ဤကပ်ရောဂါ၏သက်ရောက်မှုကိုလျော့ချရန်အတွက် ကြိုတင်ကာကွယ်ခြင်း၊ ထောက်လှမ်းခြင်း၊ တုံ့ပြန်ခြင်းနှင့် ခံနိုင်ရည်တည်ဆောက်ခြင်း တို့အတွက် ပူးပေါင်းဆောင်ရွက်မှုအစီအမံများကို စတင်ဆောင်ရွက်ခဲ့သည်။ ဤ လျင်မြန်သောတုံ့ပြန်မှုသည် ၂၀၁၅ အလွန် အာဆီယံကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်[37] အထူးသဖြင့် ဘေးအန္တရာယ် အားလုံးနှင့်ပေါ်ပေါက်လာနိုင်သောခြိမ်းခြောက်မှုများကိုတုံ့ပြန်ခြင်းဆိုင်ရာအာဆီယံကျန်းမာရေးအစုအဖွဲ့(၂)[38] နှင့် အာဆီယံ ကျန်းမာရေးကဏ္ဍ၏ ၂၀၁၆ အုပ်ချုပ်မှုအကောင်ထည်ဖော်ရေးယန္တရား[39] တို့၏ လုပ်ပိုင်ခွင့်နှင့်အညီ ကူးစက်တတ်သော ရောဂါများ၊ အပူပိုင်းဒေသရောဂါများကို တုန့်ပြန်ရန် ဖြစ်သည်။ ကျယ်ပြန့်သောမဟာဗျူဟာ (၁) တွင် အာဆီယံ၏ ပြန်လည် ထူထောင်ရေး ကြိုးပမ်းမှုများကို လမ်းညွှန်ရန် အဓိက ဦးစားပေး အချက် ခြောက်ချက်အား အောက်ပါအတိုင်းဖော်ပြထားသည် -

### ၁ (က)။ လက်ရှိကျန်းမာရေး အကျိုးကျေးဇူးများနှင့် အစီအမံများကို တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့ ခိုင်မြဲစေခြင်း။

ကိုဗစ်-၁၉ ကပ်ရောဂါသည် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများကို အရှိန်မြှင့်ရန်နှင့် လက်ရှိကျန်းမာရေးစနစ်မှ အကျိုးကျေးဇူးများ တည်တံ့ခိုင်မြဲစေရန် အရေးကြီးကြောင်း ဖော်ပြနေသည်။ အာဆီယံကျန်းမာရေးကဏ္ဍသည် ပြည်သူများ အနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများမှတစ်ဆင့် မျိုးဆက်ပွား ကျန်းမာရေးအပါအဝင် အရည်အသွေးပြည့်ဝပြီး လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးဝန်ဆောင်မှုများ ရရှိစေရေး၊ ဆေးဝါးကုသမှုကုန်ကျစရိတ်များ အကာအကွယ်ဖြစ်ရေး၊ အစားအစာ ဘေးကင်းလုံခြုံမှုနှင့် မျှတသည့် စားသုံးမှုပုံစံတို့အား လက်လှမ်းမီစေရေး၊ ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော ဖွံ့ဖြိုး တိုးတက်သည့်ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရေး၊ စသည်တို့ကို ကတိကဝတ် ပြုထားသည်။ ၂၀၁၅ အလွန် အာဆီယံကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ အကျိုးကျေးဇူးနှင့် အခွင့်အလမ်းများကို ရေရှည်တည်တံ့ခိုင်မြဲသော အာဆီယံအသိုက်အဝန်းသို့ ရောက်ရှိစေရေး ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကာ ကိုဗစ်-၁၉ ၏ သက်ရောက်မှုများမှ လျော့ပါးသက်သာစေမည့် အပြင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများအတွက်ပါ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

### ၁ (ခ)။ မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ အားကောင်းစေခြင်းနှင့် တည်တံ့အောင် ထိန်းသိမ်းခြင်း။

ကိုဗစ်-၁၉ ကပ်ရောဂါသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ၏ ကျန်းမာရေးစနစ်များ၊ အထူးသဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာကိရိယာများ၏ စွမ်းဆောင်ရည်များကို သိသိသာသာ ထိခိုက်စေခဲ့သည်။ ကပ်ရောဂါအား အန်တုရ၍ ပြန်လည် နာလန်ထူလာနိုင်ရန်နှင့် ၄င်းအား ခုခံကာကွယ်နိုင်ရန် ကြိုးပမ်းနေသည့်တချိန်တည်းတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော ကျန်းမာရေး ဆိုင်ရာ စိန်ခေါ်မှုများကို

[37] ASEAN Post-2015 Health Development Agenda (APHDA)
[38] ASEAN Health Cluster 2
[39] Governance Implementation Mechanism (GIM)

ကိုင်တွယ်ဖြေရှင်းပြီး ပြည်သူလူထုအား မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများပေးဆောင်နိုင်ရန် အားကောင်းပြီး ကျန်းမာရေးစနစ်များကို လိုအပ်ပါသည်။ သင့်တော်သည့်ကုန်ကျစရိတ်ဖြင့် ဘေးကင်း၍ အရည်အသွေး ပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီနိုင်လာစေရန် အာဆီယံကျန်းမာရေးကဏ္ဍသည် လုပ်နိုင်စွမ်း၊ စွမ်းဆောင်ရည်နှင့် စည်းရုံးလှုံ့ဆော်မှုများ တိုးမြှင့်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းလာစေရေးနှင့် လူတိုင်း လက်လှမ်း မီနိုင်လာစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ဝန်ဆောင်မှုများ အစဉ်အမြဲပေးနိုင်ရန်နှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များကို ပြည်သူများသို့ အမြင့်ဆုံးပေးနိုင်ရန် မဟာဗျူဟာမြောက် လမ်းညွှန်ချက်နှင့် အစီအစဉ်များအား စဉ်ဆက်မပြတ် မြှင့်တင်သင့်သည်။ မရှိမဖြစ်လိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများနှင့် ယင်းဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးနိုင်ရန် မရှိမဖြစ် လိုအပ်သည့် ကုန်ပစ္စည်းများအတွက် ပုံမှန်ကုန်စည်စီးဆင်းနိုင်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်သည်။

## ၁ (ဂ)။ သာတူညီမျှစွာ လက်လှမ်းမီနိုင်မှု၊ တတ်နိုင်စွမ်း နှင့် ဘေးကင်းမှု၊ အရည်အသွေး ပြည့်ဝခြင်းတို့အပါအဝင် ကာကွယ်ဆေး လုံခြုံရေးနှင့် မိမိကိုယ်ကို အားထားမှုတို့ အားကောင်းစေခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကာကွယ်ဆေးကို လျင်မြန်စွာတီထွင်စမ်းသပ်ထုတ်လုပ်နိုင်ရန် တစ်ကမ္ဘာလုံးက အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လူတိုင်းလက်လှမ်းမီနိုင်သော ဘေးကင်းပြီး အရည်အသွေးကောင်းမွန်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအား တစ်ကမ္ဘာလုံးမှရယူနိုင်ရန် ပံ့ပိုးပေးခြင်းသည် ကပ်ရောဂါ တိုက်ဖျက်ရေးတွင် အရေးကြီးသည်။ ထိုနည်းတူ ကာကွယ်ဆေးရရှိမှုသေချာစေရန်နှင့် မိမိကိုယ်ကိုအားထားမှုအားကောင်းလာစေရန်မှာလည်း ထပ်တူအရေးကြီးသည်။ နိုင်ငံ တစ်နိုင်ငံ၏ ကိုယ်ပိုင်စွမ်းရည်နှင့် အရင်းအမြစ်များအပေါ် အခြေခံ၍ ကုန်ကျစရိတ်သက်သာပြီး အရည်အသွေးရှိသည့် ကာကွယ်ဆေးများကို စဉ်ဆက်မပြတ် အနှောက်အယှက်ကင်းကင်းနှင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လုပ်နိုင်ရန် လိုအပ်သည်။ ပုံမှန် ကာကွယ်ဆေးထိုးခြင်းနှင့် အရေးပေါ်အခြေအနေများအတွက် ကာကွယ်ဆေးများ အလုံအလောက်ရှိစေရန် ဒေသဆိုင်ရာ မဟာဗျူဟာ လမ်းညွှန်ချက်နှင့် အစီအမံများ ထားရှိရမည်။ အာဆီယံကာကွယ်ဆေးလုံခြုံစိတ်ချရမှုနှင့် မိမိကိုယ်ကိုအားကိုးမှု[40] အတွက် ဒေသတွင်း မဟာဗျူဟာနှင့် အစီအမံများသည် ကုန်ကျစရိတ်သက်သာပြီး စိတ်ချရသော အရည်အသွေးရှိသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား အချိန်နှင့်တပြေးညီ လူတိုင်းရရှိစေရန် အာရုံစိုက်ပြီး အကောင်အထည် ဖော်ရမည်ဖြစ်သည်။ အာဆီယံ၏ ကိုဗစ်-၁၉ ကပ်ရောဂါတုံ့ပြန်ရန် သတ်မှတ်ပေးထားသည့် ရန်ပုံငွေကို ရောဂါစမ်းသပ်ရေးပစ္စည်းများ၊ တစ်ကိုယ်ရည်သုံး အကာအကွယ် ပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာအထောက်အပံ့များ ဝယ်ယူခြင်းအပြင် ကာကွယ်ဆေးနှင့်ပတ်သက်သည့် သုတေသန လုပ်ငန်းများတွင် အသုံးပြုနိုင်သည်။

## ၁ (ဃ)။ ကျန်းမာရေးကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် စွမ်းရည်မြှင့်တင်ခြင်း

ကျန်းမာရေးစောင့်ရှောက်မှုတွင် ယုံကြည်စိတ်ချရသော လူ့စွမ်းအား အရင်းအမြစ်များ လုံလောက်အောင် မွေးထုတ်ပေးခြင်း နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့သည် ပိုမိုကောင်းမွန်သော ရလဒ်များကိုရရှိစေသည်။ ကောင်းမွန်သော ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီ ရနိုင်မှုသည် ကပ်ရောဂါမဖြစ်ပွားမီကာလကတည်းကပင် မြို့ပြနှင့်ကျေးလက်ဒေသများအတွက် အမြဲတမ်း စိန်ခေါ်မှုတစ်ခု ဖြစ်ခဲ့သည်။ သို့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကျန်းမာရေးဝန်ထမ်းအင်အား အများအပြား လိုအပ်လာမှုကြောင့် အခြေအနေမှာ ပို၍ခက်ခဲလာခဲ့ရသည်။ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များကိုယ်တိုင် ဗိုင်းရပ်စ်၏ ကူးစက်မှုခံခဲ့ရပြီး သေဆုံးမှု သို့မဟုတ် နာမကျန်းဖြစ်မှုတို့သည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ သို့မဟုတ် ရှေ့တန်း ဆရာဝန်များ အရေအတွက်နည်းပါးသည့်ပြဿနာကို ပိုမိုဆိုးရွားလာစေခဲ့သည်။ ထို့ကြောင့် ကိုဗစ်-၁၉ နှင့် ထိုကဲ့သို့သော အနာဂတ်တွင် ဖြစ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် အရေးပေါ်အခြေအနေများကို တုံ့ပြန်နိုင်ရန် လုံလောက်စွာ လေ့ကျင့် သင်ကြားထားသည့် ကျန်းမာသော ကျန်းမာရေးဝန်ထမ်းများ အဆင်သင့်ရှိရေးသည် မရှိမဖြစ်လိုအပ်သည်။

[40] ASEAN Vaccine Security and Self Reliance (AVSSR)

ငွေကြေး နှင့် အကျိုးခံစားခွင့်များကဲ့သို့သော မက်လုံးများဖြင့် ကျန်းမာရေး ဝန်ထမ်း အရေအတွက်ကို တိုးမြှင့်နိုင်သည်။

**၁ (င)။ အသစ်ပေါ်ပေါက်လာသော ကူးစက်ရောဂါများ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများနှင့် ကပ်ရောဂါများအတွက် ကာကွယ်ရေးနှင့်ကြိုတင်ပြင်ဆင်မှု အားကောင်းစေရန် ပြန်လည်ထူထောင်ရေးအဆင့်တွင် ကျန်းမာရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်မူဘောင်များ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် သက်ဆိုင်ရာဒေသတွင်း ညှိနှိုင်းရေးယန္တရားများကို အားကောင်း စေခြင်း။**

အာဆီယံသည် ကိုဗစ်-၁၉ ကူးစက်ရောဂါကို ဆက်လက်တုန့်ပြန်နေရသောကြောင့် ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို လျှော့ချရန် ထိရောက်သောစနစ်များ ထားရှိရေးမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ကိုဗစ်-၁၉ သည် ကနဦး သတိပေးချက်နှင့် ကပ်ရောဂါကိုတုံ့ပြန်နိုင်မည့် ပြည်သူ့ကျန်းမာရေးစနစ်များ မလုံလောက်သေးသည်ကို ဖော်ပြနေသည်။ ပြည်သူ့ ကျန်းမာရေးဝန်ဆောင်မှုများတွင် ကြိုတင်သတိပေးသည့်စနစ်များကိုလည်း ထည့်သွင်းထားရမည်ဖြစ်သည်။ အကျိုးရှိပြီး ထိရောက်သော ကျန်းမာရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဘေးအန္တရာယ်များ နှင့် ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများ အားလုံးကို တုံ့ပြန်နိုင်မည့် မဟာဗျူဟာလမ်းညွှန်ချက်ကို စဉ်ဆက်မပြတ်လုပ်ဆောင်သင့်သည်။ အကျိုးရှိပြီး ထိရောက်သော ကျန်းမာရေးစနစ်များတွင် (က) ပြင်ဆင်ခြင်း၊ တားဆီးခြင်း၊ ထောက်လှမ်းခြင်း၊ တုံ့ပြန်ခြင်းနှင့် လျော့ပါးသက်သာစေခြင်း (ခ) ဓာတ်ခွဲခန်းစွမ်းရည်ကို အားကောင်းစေခြင်း၊ (ဂ) ပိုးသတ်ဆေးယဉ်ပါးမှုဆိုင်ရာ ပြဿနာများကိုဖြေရှင်းခြင်း၊ နှင့် (ဃ) သဘာဝဘေး အန္တရာယ်ဆိုင်ရာ ကျန်းမာရေး စီမံခန့်ခွဲမှုတို့ ပါဝင်သည်။

**၁ (စ). အရေးပေါ်အခြေအနေများတွင် အစားအသောက် ဘေးကင်းရေးနှင့် အာဟာရပြည့်ဝရေး အပါအဝင် ကျန်းမာရေးဆိုင်ရာ အရေးပေါ် တုံ့ပြန်မှုများအတွက် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း**

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကူးစက်ရောဂါသစ်နှင့် ကူးစက်ရောဂါဟောင်းများ၏ သဘောသဘာဝနှင့် ၎င်းတို့၏ ကူးစက်မှုပုံစံများ အပေါ် အာဆီယံ၏ကိုင်တွယ်ဖြေရှင်းနိုင်မှုကို မေးခွန်းထုတ်ခဲ့သည်။ အမျိုးသားအဆင့်ပြည်သူ့ကျန်းမာရေးအေဂျင်စီများ၏ လုပ်ငန်း ဆောင်တာများကို ပံ့ပိုးကူညီရန်နှင့် အားကောင်းစေရန်အတွက် အရေးပေါ်နှင့်ကူးစက်ရောဂါများဆိုင်ရာအာဆီယံ ပြည်သူ့ ကျန်းမာရေးဗဟိုဌာန[41] ကို တည်ထောင်ရန်လိုအပ်လာပါသည်။ ၎င်းမှာ ဘေးအန္တရာယ်များနှင့် ပေါ်ပေါက်လာနိုင်သည့် ကျန်းမာရေး ဆိုင်ရာ ခြိမ်းခြောက်မှုများအားလုံးကို တုန့်ပြန်ရာတွင် ညှိနှိုင်းပံ့ပိုးကူညီရန်၊ အာဆီယံနှင့် သက်ဆိုင်သည့် အာရှ-ပစိဖိတ် အရေးပေါ် ရောဂါများနှင့်ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဆိုင်ရာမဟာဗျူဟာ[42] ၏ လုပ်ငန်းဆောင်ရွက်မှုတွင် ကမ္ဘာ့ ကျန်းမာရေး အဖွဲ့[43] ၏ ဒေသဆိုင်ရာရုံးခွဲများကို ပံ့ပိုးကူညီရန် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉သည် မိသားစုများနှင့် လူမှုအသိုက်အဝိုင်းများ အပေါ် သိသိသာသာ ဆိုးကျိုး သက်ရောက်စေခဲ့သည်။ လက်ရှိအခြေအနေများသည် ဈေးနှုန်းသင့်တင့်ပြီး အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများ ရရှိနိုင်ရန် ရုန်းကန်နေရသည့် မိသားစုနှင့် ရပ်ရွာများစွာတို့၏ ခက်ခဲနေသောအခြေအနေကို ပိုမိုဆိုးရွားစေနိုင်သည်။ ၎င်းကိုဖြေရှင်းရန် အရေးပေါ်ထိခိုက်ခံရသူများ၏ အာဟာရလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်ရေး ကတိကဝတ်လိုအပ်သည်။ ထို့ကြောင့် အာဆီယံ သည် အစားအစာဘေးကင်းလုံခြုံရေးဆောင်ရွက်ထားရမည့်အပြင် အကျပ်အတည်းများတွင် အထောက်အထား အခြေခံသည့် အစားအစာ ဘေးကင်းရေးအစီအမံများ ဖော်ထုတ်နိုင်ရေး စနစ်ကျသည့် အကြံဉာဏ်များပေးရန်လည်း လိုအပ်သည်။

---

[41] ASEAN Center for Public Health Emergencies and Emerging Diseases
[42] Asia-Pacific Strategy for Emerging Diseases and Publi Health Emergencies (APSED)
[43] World Health Orgainziation (WHO)

## ကျယ်ပြန့်သောမဟာဗျူဟာ (၂) - နိုင်ငံသားများ၏ လုံခြုံရေးကို အားကောင်းစေခြင်း။

လူသားဖွံ့ဖြိုးတိုးတက်မှု၏ အရေးကြီးသောကဏ္ဍများစွာသည် နိုင်ငံသားများ၏ လုံခြုံရေးနှင့် သက်ဆိုင်ပါသည်။ နိုင်ငံသားများ၏ လုံခြုံရေးဆိုသည်မှာ ၎င်း၏အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး အထူးသဖြင့် စီးပွားရေး၊ စားဝတ်နေရေး၊ ပတ်ဝန်းကျင် သို့မဟုတ် ကျန်းမာရေး စသည့်ကဏ္ဍများတွင် လုံခြုံမှုရှိခြင်းကို ဆိုလိုသည်။ နိုင်ငံသားများ၏ လုံခြုံရေးကို အားကောင်းစေခြင်းသည် ကိုဗစ်-၁၉ မှ ပြန်လည်နာလန်ထရေးအပြင် ပြည်သူများ၏ ကောင်းကျိုးချမ်းသာသုခကိုပါ တပါတည်းဖော်ဆောင်ခြင်းလည်း ဖြစ်ကာ ပြန်လည် ထူထောင်ရေး မူဘောင်ကို အကောင်အထည်ဖော်မည့် အာဆီယံ၏ ကတိကဝတ်ကို တုန့်ပြန်ခြင်းလည်း ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ၏ လူမှုရေးနှင့် စီးပွားရေး သက်ရောက်မှုများမှာ လူတစ်ဦးနှင့်တစ်ဦးအပေါ် မတူညီဘဲ ဆင်းရဲနွမ်းပါးသူများ၊ အန္တရာယ်များသည့် လုပ်ငန်းခွင်ရှိ အလုပ်သမားများ၊ တရားမဝင်နှင့် ရွှေ့ပြောင်းလုပ်သားများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ နှင့် ကလေးများမှာ ပိုမိုသက်ရောက်မှုခံစားရသည်။ ကပ်ရောဂါ၏ ဆိုးကျိုးများသည် အသက်အိုးအိမ်၊ ပညာရေး၊ စားနပ်ရိက္ခာ ဖူလုံရေးတို့အပေါ် သက်ရောက်မှုရှိပြီး အာဟာရချို့တဲ့ခြင်း၊ ဆင်းရဲမွဲတေမှု၊ ထိခိုက်နိုင်မှုများနှင့် မညီမျှမှုများသည် ရေရှည်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရန် ကြိုးပမ်းနေသည့် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြောင်းပြန်လှန်ပစ်နိုင်ပြီး ဒေသတွင်း ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းအားထုတ်မှုကိုလည်း ထိခိုက်စေနိုင်သည်။

အာဆီယံ၏ လူဦးရေ ၆၅၆ သန်းမှာ အမျိုးမျိုးကွဲပြားလျက်ရှိပြီး ၅၀.၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်သည်။ အာဆီယံတွင် ငယ်ရွယ်သော လူဦးရေအများစုရှိပြီး သုံးပုံတစ်ပုံကျော်သည် လူငယ်များ ဖြစ်သည်။ သို့သော်လည်း တဖက်တွင် ၂၀၁၉ စစ်တမ်းများ အရ သက်ကြီးရွယ်အိုလူဦးရေမှာလည်း ၇.၁ ရာခိုင်နှုန်းအထိ တိုးပွားလာကြောင်းသိရသည်။ အာဆီယံတွင် တရားမဝင် လုပ်သား ၂၁၈ သန်းခန့်နေထိုင်ပြီး အန္တရာယ်များသည့်လုပ်ငန်းခွင်တွင် လုပ်ကိုင်ကြသောအလုပ်သမားများမှာ ၁၃၃ သန်းခန့်ရှိသည်။ ကိုဗစ်-၁၉ ၏ ဆိုးရွားသောသက်ရောက်မှုကြောင့် ဒေသတွင်းနေထိုင်ကြသူများ အထူးသဖြင့် ထိခိုက်လွယ်သူများအပေါ် လူမှုလုံခြုံရေး အားကောင်းအောင် ပြုလုပ်ခြင်း သည် အာဆီယံပြန်လည်ထူထောင်ရေး ကြိုးပမ်းမှု၏ အဓိကအချက်ဖြစ်သည်။

ပြန်လည်ထူထောင်ရေးမူဘောင်တွင် အာဆီယံ၏ လူမှုလုံခြုံရေးကဏ္ဍအားကောင်းလာစေရန်နှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများ ကို လမ်းညွှန်ရန် အဓိကဦးစားပေး ကဏ္ဍငါးခုကို အောက်ပါအတိုင်း ဖော်ပြထားသည် -

### ၂ (က)။ အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ကဏ္ဍများကို ပိုမို အားကောင်းလာအောင် ဆောင်ရွက်ခြင်း။

ထိရောက်သော ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် မရမချင်း ကူးစက်ရောဂါ၏သက်ရောက်မှုသည် ဆက်လက်ရှိနေနိုင်သည်။ ရေတိုတွင် လူမှုကူညီရေး အစီအစဉ်များကို ဆက်လက်၍ ချဲ့ထွင်ရန် လိုအပ်ပြီး ၎င်းမှာ ကပ်ရောဂါ၏ လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများကို လျှော့ချရန်သာမက ပြည်တွင်းစားသုံးမှုကို ဆက်လက်ထိန်းထားနိုင်ရန်လည်း ဖြစ်သည်။ အဓိကစိန်ခေါ်မှု တစ်ခုမှာ ရွှေ့ပြောင်းအလုပ်သမားများကဲ့သို့သော လူမှုဖူလုံရေး သို့မဟုတ် အလုပ်လက်မဲ့အကျိုးခံစားခွင့်မရှိသူများကို လူမှု အကူအညီများ ပေးအပ်နိုင်ရန်ဖြစ်သည်။ အထူးသဖြင့် တစ်ဦးချင်းစီ၏ အသက်အရွယ်၊ ကျား၊ မ၊ မသန်စွမ်းမှု၊ စီးပွားရေး အခြေအနေနှင့် အခြားသောအချက်များကြောင့် ပြင်ပသို့ မသွားလာနိုင်ဘဲ ၎င်းတို့နေအိမ်တွင်သာ နေရချိန်နှင့် ပိတ်ဆို့ကန့်သတ်မှု အတွင်း မြင့်မားသောအန္တရာယ်များနှင့် ရင်ဆိုင်နေရသူများအတွက် လူမှုဖူလုံရေးဝန်ဆောင်မှုများအား လက်လှမ်းမီနိုင်စေရန် စီမံပေးရပါမည်။

ရေရှည် နှင့် အလယ်အလတ်ကာလတွင် ပုတ်ပြတ်နှင့် ပုံမှန်မဟုတ်သည့် စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော လုပ်သားများ အတွက် လူမှုဖူလုံရေးအစီအစဥ်ကို ထိရောက်ကျယ်ပြန့်စွာ လုပ်ဆောင်ပေးရန်လိုအပ်သည်။ ပုံမှန်အချိန်များတွင်ပင် ဆင်းရဲ နွမ်းပါးသူများ နှင့် ထိခိုက်လွယ်သူများအတွက် အခြေခံလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ တိုးချဲ့ခြင်းသည် ဒေသတွင်း နိုင်ငံများအား ရှိပြီးဖြစ်သည့် ဖြန့်ဝေရေးစနစ်များကို ချဲ့ထွင်နိုင်ရန် နှင့် အနာဂတ်တွင် ခံနိုင်ရည်ရှိမှု တည်ဆောက်ရေးကိုလည်း အထောက်အကူဖြစ်စေသည်။ ပြည်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးကို ရေရှည်ပြုလုပ်နိုင်ရန် ထိရောက်သော ဘဏ္ဍာရေးစနစ်များမှတစ်ဆင့် အာမခံချက်ရှိသည့် အသုံးစရိတ်လိုအပ်သည်။ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုလုပ်ငန်းစဥ်များ သည် အားလုံးပါဝင်နိုင်ရမည်ဖြစ်ပြီး အကူအညီပေးရေးဒီဇိုင်းရေးဆွဲရာတွင်လည်း အသက်၊ မသန်စွမ်းမှုနှင့် ကျား၊ မ စသည့် အချက်များ ပါဝင်အောင် ထည့်သွင်းစဥ်းစားရမည်ဖြစ်ကာ လူ့အခွင့်အရေးနှင့် ထိခိုက်လွယ်သော ကဏ္ဍများအား အကာအကွယ် ပေးရေးတို့ကို ဦးစားပေးဆောင်ရွက်ရမည်။ ဂျန်ဒါကိုအဓိကဦးစားပေးပြီး[44] ဂျန်ဒါတုံ့ပြန်မှု[45] တို့ကိုလည်း အာဆီယံ၏ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဥ်များတွင် ထည့်သွင်းစဥ်းစားရမည် ဖြစ်သည်။

## ၂ (ခ)။ စားနပ်ရိက္ခာဖူလုံရေး နှင့် ဘေးကင်းရေး၊ အာဟာရပြည့်ဝရေးတို့ကို အာမခံခြင်း

အာဆီယံ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးများသည် ကပ်ရောဂါကာလအတွင်း ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် လုံလောက်သော၊ ဈေးနှုန်းသင့်တင့်သော၊ ဘေးကင်းပြီး အာဟာရပြည့်ဝသော အစားအစာများကို ရေရှည် ထောက်ပံ့ပေးရန် ကတိ ပြကြသည်။ ဝယ်လိုအားအမြဲရှိနေစေရန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးအတွက် အနီးကပ်ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဒေသတွင်းစားနပ်ရိက္ခာထောက်ပံ့ရေးကွင်းဆက်များအပေါ် ရှိနေသည့် အတားအဆီးများကို လျှော့ချသွားရန်လည်း ကတိပြုသည်။ အာဆီယံစားနပ်ရိက္ခာဖူလုံရေးသတင်းအချက်အလက်စနစ်[46] နှင့် အရေးပေါ်အခြေအနေများ အတွက်ဆန်စပါးသိုလှောင်ထားရေး[47] အစီအစဥ်တို့ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းသည် ဆန်စပါးဈေးနှုန်း ဈေးကစားမှုကို လျှော့ချရေး၊ အရေးပေါ်စားနပ်ရိက္ခာ လုံလောက်မှုရှိစေရေးနှင့် အချိန်နှင့်တစ်ပြေးညီ တိကျသော ဈေးကွက် အချက်အလက်များ ရရှိရေးတို့အပေါ် အထောက်အကူပြုမည် ဖြစ်သည်။ ထို့အပြင် စားသုံးသူများ၏ ကျန်းမာရေးကို အကာအကွယ်ပေးရန် အာဆီယံအစားအစာဘေးကင်းရေးစည်းမျဥ်းများဆိုင်ရာမူဘောင်[48] ကို အပြီးသတ် အကောင်အထည်ဖော်ရန် လိုအပ်သည်။

အစားအစာဘေးကင်းရေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရာတွင် အစားအစာဘေးကင်းလုံခြုံရေး အရေးပေါ်တုံ့ပြန်ချက်[49] အစီအစဥ်ကိုချမှတ်ပြီး နိုင်ငံတော်အဆင့်အကောင်အထည်ဖော်မှုကို ခိုင်မာစေရန် လုပ်ဆောင်လျက် ရှိသည်။ အစားအစာဘေးကင်းရေးနှင့် ပတ်သက်၍ အန္တရာယ် တစ်စုံတစ်ရာတွေ့ကြုံရပါက အရေးပေါ် အခြေအနေများကို စီမံခန့်ခွဲရာတွင် ခြေရာခံခြင်းနှင့် ပြန်လည်သိမ်းဆည်းရေးစနစ်များအပါအဝင် အရေးပေါ်အခြေအနေများကို တုံ့ပြန်ရန် ဗဟို ချုပ်ကိုင်သည့် ညှိနှိုင်းမှုနှင့် အကြီးတန်းအဆင့် ဆုံးဖြတ်ချက်များ လိုအပ်သည်။ အစားအသောက် ဘေးကင်းရေး အရေးပေါ် အခြေအနေများကိုတုံ့ပြန်ရာ၌ သတင်းအချက်အလက် မျှဝေနိုင်ရေးအတွက် ဒေသဆိုင်ရာ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ရန် လိုအပ်သည်။

---

[44] Gender mainstreaming
[45] Gender Responsiveness
[46] ASEAN Food Security Information System (AFSIS)
[47] ASEAN Plus Three Rice Emergency Rice Reserve (APTERR)
[48] ASEAN Food Safety Regulatory Framework
[49] Food Safety Emergency Response (FSER) plan

**၂ (ဂ)။ (၁) ဒီဂျစ်တယ် ကျွမ်းကျင်မှုနှင့် သိမြင်နားလည်မှု၊ ၂၁ရာစု အခြေခံပညာရေး နှင့် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ပေးရေး (၂) ဒီဂျစ်တယ် ကျွမ်းကျင်မှုအပါအဝင် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖော်ဆောင်နိုင်ရန် လုပ်ငန်းခွင်အတွင်း ရှိပြီးဖြစ်သည့် ကျွမ်းကျင်မှုများကို မွမ်းမံပေးခြင်းနှင့် နည်းပညာအသစ်များ လေ့ကျင်သင်ကြားပေးခြင်း စသည့် နည်းလမ်းများဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေခြင်း**

ကပ်ရောဂါကြောင့် ဒေသတွင်းရှိ ကျောင်းများ၊ တက္ကသိုလ်များနှင့် ကျွမ်းကျင်မှုလေ့ကျင့်ပေးသည့် ဌာနများကို အကြီးအကျယ် ပိတ်ပစ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများနှင့် သင်ယူသူပေါင်း ၁၅၂ သန်းကျော် ထိခိုက်ခဲ့ရပြီး သင်ယူမှုအဆက်မပြတ်စေရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆိုးရွားသော ခြိမ်းခြောက်မှု ဖြစ်လာခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် လူချင်းထိတွေ့ရန် မလိုအပ်သည့် နည်းပညာကို အဓိကထားသော အဝေးသင်ပညာရေးနှင့် အွန်လိုင်းတစ်ဆင့်သင်ကြားခြင်း စသည့် သင်ယူမှု နည်းလမ်းသစ်များကို ကျင့်သုံးလာကြသည်။ တစ်ချိန်တည်းမှာပင် သင်ယူသူများအတွက် အကန့်အသတ်ရှိနေသည့် စက်ပစ္စည်းများ နှင့် အရင်းအမြစ်များ၊ လိုအပ်ချက်မြင့်မားသည့် လက်လှမ်းမီရယူနိုင်မည့် သင်ထောက်ကူပစ္စည်းများ မရှိခြင်း၊ ကိုဗစ်-၁၉ နှောင်းပိုင်း ကာလ တွင် ပေါ်ပေါက်လာမည့် စက်မှုလုပ်ငန်းများနှင့် အလုပ်သမားအင်အားစုများကဲ့သို့ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ နှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများမရှိခြင်းကလည်း လူ့အဖွဲ့အစည်းအတွင်း ပညာရေးနှင့် လူမှုရေး မညီမျှမှု များကို ပိုမိုဆိုးရွားစေခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ချမှတ်ခဲ့သော ပြောင်းလဲနေသည့် လုပ်ငန်းခွင်များအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာအာဆီယံကြေညာစာတမ်း[50] သည် ၂၁ ရာစု ကျွမ်းကျင်မှု ပညာရပ်များ၊ ဘဝတစ်သက်တာသင်ယူမှု၊ နည်းပညာ အသုံးပြုမှုနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန် အချိန်နှင့်တစ်ပြေးညီ လမ်းညွှန်မှုပေးသည်။ သက်ဆိုင်ရာ အာဆီယံ ကြေညာချက်များနှင့် ထုတ်ပြန်ချက်များတွင်လည်း ဒီဂျစ်တယ် နည်းပညာ သိမြင်နားလည်မှု၊ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေး အပါအဝင် ဒီဂျစ်တယ် ကျွမ်းကျင်မှုများအားမြှင့်တင်ပေးရန် တောင်းဆိုထားကြသည်။ သတင်းတုများကို တိုက်ဖျက်နိုင်ရေးအတွက် မီဒီယာအသိပညာတိုးတက်လာစေရန် အွန်လိုင်းကမ်ပိန်းများပြုလုပ်ခြင်း နှင့် သတင်းအချက်လက်များ အပေါ် သိမြင်နားလည်မှု မြှင့်တင်ရန် စွမ်းရည်မြှင့်အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရမည်ဖြစ်သည်။ ပညာရေးနှင့် လေ့ကျင့်ရေး ကဏ္ဍတွင် နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ပေးရေးအပြင် အဆင့်မြင့်ပညာသင်ရိုးညွှန်းတမ်းသည်လည်း ကိုဗစ်-၁၉ အလွန် အနာဂတ်လိုအပ်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေရန် လိုအပ်သည်။ ရေရှည်တွင် အာဆီယံသည် နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ပေးရေး အပါအဝင် အဆင့်မြင့်ပညာသင်ရိုးညွှန်းတမ်းများတွင် ၂၁ ရာစု ကျွမ်းကျင်မှု လိုအပ်ချက်များကို စနစ်တကျ ပေါင်းစပ် ထည့်သွင်းရန် လိုအပ်သည်။

ပညာရေးစနစ်များကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာ အာဆီယံကြေညာစာတမ်း[51] သည် နည်းပညာအား လက်လှမ်းမီမှု၊ ဒီဂျစ်တယ် သိမြင်နားလည်မှု၊ အလုပ်တစ်ခုမှနောက်တစ်ခုသို့ လွယ်ကူစွာကူးပြောင်းလုပ်ဆောင်နိုင်သည့်စွမ်းရည်၊ လူတိုင်း ပါဝင်နိုင်မှုနှင့် အခွင့်အရေးညီမျှမှု၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှု၊ အနာဂတ်အလုပ်အကိုင် နှင့် ဒီဂျစ်တယ်အသွင်ပြောင်းမှု လုပ်ငန်းစဉ်များစသည်တို့တွင် လူငယ်များ၏ အခန်းကဏ္ဍနှင့် ချိတ်ဆက်မှု အားကောင်းလာစေရန် မျှော်မှန်းထားသည်။ လတ်တလောကာလအတွင်း အလုပ်လက်မဲ့ ဖြစ်သွားသော လုပ်သားများအား ကူညီပေးရန် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျွမ်းကျင်မှုအသစ်များလေ့ကျင့်ပေးရေးတို့ကို အာရုံစိုက် ဆောင်ရွက်ရမည် ဖြစ်သည်။

[50] The ASEAN Declaration on Human Resources Development for a Changin World of Work – June 2020
[51] The ASEAN Declaration on Digital Transformation of Eduction System

### ၂ (ဃ)။ လူမှုရေးဆွေးနွေးပွဲများမှတစ်ဆင့် ကိုဗစ်-၁၉ အလွန် နေထိုင်မှုပုံစံအသစ်အတွက် (နယ်စပ်ဖြတ်ကျော် လုပ်သားများ၊ နေအိမ်မှ အလုပ်လုပ်ခြင်း နှင့် အခြားသော ရွေးချယ်စရာလုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး စသည်တို့ အပါအဝင်) အလုပ်သမားမူဝါဒများကို ပြင်ဆင်ခြင်း။

ကိုဗစ် ၁၉ သည် ပို့ကုန်များ၊ ဝန်ဆောင်မှုများ၊ ခရီးသွားလုပ်ငန်း၊ ရွှေ့ပြောင်းလုပ်သားများ အစရှိသည်တို့နှင့် နီးကပ်စွာ ဆက်စပ်နေသည့် ကဏ္ဍများသို့ အကျိုးသက်ရောက်မှုရှိသည်။ ယေဘုယျအားဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် တရားမဝင် အလုပ်အကိုင်များမြင့်မားနေပြီး အဆိုပါကဏ္ဍများတွင် လူမှုဖူလုံရေးအစီအစဉ်မရှိခြင်းသည် အလုပ်သမားများ၏ အားနည်းချက်ကို ပိုမိုဆိုးရွားစေသည်။ ရေတိုစီးပွားရေးလုပ်ငန်းများရှိ အလုပ်သမားများသည်လည်း လူမှုဖူလုံရေးအစီအစဉ် မရရှိမှုကြောင့် ထိခိုက်လွယ်လျက်ရှိသည်။ အဆိုပါအလုပ်သမားများသည် ကပ်ရောဂါကာလအတွင်း စီးပွားရေးကျဆင်းမှုကြောင့် ဆင်းရဲတွင်းသို့ ကျရောက်နိုင်ခြေ ပိုမိုမြင့်တက်လာပြီး ရွှေ့ပြောင်းလုပ်သားများ၏ လုပ်ခလစာ သို့မဟုတ် အလုပ်ခန့်အပ်မှုကို လျော့နည်း သွားစေသည်။

လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးစံနှုန်းများများတိုးတက်စေရေး[52]၊ အလုပ်သမားများ၏ နေထိုင်မှုပုံစံ မြှင့်တင် ပေးရေးသည် ကိုဗစ်-၁၉ ရောဂါထိတွေ့မှုအန္တရာယ်မြင့်မားသည့် အဝေးမှလုပ်ကိုင်၍ မရနိုင်သောလုပ်ငန်းများအတွက် အထူး အရေးကြီးသည်။ ကပ်ရောဂါ သို့မဟုတ်အခြားသော အကျပ်အတည်းများ ဖြစ်နေချိန်အတွင်း ရွှေ့ပြောင်းလုပ်သားများကို ထိထိရောက်ရောက်ကာကွယ်ပေးနိုင်သော ရွှေ့ပြောင်းလုပ်သားရေးရာမူဝါဒကို ပြင်ဆင်ရန်လိုအပ်သည်။ ရွှေ့ပြောင်းလုပ်သားများ ၏အခွင့်အရေးများကိုကာကွယ်မြှင့်တင်ပေးရေးဆိုင်ရာအာဆီယံသဘောတူညီချက်[53] အတွက် လုပ်ငန်းစဉ်ကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်းသည် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ ထို့အပြင် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး ဆောင်ရွက်နေစဉ် လုပ်သားများ၏သာယာဝပြောမှုကိုလည်းသေချာစေရန် အလုပ်သမားဥပဒေနှင့်မူဝါဒများကို ကိုဗစ်လွန်ကာလ လုပ်ငန်းခွင် အခြေအနေများ နေထိုင်မှုပုံစံအသစ်[54] တို့နှင့် လိုက်လျောညီထွေရှိစေရေး ပြုပြင်ပြောင်းလဲရန် လိုအပ်သည်။ ထို့ပြင် အန္တရာယ် များသော လုပ်ငန်းခွင်အခြေအနေကိုလျှော့ချရန်နှင့် လုပ်သားများအား ၄င်းတို့၏ ခံနိုင်စွမ်းကို မြှင့်တင်ရန်အတွက် ဥပဒေနှင့် မူဝါဒများ၏ ထိရောက်မှုကို အစိုးရနှင့် ညှိနှိုင်းဆွေးနွေးသည့် လုပ်ငန်းစဉ်များမှတစ်ဆင့် ပိုမိုခိုင်မာစေရေး ဆောင်ရွက်သွားရန် လိုအပ်သည်။

### ၂ (င)။ အာဆီယံပြန်လည်ထူထောင်ရေးအစီအစဉ်နှင့်လုပ်ဆောင်ချက်များတွင် ကျား၊မ တန်းတူညီမျှမှုကို ပေါင်းစည်းထည့်သွင်းခြင်း

ကိုဗစ်-၁၉ ရောဂါ၏ အချိုးအစားမညီမျှသော သက်ရောက်ခြင်းများကို အမျိုးသား၊ အမျိုးသမီးများအပေါ် ကျယ်ပြန့်စွာ တွေ့ရှိရသည်။ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးအတွက် သိသာစွာ ပံ့ပိုးပေးနေသော ရှေ့တန်းမှကျန်းမာရေးစောင့်ရှောက်သူများ၊ လူမှုရေး လုပ်သားများ၊ ကျန်းမာရေးပညာရှင်များနှင့် ရပ်ရွာစေတနာ့ဝန်ထမ်းများတွင် အမျိုးသမီး ၇၀ ရာခိုင်နှုန်း ပါဝင်သည်ကို တွေ့ရသည်။ ထို့အပြင် အိမ်တွင်းနှင့် ရပ်ရွာပြုစုစောင့်ရှောက်ရေး လုပ်ငန်းများတွင်လည်း အမျိုးသမီးအများစု ပါဝင်လျက် ရှိသည်။ သို့သော်လည်း ကျား-မအခြေပြုအကြမ်းဖက်မှု ဖြစ်ပွားမှုနှုန်းသည် ကပ်ရောဂါကာလအတွင်းတွင် သိသိသာသာ တိုးလာသည်ကို တွေ့ရသည်။ ဤစိုးရိမ်ဖွယ်ရာကိစ္စရပ်သည် ရောဂါကူးစက်ခံရနိုင်ခြေ မြင့်မားလာခြင်း၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးခြင်းတို့အပြင် လိင်နှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာ အစရှိသည်တို့တွင် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုများရရှိမှု ကျဆင်းလာခြင်းတို့၏ ရလဒ်ဖြစ်သည်။ သို့ဖြစ်၍ လူမှုလုံခြုံမှုအား ကာကွယ်နိုင်ရန် ကျား၊ မ ကွဲပြားမှုအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုများကို အသိအမှတ်ပြုရမည် ဖြစ်သည်။

---

52 Development of Occupational Safety and Health (OSH)

53 The ASEAN Consensus on the Protection and Promotion of the Righs of Migrant Workers

54 New Normal

အကြမ်းဖက်မှုနှင့် အလွဲသုံးစားလုပ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အကူအညီပေးရေး ဖုန်းလိုင်းများထားရှိခြင်း၊ ယုံကြည်စိတ်ချရသော အစီရင်ခံခြင်းနှင့် တုံ့ပြန်မှုစနစ်များအပြင် အသွားအလာကန့်သတ်ထားသည့်အချိန်များ၌ အကြမ်းဖက်မှုခံစားရသူများ အား ကူညီပံ့ပိုးပေးသည့်စနစ်များ ထားရှိခြင်းတို့ ပြုလုပ်နိုင်သည်။ အဆိုပါအစီအမံများကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ခုလုံးရှိ ရှေ့တန်းလုပ်သားများနှင့် ဝန်ဆောင်မှုပေးသူများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် အကာအကွယ်ပေးနိုင်ရေး တို့အတွက်လည်း အသုံးချသင့်သည်။ ခံနိုင်ရည်တည်ဆောက်မှုကဏ္ဍတွင် အမျိုးသမီးများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းစဥ်၏ မောင်းနှင်အား တစ်ခုဖြစ်စေရန် အခကြေးငွေမရရှိသောစောင့်ရှောက်မှုနှင့် အိမ်တွင်းအလုပ်များကို လုပ်ဆောင်နေရသည့် တစ်ချိန်တည်းတွင် အမျိုးသမီးများအတွက် စီးပွားရေးဆိုင်ရာစွမ်းဆောင်မှုမြှင့်တင်နိုင်ရေးအတွက် ဒီဂျစ်တယ်နှင့် ငွေကြေးဆိုင်ရာပါဝင်မှုများမှ တစ်ဆင့် အားကောင်းစေရန် ဖန်တီးပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ထိခိုက်လွယ်သော အုပ်စုများရှိ အမျိုးသမီးများအတွက် ပိုမိုကျယ်ပြန့်၍ လက်လှမ်း မီနိုင်သော လူမှုလုံခြုံရေးကွန်ယက်များ၊ လူမှုရေးအကူအညီနှင့် လူမှုဖူလုံရေးအာမခံအစီအစဥ်များကိုပါ တစ်ဆက်တည်း ထည့်သွင်းထားသင့်သလို ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုများ တုံ့ပြန်နိုင်ရေးအတွက် ကျားမရေးရာ စံနှုန်းများထည့်သွင်းစဉ်းစားထားသည့်အခြေခံအဆောက်အုံများ[55] တည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ရန် လိုအပ်သည်။

### ကျယ်ပြန့်သောမဟာဗျူဟာ (၃) - အာဆီယံဒေသတွင်း ဈေးကွက်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးပေါင်းစည်းမှု အလားအလာကို မြှင့်တင်ခြင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးပြောင်းလဲမှုသည် ထုတ်လုပ်မှုနှင့် စားသုံးမှုပုံစံများအပါအဝင် ကမ္ဘာလုံး ဆိုင်ရာ စီးပွားရေးကို ကြီးမားသော ပြောင်းလဲမှုများဖြစ်ပေါ်စေပြီး ဝယ်လိုအားနှင့် ရောင်းလိုအားနှစ်ဖက်လုံးကို ထိခိုက်စေခဲ့သည်။ အများပြည်သူတို့၏ သွားလာမှုကို ကန့်သတ်စေသည့် ကြီးမားသော လူမှုရေးဆိုင်ရာကန့်သတ်ချက်များသည် ကုန်စည်နှင့် ထောက်ပံ့ရေးလမ်းကြောင်းများကို အနှောင့်အယှက်ဖြစ်စေပြီး နဂိုတည်ငြိမ်နေသော ကမ္ဘာ့ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ပိုမို ဆိုးရွားစေခဲ့သည်။ ကျယ်ပြန့်သောမဟာဗျူဟာ ၃ - အာဆီယံဒေသတွင်း ဈေးကွက်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေး ပေါင်းစည်းမှု အလားအလာကို မြှင့်တင်ခြင်း လုပ်ငန်းစဥ်သည် အာဆီယံဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တို့ကို အရှိန်အဟုန် မြှင့်တင်နိုင်ရန် နှင့် အာဆီယံအား လွတ်လပ်သည့် ဈေးကွက်တစ်ခုအဖြစ် ထူထောင်နိုင်ရန် ဦးစားပေး အာရုံစိုက်သည်။

အာဆီယံတွင် ကုန်သွယ်ရေးအရေးပါမှုကြောင့် ကပ်ရောဂါအလွန်ပြန်လည်ထူထောင်ရေးတွင် ကုန်သွယ်မှုသည် ပိုမိုလိုအပ်လာမည် ဖြစ်သည်။ ကပ်ရောဂါမဖြစ်မီနှစ်များတွင် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးလမ်းကြောင်းများသည် ၁၉၉၃ ခုနှစ် အာဆီယံ လွတ်လပ်သောကုန်သွယ်ရေးနယ်မြေမှ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအဖွဲ့အစည်းအထိ အာဆီယံဒေသတွင်း ဈေးကွက် ပေါင်းစပ်မှုကို ပံ့ပိုးနိုင်ခဲ့သည်။ ဒေသတွင်းကုန်ထုတ်လုပ်ရေးကွန်ရက်များကို ချဲ့ထွင်လာနိုင်သည်နှင့် အမျှ အာဆီယံဒေသတွင်း ကုန်သွယ်မှုမှာ ၂၃ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ကုန်သွယ်မှုစရိတ်များကျဆင်းလာသော်လည်း အာဆီယံဈေးကွက်၏ ယှဥ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်ရန် မလုံလောက်သေးပေ။ အာဆီယံဒေသတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မတည်ငြိမ်သော်လည်း မကြာသေးမီ နှစ်များအတွင်း အနည်းငယ်တိုးတက်လာကြောင်း တွေ့ရှိရသည်။ ကပ်ရောဂါ၏ရိုက်ခတ်မှုမှ ပြန်လည်ထူထောင်ရေး အတွက် ဒေသတွင်း ဈေးကွက်၏အလားအလာကို မြှင့်တင်နိုင်ရေးအတွက် အခွင့်အလမ်းများ ပိုမိုရရှိရန်လိုအပ်သည်။ တစ်ချိန်တည်းမှာပင် အာဆီယံအနေဖြင့် ပွင့်လင်းမြင်သာမှုရှိရန်နှင့် ပိုမိုကျယ်ပြန့်သော ဒေသဆိုင်ရာ ပေါင်းစည်းမှု အခွင့်အလမ်း များကို ဆုပ်ကိုင်နိုင်ရန်

[55] Gender responsive public and social infrastructure

လိုအပ်သည်။ ယင်းက ထောက်ပံ့ရေးကွင်းဆက်များကို မည်သို့ဖွဲ့စည်းသင့်ပြီး စီးပွားရေး ဆိုင်ရာ ပေါင်းစည်းမှုများကို မည်သို့ဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်။

ဤအချက်အတွက် ကျယ်ပြန့်သောမဟာဗျူဟာ ၃ ၌ဖော်ပြထားသည့်အတိုင်း အာဆီယံဒေသတွင်း ဈေးကွက်နှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးပေါင်းစည်းမှု အလားအလာကို မြှင့်တင်နိုင်ရန် အောက်တွင်ဖော်ပြထားသည့် အဓိကဦးစားပေးကဏ္ဍ ၁၀ ခု ကို ဖော်ထုတ်နိုင်ခဲ့သည် -

### ၃ (က)။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် ဈေးကွက်ဖွင့်ပေးခြင်း

အာဆီယံသည် ဒေသတွင်းနှင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အရေးကြီးကြောင်း စောစီးစွာသဘောပေါက်ခဲ့ပြီး ကပ်ရောဂါ၏ ရိုက်ခတ်မှုကို လျော့ပါးစေရန် ဈေးကွက်ကိုဖွင့်ထားခဲ့သည်။ စီးပွားရေးအပေါ် ကပ်ရောဂါ၏ သက်ရောက်မှု လျော့ပါးစေရန် အာဆီယံစီးပွားရေးဝန်ကြီးများ[56] သည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်ရန် အာဆီယံ၏ စီးပွားရေးဆိုင်ရာခံနိုင်ရည်ရှိမှု မြှင့်မားစေရေးကြေငြာချက်တစ်ရပ်[57] ကို ၂၀၂၀ မတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို့အပြင် အာဆီယံက ၎င်း၏ ဈေးကွက် ဆက်လက်ဖွင့်ထားရေးဆုံးဖြတ်ချက်ကို ၂၀၂၀ ခုနှစ် ဧပြီလ ၁၄ ရက်နေ့၌ ကိုဗစ်-၁၉နှင့် ပတ်သက်သော အာဆီယံထိပ်သီးအထူးအစည်းအဝေးကြေငြာချက်[58] ဖြင့်ထုတ်ပြန်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါတုံ့ပြန်ရေးတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခွန့်ရှည်ရေးနှင့်ထောက်ပံ့မှုအားကောင်းစေရေးဟနွိုင်းအစီအစဉ်[59] ကိုလည်း ၂၀၂၀ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ကာ အာဆီယံ စီးပွားရေးဝန်ကြီးများက အတည်ပြုခဲ့သည်။ အဆိုပါဦးစားပေးလုပ်ငန်းစဉ်များတွင် ဒေသတွင်း နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ခြင်း ဒေသတွင်း အဓိကကျသော ကုန်သွယ်မှု မိတ်ဖက်များနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန် ပူးပေါင်း ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် ပံ့ပိုးပေးရန် ပါရှိသည်။

ကုန်စည်နှင့် ဝန်ဆောင်မှုများ ပါဝင်သော ကုန်သွယ်မှု နှင့် ရင်းနှီးမြှုပ်နှံများအတွက် အာဆီယံဈေးကွက်ကို လွတ်လပ်စွာ ထားရှိခြင်း ဖြင့် အဓိက သဘောတူညီချက် သုံးခုကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်လိုအပ်သည်။

(က) အာဆီယံကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်[60]

(ခ) အာဆီယံကုန်သွယ်ရေး ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်[61] မှ နောက်ဆက်တွဲအစားထိုးမည့် ဝန်ဆောင်မှုဆိုင်ရာ အာဆီယံ မူဘောင်သဘောတူညီချက်[62]

(ဂ) အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်[63]

ကမ္ဘာလုံးဆိုင်ရာထုတ်ကုန်တန်ဖိုးမြှင့်တင်ရေးလုပ်ငန်းစဉ် ပြန်လည်တည်ဆောက်နေမှုကြောင့် ဒေသတွင်းထုတ်လုပ်ရေး ကွန်ယက်များကို ၎င်းတို့၏စီးပွားရေးပုံစံများ ပိုမိုသွက်လက်ပြီး လိုက်လျောညီထွေဖြစ်အောင် ပြန်လည်စုဖွဲ့ခြင်းနည်းလမ်းဖြင့် ပြောင်းလဲနေသောဈေးကွက်တွန်းအားများအရ အာဆီယံသည် ထိပ်ဆုံးတွင်ဆက်လက်ရှိနေရန် အရေးကြီးသည်။ ရှိရင်းစွဲ သဘောတူညီချက်များနှင့် စည်းမျဉ်းများသည် စီးပွားရေးလမ်းကြောင်းများကို အရှိန်မြှင့်တုန့်ပြန်နိုင်ရန်မှာ အဓိကဦးစားပေး ဖြစ်သည်။

---

56 The ASEAN Economic Ministers (AEM)
57 A Statement on Strengthening ASEAN's Economic Resilience in Response to the Outbreak of COVID-19
58 Declaration of the Special ASEAN Summit on COVID-19
59 Hanoi Plan of Action of Strengthening Economic Cooperation and Supply Chain Connectivity in Response to COVID-19 Pandemic
60 ASEAN Trade in Goods Agreement (ATIGA)
61 ASEAN Framework Agreement on Services (AFAS)
62 ASEAN Trade in Services Agreement (ATISA)
63 ASEAN Comprehensive Investment Agreement (ACIA)

အာဆီယံသည် ၄င်း၏စျေးကွက်ချဲ့ထွင်မှုတွင် ဒေသတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေးအတွက် အဓိက ကုန်သွယ်ဖက်များနှင့် ဘက်စုံစီးပွားရေးမိတ်ဖက်သဘောတူညီချက်[64] အပြင် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်[65] ကိုလည်း ထားရှိသည်။ အာဆီယံနှင့် ၄င်း၏မိတ်ဖက်များသည် အဆိုပါသဘောတူညီချက်များ အားကောင်းလာစေရန် အကောင်အထည်ဖော်သည့်ယန္တရားအား ပံ့ပိုးပေးခြင်းကြောင့် အကျိုးကျေးဇူး များစွာ ခံစားရသည်။ လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက်ကို ကျင့်သုံးနိုင်ခြင်းသည် အာဆီယံအပါအဝင် မိတ်ဖက်များ၏ စီးပွားရေးခံနိုင်စွမ်းနှင့် ဒေသတွင်းထောက်ပံ့ရေး ကွင်းဆက်ချိတ်ဆက်မှုကို ပိုမို အားကောင်းစေသည်။ အထူးသဖြင့် e commerce နှင့် အခြား နှစ်ဦးနှစ်ဖက် အကျိုးရှိစေသည့် နယ်ပယ်များတွင် ဖြေလျော့မှုများရရှိနိုင်ရန်၊ လွတ်လပ်စွာကုန်သွယ်ရေး၌ ကြုံတွေ့နေရသည့် အတားအဆီးများကို ကိုင်တွယ် ဖြေရှင်းပြီး စီးပွားရေးပေါင်းစည်းမှုကို ချဲ့ထွင်နိုင်ရန် လုပ်ဆောင်လျက် ရှိသည်။

### ၃ (ခ)။ ထောက်ပံ့ရေးကွင်းဆက်ချိတ်ဆက်မှုနှင့်ခံနိုင်စွမ်း[66] တို့ အားကောင်းစေခြင်း

ကပ်ရောဂါသည် ထောက်ပံ့ရေးကွင်းဆက်များကို ထိခိုက်စေသည်နှင့်အမျှ ဒေသတွင်းကုန်ထုတ်လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် နှင့် ကုန်သွယ်မှုကိုမြှင့်တင်နိုင်ရန် တန်ဖိုးကွင်းဆက်များ[67]ကို ပြန်လည်သုံးသပ်ရန်[68] အရေးကြီးသည်။ အဆိုပါ လုပ်ငန်းစဉ်အား ပိုမိုအားကောင်းသည့် ထောက်ပံ့ရေးကွင်းဆက်များတည်ဆောက်ခြင်း၊ သတင်းအချက်အလက်များမျှဝေခြင်း၊ အရင်းအမြစ်များအား ပိုင်းခြားသတ်မှတ်ခြင်း၊ ကုန်ထုတ်လုပ်ရေးတွင် ခံနိုင်ရည်ရှိမှု၊ ရေရှည်တည်တံ့မှုနှင့် ထိရောက်မှုတို့အကြား ဟန်ချက်ညီစေရန် ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်နိုင်သည်။ ထို့ပြင် ကပ်ရောဂါကြောင့် နှောင့်နှေးခဲ့သည့် ကုန်သွယ်ရေး နှင့် ရင်းနှီးမြှုပ်နှံမှု အချိတ်အဆက်များကို ပြန်လည်ရယူနိုင်ရန် လိုအပ်သည်။ တစ်ချိန်တည်းမှာပင် ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်ရေးကွန်ရက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း ဈေးကွက် ပေါင်းစည်းမှုမှရရှိလာသောအကျိုးအမြတ်များ[69] ကို ၎င်းကွန်ရက်များ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်သားအင်အားသုံးထုတ်လုပ်မှု[70] နှင့် တန်ဖိုးမြှင့်ဝန်ဆောင်မှု[71] အချက်အချာများ အဖြစ် မြှင့်တင်နိုင်ရေး အားဖြည့်ဆောင်ရွက်သင့်ပါသည်။

ထို့အပြင် ကုန်ပစ္စည်းထုတ်လုပ်သူများမှ စားသုံးသူများထံ အနှောက်အယှက်မရှိဘဲ ပံ့ပိုးပေးနိုင်ရန်နှင့် ထောက်ပံ့ရေးကွင်းဆက် ချိတ်ဆက်မှုကို ထိန်းသိမ်းထားနိုင်ရန် လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် ကုန်းလမ်းစစ်ဆေးရေးဂိတ်များ အပါအဝင် ကုန်သွယ်ရေး လမ်းကြောင်းများကို ဖွင့်ပေးထားရန် အရေးကြီးသည်။ ယင်းကိုအောင်မြင်နိုင်ရန် အာဆီယံသည် (က) ထောက်ပံ့ရေး ကွင်းဆက်များ၏ခံနိုင်စွမ်းမြှင့်တင်ရေးအစီအမံများဖော်ထုတ်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း[72] (ခ) ပုဂ္ဂလိကကဏ္ဍ နှင့် နီးကပ်စွာ လုပ်ဆောင်ခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို တိုးမြှင့်စေခြင်း[73] (ဂ) ဈေးကွက်လုပ်ငန်းများကို မြှင့်တင်ရန်အတွက် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကဲ့သို့သော ဆန်းသစ်ပြီးစမတ်ကျသည့်နည်းလမ်းများကိုဖော်ဆောင်ခြင်း[74] စသည်တို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်သည်။

---

[64] Comprehensive Economic Partnership (CEP)
[65] Free Trade Agreements (FTA)
[66] Supply Chain Connectivity and Resilience
[67] Value Chain
[68] Re-thinking
[69] Gains from market integration
[70] Lobor-intensive manufacturing
[71] Value-added services
[72] Identify and implement measures for supply chain resilience
[73] Increase market competitiveness by working closely with private sector.
[74] Develop innovative and smart solutions such as digitalization to enhance market operations.

## ၃ (ဂ)။ နေထိုင်မှုပုံစံအသစ်တွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း

ကျယ်ပြန့်သောမဟာဗျူဟာ ၄ အောက်တွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးကို အသေးစိတ်ဖော်ပြထားသော်လည်း ကပ်ရောဂါ ကာလအတွင်း မလိုအပ်သော လူချင်းထိတွေ့မှုများကို လျှော့ချနိုင်မည့် နေထိုင်မှုပုံစံအသစ်အတွင်း ကုန်စည်ကူးသန်း ရောင်းဝယ်မှု တိုးမြှင့်နိုင်ရေးအတွက် ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုကို မြှင့်တင်ကာ ကုန်စည်များလျင်မြန်စွာရွှေ့လျားနိုင်ရန်နှင့် စားသုံးသူ လုပ်ထုံးလုပ်နည်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်နိုင်သည်။ E-commerce နှင့် အွန်လိုင်းငွေပေးချေမှုမှ အပ ကျယ်ပြန့်လာသော ဘဏ္ဍာရေးနည်းပညာများသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေပြီး အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ နယ်စပ်ဖြတ်ကျော်ငွေလွှဲမှုများကို မြှင့်တင်နိုင်သည်။

နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုလုပ်ငန်းစဥ်များ ပိုမိုလွယ်ကူစေရေးအတွက် ဒီဂျစ်တယ်နည်းလမ်းသို့ကူးပြောင်းရန် အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ ကုန်သွယ်မှုစာရွက်စာတမ်းလိုအပ်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ ပေးခဲ့သည်။ ဥပမာအားဖြင့် ATIGA Form D အတွက် ဒီဂျစ်တယ်လက်မှတ်များနှင့် တံဆိပ်များကို အသုံးပြုခြင်းနှင့် လက်ခံခြင်း၊ ပို့ကုန် သွင်းကုန် ကြေငြာလွှာ တင်ပြရန်လုပ်ငန်းစဉ်၌ စာရွက်စာတမ်းလိုအပ်ချက်များ ဖြေလျှော့ပေးခြင်း အစရှိသဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ အချို့မှာလည်း စာရွက်စာတမ်းအခြေခံနည်းလမ်းများကို စွန့်လွှတ်ပြီး ASEAN Single Window (ASW) ကဲ့သို့သော အလိုအလျောက်ကုန်သွယ်မှုစနစ်များ နှင့် အီလက်ထရွန်းနစ်အခြေခံအဆောက်အအုံများ မှတဆင့် ဒီဂျစ်တယ် အသွင်ကူးပြောင်းမှုကို စတင်လုပ်ဆောင်လျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အေဂျင်စီများတွင် မတူညီသည့် စာရွက်စာတမ်းလိုအပ်ချက်များသည်လည်း ကုန်သွယ်ရေးတွင် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းစဉ်အတွက် သိမ်းဆည်းထားရန် လိုအပ်ပြီး ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ထို့ကြောင့် အာဆီယံသည် ဒေသတွင်း ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရန် ဒီဂျစ်တယ် စာရွက်စာတမ်းများကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာစေရေး လုပ်ဆောင်သင့်သည်။

ကုန်သွယ်မှုလုပ်ငန်းစဥ်များကိုလည်း ဒီဂျစ်တယ်အသွင်ကူးပြောင်းရန် လိုအပ်မည်ဖြစ်သည်။ သက်ဆိုင်ရာ အေဂျင်စီများမှ သက်သေခံ လက်မှတ်များရယူရာတွင် ကုန်သည်များအား သက်သေခံလက်မှတ်မူရင်း[75]၊ အာဆီယံသွင်းကုန်ကြေငြာလွှာနှင့် ပတ်သက်သည့်စာရွက်စာတမ်းများ[76] နှင့် အခြားသော စာရွက်စာတမ်းများကို အီလက်ထရောနစ်စနစ်ဖြင့် တင်သွင်းခွင့်ပြုခြင်းသည် ဒီဂျစ်တယ် အသွင်ကူးပြောင်းရေးကို လွယ်ကူမြန်ဆန်သော နည်းလမ်းတစ်ခုဖြစ်သည်။ ဦးတည်ရာဒေသနှင့် တင်သွင်းသည့် နိုင်ငံများမှ အချို့သောလုပ်ထုံးလုပ်နည်းများအား ဒီဂျစ်တယ်စာရွက်စာတမ်းများဖြင့် လက်ခံလာစေရန် ဆောင်ရွက်ခြင်းသည် နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးကို များစွာ လွယ်ကူချောမွေ့စေသည်။

ထို့အပြင် မတည်ငြိမ်သောငွေကြေးဈေးကွက်အခြေအနေများကြောင့် အာဆီယံဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပြည်တွင်းသုံး ငွေကြေးများကို အသုံးပြုခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးလွှဲပြောင်းမှုကုန်ကျစရိတ်နှင့် ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို လျှော့ချပေးနိုင်သည်။ ထို့အပြင် ဒေသသုံးငွေကြေးများကို ကျယ်ပြန့်စွာအသုံးပြုခြင်းက စီးပွားရေးနှင့် ဘဏ္ဍာရေးပေါင်းစည်းမှုကို ပိုမိုတိုးတက်စေသည့်အပြင် ဒေသတွင်းနိုင်ငံခြားငွေလဲလှယ်မှုနှင့် ငွေကြေး ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးကို စေ့ဆော်ပေးမည်ဖြစ်သည်။

---

[75] Certificate of Origin (CO)

[76] ASEAN Customs Declaration Documents (ACDD)

### ၃ (ဃ)။ ကုန်သွယ်မှုတားမြစ်ကန့်သတ်ချက်များ ပပျောက်ရေးနှင့် ဈေးကွက်ကိုပုံပျက်စေသော မူဝါဒများကို ဖယ်ရှားခြင်း

ကုန်သွယ်မှုအတွက် တားမြစ်ကန့်သတ်ချက်များ ပပျောက်စေရန်ဆောင်ရွက်ခြင်းသည် အာဆီယံဒေသတွင်း ကုန်သွယ်မှုကို ရေရှည် တည်တံ့စေသည်။ ထို့ကြောင့် ကုန်သွယ်မှုတားမြစ်ကန့်သတ်ချက်များ နှင့် ဈေးကွက်ကို ပုံပျက်စေသောမူဝါဒများအား ဖြေရှင်းခြင်း သည် အာဆီယံပြန်လည်ထူထောင်ရေးကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆောင်ရွက်သင့်သည့် နယ်ပယ်တစ်ခု ဖြစ်သည်။ လက်ရှိအချိန်တွင် ကုန်သွယ်မှုတားမြစ်ကန့်သတ်ချက်များဖယ်ရှားရေးသတ်မှတ်ချက်များ[77] အားမွမ်းမံခြင်း၊ လွတ်လပ်သော အကြံပေးအဖွဲ့များထူထောင်ခြင်းနှင့် ဦးစားပေးဆောင်ရွက်ရန်လိုအပ်သော ကုန်သွယ်မှုတားမြစ် ကန့်သတ်ချက်များ ဖယ်ရှားရေး တို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ကပ်ရောဂါတုံ့ပြန်မှုအနေဖြင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များချိတ်ဆက်မှုအားကောင်းလာစေရေးဟနွိုင်းအစီအစဉ်[78] ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အတွက် ကုန်သွယ်မှုတားမြစ်ကန့်သတ်ချက်များပပျောက်အောင် ပိုမိုအာရုံစိုက် ဆောင်ရွက်သင့်သည်။

### ၃ (င)။ လွတ်လပ်စွာ ခရီးသွားလာနိုင်ရေး မူဘောင်သတ်မှတ်ခြင်း

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ပြည်သူများ၏ နယ်စပ်ဖြတ်ကျော်သွားလာမှုများကို ကန့်သတ်လိုက်သည်။ အထူးသဖြင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကျဆင်းမှုသည် မူဝါဒချမှတ်သူများ ရင်ဆိုင်ရမည့် အကြီးမားဆုံးသောစိန်ခေါ်မှုများထဲမှ တစ်ခု ဖြစ်သည်။ ဒီဂျစ်တယ် နည်းပညာကိုအားထားသည့်စီးပွားရေးစနစ်ပေါ်ပေါက်လာသော် ရုပ်ပိုင်းဆိုင်ရာ ထိတွေ့မှုကို အပြည့်အဝ အစားထိုး၍ မရသေးပေ။ ခရီးသွားလာရေးလုပ်ငန်း ပြန်လည်ကောင်းမွန်လာစေရန်အတွက် အလုပ်သဘော ခရီးသွားလာသူများ ကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် ဝန်ထမ်းများ၏ နယ်စပ် ဖြတ်ကျော်သွားလာမှုကို လွယ်ကူ ချောမွေ့စေမည့် ဒေသအလိုက် လမ်းညွှန်ချက်များ ထားရှိရန် လိုအပ်သည်။ ၃၆ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်များ သည် စီးပွားရေးခရီးသွားလာမှုအပါအဝင် ပြည်သူများ၏ မရှိမဖြစ်လိုအပ်သော သွားလာလှုပ်ရှားမှုများကို ဘေးကင်းလုံခြုံစေရန် ပံ့ပိုးပေးခြင်းဖြင့် ဒေသတွင်းလိုအပ်သော အပြန်အလှန်ဆက်နွယ်မှုကို ထိန်းသိမ်းကြရန် တိုက်တွန်းအားပေးခဲ့သည်။

မဖြစ်မနေသွားရောက်ရန် လိုအပ်သည့် ခရီးသွားများအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သဘောတူညီထားသည့် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများနှင့်အညီ သွားလာရေး လွယ်ကူချောမွေ့စေရန် အာဆီယံလွတ်လပ်စွာခရီးသွားလာရေး အစီအစဉ် ကို စတင်ထားပြီးဖြစ်သည်။ အဆိုပါအစီအစဉ်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ချိတ်ဆက်မှုနှင့် ပုံမှန်စီးပွားရေး အခြေအနေသို့ ရောက်ရှိရေး ပြန်လည်ထူထောင်ရန်နှင့် နောက်ထပ်စီးပွားရေးကျဆင်းမှုမှ ကာကွယ်ရန် ၎င်း၏နယ်စပ်များကို တစ်ဖြည်းဖြည်း ပြန်လည် ဖွင့်လှစ်နိုင်မည်ဟု မျှော်မှန်းထားသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ခရီးသွားလာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက်လည်း သတင်းအချက်အလက်များနှင့် အကောင်းဆုံး အလေ့အကျင့်များ မျှဝေရန်လိုအပ်သည်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာထည့်သွင်းစဉ်းစားမှုများ၏နယ်ပယ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် စမ်းသပ်မှုစံနှုန်းများ နှင့် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ထိတွေ့မှုခြေရာခံခြင်းနှင့်ပတ်သက်သည့် မိုဘိုင်းအပ်ပလီကေးရှင်းများ၏ လုပ်ဆောင်နိုင်မှုကို ခြေရာခံခြင်းလုပ်ငန်းစဉ်၌ လွယ်ကူချောမွေ့စေရန် ဒေသဆိုင်ရာ

[77] Non-Tariff Measures Toolkits (NTM Toolkits)

[78] The Hanoi Plan of Action of Strengthening Economic Cooperation and Supply Chain Connectivity in Response to COVID-19 Pandemic.

လမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်း လုပ်ဆောင်နိုင်သည်။ ၎င်းတွင် ဒေသတွင်းထိတွေ့မှုခြေရာခံခြင်းအတွက် နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှုများအား လက်ခံ ကျင့်သုံးခြင်း တို့ ပါဝင်နိုင်သည်။

## ၃ (စ)။ သယ်ယူပို့ဆောင်ရေး တွင် ပံ့ပိုးကူညီမှုနှင့် ချိတ်ဆက်မှုများ အားကောင်းစေခြင်း

လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်မှုချောမွေ့စေရေးတို့သည် ဒွန်တွဲလျက် ရှိသည်။ ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးနှင့် ချိတ်ဆက်မှုမရှိလျှင် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို လွယ်ကူချောမွေ့စွာ လုပ်ဆောင်ရန်မဖြစ်နိုင်ပါ။ ဘေးကင်းသော၊ ထိရောက်သော၊ စွမ်းရည်မြင့်သော သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန် ဆောင်ရွက်ခြင်းသည် ကပ်ရောဂါကာလနှင့် နှောင်းပိုင်းကာလ စီးပွားရေးပြန်လည်နာလန်ထူလာစေမည့် အဓိကသော့ချက်ပင် ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း နယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ထုံးလုပ်နည်းများ ကွဲပြားသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ကုန်းလမ်းကုန်စည်ပို့ဆောင်မှုကို ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများနှင့် သန့်ရှင်းရေး ဆောင်ရွက်မှုများ တင်းကြပ်စွာ လိုက်နာစေခြင်းဖြင့် ခွင့်ပြုပေးထားသည်။ သို့သော် ၎င်းသည် နယ်စပ်ဖြတ်ကျော် လုပ်ထုံးလုပ်နည်းများကို ရှည်ကြာမှုဖြစ်ပေါ်စေနိုင်ပြီး၊ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လာမည်ဖြစ်သည်။ ဥပမာအားဖြင့် ကုန်တင်ယာဉ်နောက်တွဲ လဲလှယ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ကုန်တင်ယာဉ်၏ စက်ခေါင်းပိုင်းအား အခြားသော စက်ခေါင်းပိုင်းနှင့် နယ်စပ်တွင် လဲလှယ်၍ နောက်တွဲ/ကွန်တိန်နာကို ဆက်လက်သယ်ဆောင်ခြင်းသည် ဖြေရှင်းချက် နည်းလမ်း တစ်ခု ဖြစ်နိုင်သည်။ ထို့အပြင် လုပ်ငန်းလည်ပတ်မှုထိရောက်စေရန် ဆိပ်ကမ်းရှိကုန်စည်များအား လျင်မြန်စွာရှင်းလင်းနိုင်ရေး[79] အတွက် စာရွက်စာတမ်းလိုအပ်ချက်များကို ဒီဂျစ်တယ်စနစ်သို့ အပြည့်အဝပြောင်းလဲနိုင်ရန် ဒီဂျစ်တယ်အခြေခံ အဆောက်အအုံများ နှင့် ကြီးမားသည့် ဒေတာ ပလက်ဖောင်းများ ကို အသုံးပြုရန် လိုအပ်ကြောင်း အလေးပေးအကြံပြုထားသည်။

UNESCAP[80] နှင့် ITF[81] တို့၏ ပံ့ပိုးကူညီမှုဖြင့် အာဆီယံသည် "အာဆီယံအတွင်း ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်သော နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုအတွက် ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေး လမ်းညွှန်ချက်များ[82]" ကို ရေးဆွဲ ဆောင်ရွက်သွားမည် ဖြစ်သည်။ ၎င်းသည် အာဆီယံ၏ ပို့ဆောင်ဆက်သွယ်ရေးမဟာဗျူဟာများဖြစ်သည့် အာဆီယံပို့ဆောင်ဆက်သွယ်ရေးမဟာဗျူဟာ ၂၀၁၆-၂၀၂၅[83]၊ ကွာလာလမ်ပူပို့ဆောင်ဆက်သွယ်ရေးမဟာဗျူဟာ[84]၊ အာဆီယံ၏ ချိတ်ဆက်ဆောင်ရွက်ရေးလမ်းညွှန်ချက်-၂၀၂၅[85]၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ[86] နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသား ရာသီဥတုဆိုင်ရာ ရည်မှန်းချက်များ စသည်တို့နှင့်ညှိနှိုင်းဆောင်ရွက်သွားမည်။ လမ်းညွှန်ချက်များ အပြည့်အဝရရှိပြီးသည်နှင့် စီးပွားရေးလုပ်ငန်းများကို ပုံမှန်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေရန်ပံ့ပိုးပေးရာတွင် ခိုင်မာသောလှုပ်ရှားမှုများ ဖော်ထုတ်ပြီး အကောင်အထည် ဖော်နိုင်မည်ဖြစ်သည်။

## ၃ (ဆ)။ ထိခိုက်မှုအများဆုံးကဏ္ဍများ (ခရီးသွားလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ကို ပြန်လည် ထူထောင်ခြင်းနှင့် လုပ်ငန်းခွင် လုံခြုံစိတ်ချရမှုရှိစေခြင်း

---

[79] Ship-port interfaces
[80] United Nations Economic and Social Commission for Asia and the Pacific
[81] International Transport Fourm
[82] COVID-19 Recovery Guidelines for Resilient and Sustainable International Road Freight Transport Connectivity in ASEAN
[83] ASEAN Transport Strategic Plan 2016-2025
[84] Kuala Lumpur Transport Strategic Plan (KLTSP)
[85] Master Plan on ASEAN Connectivity 2025
[86] Sustainable Development Goals (SDGs)

ကပ်ရောဂါသည် ကဏ္ဍအသီးသီးသို့ သက်ရောက်ရှိမှုသော်လည်း တူညီမှုမရှိပါ။ ခရီးသွားလာရန် ကန့်သတ်ချက်များ၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေရန် သတ်မှတ်ချက်များကြောင့် အရင်းအနှီးနည်းပါးသူများအပါအဝင် အချို့မှာ ပြင်းထန်စွာ ထိခိုက် ခံစားရသည်။ ဤအဓိကဦးစားပေးမှုသည် ခရီးသွားလုပ်ငန်းနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ကနဦးတွင် အာရုံ စိုက်ထားသော်လည်း နောက်ပိုင်းတွင် အလျဉ်းသင့်သလို တိုးချဲ့နိုင်သည်။ စီးပွားရေးလုပ်ငန်းများ ဘေးကင်း လုံခြုံစွာ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ပံ့ပိုးကူညီရန်နည်းလမ်းတစ်ခုမှာ ဒေသတွင်း ထောက်ပံ့ရေးလမ်းကြောင်းတစ်လျှောက် စီးပွားရေး လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကဏ္ဍအလိုက် ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် နည်းလမ်းများဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုတိုးတက်စေရန်နှင့် ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကို လျှော့ပါးစေရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍကို ပြန်လည်အသက်သွင်းခြင်းသည် စီးပွားရေးတိုးတက်စေရေး (ဒေသတွင်း GDP ၏ ၁၄.၃% ရှိသည်) နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားစေရေး (ဒေသတွင်း အလုပ်အကိုင်စုစုပေါင်း၏ ၁၃.၇% ကို အလုပ်ပေးထားသည်) တို့ကို ထိရောက်စွာ ပံ့ပိုးပေးနိုင်ခြင်းကြောင့် အရေးကြီးသည်။ ထို့ကြောင့် အာဆီယံ ခရီးသွား လုပ်ငန်း ပြန်လည်ထူထောင်ရေးအစီအစဉ် တိုးတက်ရေးသည် ခရီးသွားကဏ္ဍပြန်လည်ရှင်သန်လာစေရန်အတွက်သာမက အလုံးစုံ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုးပမ်း အားထုတ်မှုများကိုပါ အထောက်အကူဖြစ်စေသည်။ ယင်းအစီအစဉ် သည် ရှိရင်းစွဲ ဒေသဆိုင်ရာ အစီအစဉ်များ ဖြစ်သည့် အာဆီယံ ခရီးသွားလုပ်ငန်းမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅[87]၊ ဂေဟစနစ်ထိန်းသိမ်းသောခရီးသွားအစုအဖွဲ့များနှင့် လွတ်လပ်စွာ ခရီးသွားလာရေးဆိုင်ရာမဟာဗျူဟာဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံပါ့(က်)ဆေး[88]ကြေညာချက်[89]၊ အာဆီယံခရီးသွားလုပ်ငန်း ဆိုင်ရာဂျန်ဒါနှင့်ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်[90]နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် ပုဂ္ဂလိက ကဏ္ဍများ ပူးပေါင်းပါဝင်မှုဆိုင်ရာ အခြားသောမဟာဗျူဟာများကို တည်ဆဲဒေသဆိုင်ရာ အစီအစဉ်များနှင့် လုပ်ပိုင်ခွင့်များအား အားဖြည့်ရန် ကူညီပေးမည်ဖြစ်သည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဒေသစီးပွားရေး၏ ကျောရိုးဖြစ်ပြီး နိုင်ငံအလိုက် လုပ်ငန်းစုစုပေါင်း၏ ၈၈.၈% နှင့် ၉၉.၉% ကြားရှိပြီး အလုပ်အကိုင်စုစုပေါင်း၏ ၅၁.၇% နှင့် ၉၇.၂% ကြား၊ GDP ၃၀% မှ ၅၃% အကြား ပံ့ပိုးပေးလျက် ရှိသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံအလိုက်စီးပွားရေးကို ကြီးမားစွာ ထောက်ကူပေးလျက် ရှိနေသော်လည်း ၎င်းတို့သည် အရင်းအနှီးနည်းပါးသောကြောင့် ထိခိုက်လွယ်သော စီးပွားရေးလုပ်ငန်းများဖြစ်ကာ ငွေဖြစ်လွယ်မှု အပါအဝင် ၎င်းတို့၏ လုပ်ငန်းပုံစံများ၊ လုပ်ငန်းခွင်နည်းလမ်းများနှင့် ဈေးကွက်ချဲ့ထွင်မှု လမ်းကြောင်းများကို လျင်မြန်စွာ ပြောင်းလဲခြင်း မပြုလုပ်နိုင်ပေ။ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအများစုဖြစ်သည့် မိရိုးဖလာ စီးပွားရေး လုပ်ငန်းများဖြစ်သည်။ သို့သော်လည်း ကြီးမားသောကုမ္ပဏီများထက် ၎င်းတို့၏ သေးငယ်သော အရွယ်အစားကို အသုံးချပြီး ပိုမို လျင်မြန်စွာ တီထွင်ဆန်းသစ်နိုင်သည့် ကုမ္ပဏီအနည်းစုလည်းပါဝင်နိုင်ကာ ဆန်းသစ်ပြီး လျင်မြန်သော နည်းလမ်းများဖြင့် အကျပ်အတည်းများကို ကူညီဖြေရှင်းပေးနိုင်ကြသည်။ ရလဒ်အနေဖြင့် အထွေထွေစီးပွားရေးပံ့ပိုးမှုအစီအစဉ်များထက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သီးသန့်ပံ့ပိုးပေးသည့်အစီအစဉ်များက ပိုမိုအာမခံချက်ရှိနိုင်သည်။

ထို့အပြင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ကွန်ရက်များကို တည်ဆောက်ရန်လည်း အရေးကြီးသည်။ ၎င်းတွင် ဒီဂျစ်တယ်နည်းပညာအသုံးပြုမှုကို မြှင့်တင်ရန်၊

---

[87] ASEAN Tourism Strategic Plan 2016-2025
[88] Pakse – Champasak Province, Lao PDR
[89] Pakse Declaration on Roadmap for Strategic Development of Ecotourism Clusters and Tourism Corrideors
[90] ASEAN Gender and Developpment Framework on Tourism

စွန့်ဦးတီထွင်နိုင်စွမ်းနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေးတို့ ပါဝင်သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများ လက်လှမ်းမီစေရေး ကူညီဆောင်ရွက်ပေးခြင်း၊ ချေးငွေများလွယ်ကူစွာရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များတွင် ၎င်းတို့၏ ပါဝင်မှုမြင့်မားလာစေရန် ပံ့ပိုးလှုံ့ဆော်ပေးခြင်း၊ လိုအပ်သည့် သင်တန်းများနှင့် လမ်းညွှန်ပေးမှုအစီအစဉ်များ၊ စီးပွားရေးအကြံပေးဝန်ဆောင်မှုများနှင့် သုတဘဏ်တို့မှတဆင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို တည်ဆောက်ပေးရမည်။ ပိုမိုထိရောက်သော ပို့ဆောင်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများ ဖြစ်ပေါ်လာစေရန် အထောက်အကူပေးနိုင်မည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းဖြင့် အိမ်ထောင်စုအလိုက် သုံးစွဲမှုကို ပုံမှန် အနေအထားသို့ ပြန်လည်ရောက်ရှိစေမည် ဖြစ်သည်။ လူမှုရေးဆိုင်ရာအကျိုးသက်ရောက်မှုများ ပိုမိုရရှိစေရန်အတွက် ဆိုးကျိုးသက်ရောက်မှုခံစားရသော ဒေသများ နှင့် အုပ်စုများ အပါအဝင် ပိုမိုကျယ်ပြန့်စွာ ပံ့ပိုးပေးရန် လိုအပ်သည်။

### ၃ (ဇ)။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်ကို ချောမွေ့စေရန် ပံ့ပိုးကူညီမှုအား အရှိန်မြှင့်ခြင်းနှင့် ပူးပေါင်းစည်းရုံးလှုပ်ရှားမှု အစပျိုးခြင်းများ

၂၀၁၂ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သော အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်[91] သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတွင်း လွတ်လပ်၍ ပွင့်လင်းမြင်သာမှုရှိသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကို ဖန်တီးရန် ရည်ရွယ်သည်။ အာဆီယံ၏ အဓိက ကုန်သွယ်ဖက်များနှင့် ချုပ်ဆိုထားသည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်တွင် ဝန်ဆောင်မှု နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍများ ပါဝင်သည်။ နောက်ထပ်ဆောင်ရွက်သည့် စေ့စပ်ညှိနှိုင်းမှုများတွင် ဖြေလျှော့မှုနှင့် အကာအကွယ်ပေးရေး ကဏ္ဍတို့၌ ကတိကဝတ်များစွာရရှိခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး နှင့် ပံ့ပိုးကူညီပေးရေး အပိုင်းတို့တွင် တူညီသော အမြင် မရရှိခဲ့ပေ။ ဒေသတွင်းကပ်ရောဂါလွန်ပတ်ဝန်းကျင်အတွက်ပြင်ဆင်နေချိန်တွင် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ရေးကွင်းဆက် ပြန်လည်ဖွဲ့စည်းခြင်းမှဖြစ်ပေါ်လာမည့် အလားအလာများကိုမျှော်မှန်း၍ အနာဂတ်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအဆင်ပြေချောမွေ့စေမည့် စီမံချက်များ ထားရှိရန် လိုအပ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်[92] နှင့် အေပက်[93] ကဲ့သို့သော အခြားသက်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲများတွင် အာဆီယံရင်းနှီးမြှုပ်နှံမှုနှင့်ပံ့ပိုးကူညီမှုဆိုင်ရာမူဘောင်တစ်ရပ်ကို အာဆီယံ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှု၏ လက်ငင်းရလဒ်များအဖြစ် ထည့်သွင်း ပြောဆိုနိုင်သည်။

### ၃ (ဈ)။ ဒေသတွင်းချိတ်ဆက်မှုများအတွက် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု Public Private Partnership (PPP) ကို မြှင့်တင်ခြင်း။

အာဆီယံသည် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အခြေခံအဆောက်အအုံများ တိုးချဲ့ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းနည်းလမ်းများဖြင့် ဒေသတွင်းချိတ်ဆက်မှုမှတဆင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကို အရှိန်အဟုန်မြှင့်မည်ဖြစ်သည်။ ယင်းသည် အဓိကကုန်သွယ်မှုလမ်းကြောင်းများနှင့် ထောက်ပံ့ရေးကွန်ရက်များ၏ စွမ်းဆောင်ရည်ကို တိုးတက်စေပြီး ဒီဂျစ်တယ်စီးပွားရေးအခွင့်အလမ်းများကို ဖွင့်ပေးမည် ဖြစ်သည်။ ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှင့် ချိတ်ဆက်မှုတို့ ဖြည့်ဆည်းနိုင်ရန် အာဆီယံ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် သည် ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈၄ ဘီလီယံ လိုအပ်နိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်[94] မှ ခန့်မှန်းထားသည်။ သို့သော် ကိုဗစ်-၁၉ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသော လူမှုစီးပွားထိခိုက်မှုများကို

---

[91] The ASEAN Comprehensive Investment Agreement (ACIA)
[92] World Trade Organization (WTO)
[93] Asia-pacific Economic Cooperation (APEC)
[94] Asian Development Bank (ADB)

လျော့ပါးရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်လိုအပ်ချက်များကြောင့် ဒေသတွင်းအစိုးရများအား အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရန် ဦးစားပေးမှုများအပေါ် ပြန်လည်စိစစ်အကဲဖြတ်ရန် တွန်းအားပေးမှုများရှိခဲ့သည်။ အဆိုပါအခြေအနေတွင် အာဆီယံဒေသအတွင်းအခြေခံအဆောက်အအုံကွာဟချက်ကိုဖြေရှင်းရန်အတွက် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု[95] မှတစ်ဆင့် ပုဂ္ဂလိကအရင်းအမြစ်များနှင့် ဘဏ္ဍာရေးနည်းလမ်းများကို အသုံးချရန် လိုအပ်လာပါသည်။ အာဆီယံချိတ်ဆက်မှုဆိုင်ရာ မဟာဗျူဟာစီမံကိန်း[96] ၂၀၂၅ အောက်ရှိ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာကနဦးလမ်းကြောင်းစီမံကိန်းများ[97] မှ တဆင့် အာဆီယံသည် အစိုးရ-ပုဂ္ဂလိကမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့် ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံ ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ကို ဆွဲဆောင်လျက်ရှိသည်။

ဒေသတွင်းချိတ်ဆက်မှုအတွက် အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းသည် အခြေခံအဆောက်အအုံ စီမံကိန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုများကို ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းပေးနိုင်ပြီး အစိုးရများအတွက် ကြီးမားသောအကျိုးကျေးဇူးများ ရရှိစေသည်။ အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် ပုဂ္ဂလိကကဏ္ဍ၏ ကျွမ်းကျင်မှုနှင့် ဆန်းသစ်တီထွင်မှုတို့ကို အစိုးရများကထိရောက်စွာ အသုံးချနိုင်ပြီး အာဆီယံကို ကပ်ရောဂါဘေးမှ လျင်မြန်စွာ ရုန်းထနိုင်စေရန် ကူညီပေးမည်ဖြစ်ပါသည်။ အာဆီယံသည် လက်ရှိရှိပြီးဖြစ်သော အစိုးရ-ပုဂ္ဂလိက မိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်များ[98] ကို ချိတ်ဆက်မှုအားကောင်းစေရန် တိုက်တွန်း အားပေးထားသည်။

### ၃ (ည)။ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေးကို စောစီးစွာ အသက်ဝင်စေရန် လက်မှတ်ရေးထိုးခြင်း

ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံရေး[99] ကို လက်မှတ်ရေးထိုးခြင်းသည် အာဆီယံက ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ အတွင်း အောင်မြင်ရန် မျှော်မှန်းထားသည့် မျှော်မှန်းချက်တစ်ခုဖြစ်သည်။ ယင်းသည် တိုးတက်ပြောင်းလဲနေသော ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံ၌ အာဆီယံ၏အခန်းကဏ္ဍကို အားဖြည့်ပေးနေပြီး ဒေသတွင်းလွတ်လပ်သော ကုန်သွယ်မှုမြှင့်တင်ရေး နှင့် ကိုဗစ်-၁၉ကာလအလွန်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အထူးသဖြင့် စီးပွားရေးယုံကြည်မှုကို မြှင့်တင်ရန်၊ ဒေသနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တိုးတက်ရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူ ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ RCEP ကို လက်မှတ်ရေးထိုးပြီးပါက သဘောတူညီချက်ပါ အကောင်အထည်ဖော်မှုများသည် ဒေသတွင်း ကိုဗစ်-၁၉ ကာလနောက်ပိုင်း စီးပွားရေးနှင့် လူမှုရေး ပြန်လည်နာလန်ထူလာမှုတို့ကို အထောက်အကူဖြစ်စေမည် ဟု မျှော်လင့်သည်။ ထို့ကြောင့် RCEP သဘောတူညီချက်ကို အချိန်နှင့် တစ်ပြေးညီ တိကျစွာ အကောင်အထည်ဖော်ခြင်းဖြင့် အကျိုး သက်ရောက်မှုကို ဆန်းစစ်နိုင်မည်ဖြစ်သည်။ လက်မှတ်ရေးထိုးပြီးနောက် RCEP အသက်ဝင်လာစေရန် ပြည်တွင်း လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်ရန် အရေးကြီးသည်။

### ကျယ်ပြန့်သော မဟာဗျူဟာ (၄) - အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်း

အာဆီယံတွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုသည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း သိသိသာသာ အရှိန် မြင့်လာခဲ့ပြီး ၎င်းသည် ဒေသတွင်းလူဦးရေအချိုးအစားပြောင်းလဲမှုကြောင့် လူငယ်ဦးရေများပြားလာခြင်း၊ ဝင်ငွေအလယ်အလတ်

[95] Public-Private Partnership (PPP)
[96] Master Plan on ASEAN Connectivity (MPAC) 2025
[97] The Initial Rolling Priority Pipeline of ASEAN Infrastructure Projects
[98] Existing PPP networks
[99] The Regional Comprehensive Economic Partnership (RCEP)

လူတန်းစားများ မြင့်တက်လာခြင်းအပြင် ဒေသတွင်း ဒီဂျစ်တယ်နည်းပညာအသုံးပြုမှု လျင်မြန်စွာတိုးပွားလာခြင်းတို့ကြောင့် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းများသည် ၎င်းတို့၏လုပ်ငန်းအရွယ်အစားမည်သို့ပင်ရှိစေကာမူ ဒီဂျစ်တယ် နည်းပညာကိုပြောင်းလဲအသုံးပြုခြင်းဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်ပြီး ကုန်ထုတ်စွမ်းအား၊ ထိရောက်မှု၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ အရည်အသွေး စသည်တို့ကို မြှင့်တင်ပေးနိုင်ပါသည်။ ဒေသတွင်း ဒီဂျစ်တယ်စီးပွားရေးသည် လျင်မြန်စွာ ပုံသဏ္ဍာန်ပြောင်းလဲနေပြီး ဒီဂျစ်တယ် စီးပွားရေးနှင့် ပတ်သက်သော သမားရိုးကျအယူအဆများသည်လည်း အဆက်မပြတ်ပြောင်းလဲနေသည်။ ကျယ်ပြန့်သော မဟာဗျူဟာ ၄ ရှိ အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ပြောင်းမှုကို အရှိန်မြှင့်ခြင်းသည် ကိုဗစ်-၁၉ ကာလလွန်ကမ္ဘာတွင် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးကိုမြှင့်တင်ရန် အတွက် ကြီးမားသောအခွင့်အလမ်းများပင် ဖြစ်သည်။

အာဆီယံ၏ စီးပွားရေး အရွယ်အစားသည် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ သို့မဟုတ် GDP ၏ ၁.၃ ရာခိုင်နှုန်းမှ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၇ ဘီလီယံ သို့မဟုတ် GDP ၏ ၈.၅ ရာခိုင်နှုန်းထိ ၆.၄ ဆ တိုးလာရန် မျှော်မှန်းထားသည်။ ဒီဂျစ်တယ်စီးပွားရေးသည် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည်နှင့်အညီ အာဆီယံ အနေဖြင့် ၎င်း၏ဒီဂျစ်တယ်ကုန်သွယ်မှု[100] ကိုမြှင့်တင်နိုင်ရန် ဒီဂျစ်တယ်အခြေခံအဆောက်အအုံနှင့် ဆန်းသစ်တီထွင်မှု၊ ဒေတာ အချက်အလက်များအုပ်ချုပ်မှုနှင့် ဆိုက်ဘာလုံခြုံရေးစသည့် မရှိမဖြစ်လိုအပ်သော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် ခိုင်မာသော မူဘောင်တစ်ရပ်ကို ချမှတ်ထားသည်။ အာဆီယံသတင်း အချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ မာစတာပလန်-၂၀၂၀[101] အီလက်ထရွန်းနစ် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက်[102]နှင့် မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အာဆီယံဒီဂျစ်တယ်နည်းပညာဆိုင်ရာပေါင်းစည်းရေးမူဘောင်-၂၀၁၉-၂၀၂၅[103] (ပုံ-၇)၊ အာဆီယံချိတ်ဆက်မှု ဆိုင်ရာမဟာစီမံကိန်း-၂၀၂၅[104] စသည်တို့ကို ဒေသတွင်း ရေရှည်တည်တံ့ပြီး အားလုံး ပါဝင်နိုင်သည့် ဒီဂျစ်တယ်စီးပွားရေးကို မြှင့်တင်နိုင်ရန် ရည်ရွက်ချက်ဖြင့် ချမှတ်ထားခဲ့သည်။

[100] E-Commerce
[101] ASEAN ICT Master Plan 2020
[102] ASEAN Agreement on Electronic Commerce
[103] The ASEAN Digital Integration Framework Action Plan 2019-2925 (DIFAP)
[104] Master  Plan on ASEAN Connectivity 2025

ပုံ (၇)၊ အာဆီယံ ဒီဂျစ်တယ် ပေါင်းစည်းရေးမူဘောင်




အရင်းအမြစ် - အာဆီယံအတွင်းရေးမှူးချုပ်ရုံး

ဤမကြုံစဖူးသောအခြေအနေများတွင် ဒီဂျစ်တယ်နည်းပညာများသည် အစားထိုးဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဖော်ဆောင် ပေးနိုင်သည့်အတွက် ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းရန် မရှိမဖြစ်လိုအပ်လာသည်။ ပြောင်းလဲလာသော လူနေမှု ပုံစံအသစ်အရ အာဆီယံ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများသည်လည်း ဒီဂျစ်တယ်ကိရိယာများနှင့် ရင်းနှီးကျွမ်းဝင်လာပြီး အသုံးပြုလာကြသလို ဒီဂျစ်တယ်နည်းပညာ အသုံးပြုမှုမြင့်တက်လာသည်နှင့်အမျှ ပြဿနာများလည်း ပေါ်ပေါက်လာသည်။ ဒီဂျစ်တယ် နည်းပညာ အသုံးပြုမှုတိုးတက်လာခြင်းသည်လည်း စိန်ခေါ်မှုများကို များပြားလာစေပြီး ဒီဂျစ်တယ်ကွဲပြားမှု၊ အခြေခံ အသိပညာနည်းပါးမှု၊ ဒီဂျစ်တယ်အခြေခံအဆောက်အအုံဆိုင်ရာ ရှုပ်ထွေးသောစည်းမျဉ်းများ၊ အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ၏စွမ်းဆောင်ရည်အကန့်အသတ်၊ ဆိုက်ဘာလုံခြုံရေးပြဿနာများ စသည်တို့သည် လတ်တလောဖြေရှင်းရန် လိုအပ်နေသည့် စိန်ခေါ်မှုများပင်ဖြစ်သည်။ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင် ခြင်းသည် ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေးနှင့် ရေရှည်တည်တံ့သော တိုးတက်မှုတို့ကို သေချာစေရန်အတွက် အထောက်အကူဖြစ်စေသည်။ အာဆီယံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဒီဂျစ်တယ်စီးပွားရေးစနစ်၏ အခြေခံအုတ်မြစ်ကို ထိရောက်စွာ ပံ့ပိုးပေးနိုင်မည့် အရင်းအမြစ်များကို ပြန်လည်ချိန်ညှိရန် လိုအပ်သည်။

ကိုဗစ်-၁၉မှပြန်လည်ကောင်းမွန်လာစေရန် အာဆီယံအဆင့်မြင့်နည်းပညာသုံးမြို့ကြီးများကွန်ယက်[105] ကဲ့သို့သော လက်ရှိ ယန္တရားများကို အကြံဥာဏ်များဖလှယ်ရန်၊ ၎င်းတို့၏နည်းပညာနှင့်အတွေ့အကြုံများမျှဝေရန်အတွက်လည်း အသုံး ပြုသင့်သည်။

ကျယ်ပြန့်သော မဟာဗျူဟာ ၄ တွင် အားလုံးပါဝင်နိုင်သော ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ရန်အတွက် အဓိက ဦးစားပေး ကဏ္ဍ (၁၁) ခုကို အောက်ပါအတိုင်း ဖော်ထုတ်ထားသည် -

[105] ASEAN Smart Cities Network (ASCN)

## ၄ (က)။ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး နှင့် ဒီဂျစ်တယ်စီးပွားရေးကို မြှင့်တင်ခြင်း

အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးနှင့် ဒီဂျစ်တယ်စီးပွားရေးတို့ကို မြှင့်တင်ခြင်းသည် ကပ်ရောဂါကာလအတွင်း သိသိသာသာ ကျဆင်းသွားသော ဝယ်လိုအား ပြန်လည် ရှင်သန်လာစေရန် အရေးကြီးသည်။ ဒီဂျစ်တယ် ပေါင်းစည်းမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပါက ၂၀၂၅ ခုနှစ်အရောက်တွင် ဒေသတွင်း GDP ကို အမေရိကန်ဒေါ်လာ တစ်ထရီလီယံအထိ မြှင့်တင်နိုင်မည်ဟု ခန့်မှန်းထားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား e-commerce အသုံးပြုသည့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုကို မြှင့်တင်ရန်ရည်ရွယ်လျက် အာဆီယံအွန်လိုင်းဈေးရောင်းပွဲကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့၌ ကျင်းပခဲ့ပြီး နှစ်စဉ်ကျင်းပသွားရန် မျှော်လင့်ထားသည်။ ဒေသတွင်း e-commerce နှင့် ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာစီမံကိန်းအဖြစ် အာဆီယံဒီဂျစ်တယ်နည်းပညာဆိုင်ရာပေါင်းစပ်ရေးမူဘောင်အစီအစဉ်[106] DIFAP သည် အာဆီယံ၏ စုပေါင်းဆောင်ရွက်မှုများအတွက် အဓိကရည်ညွှန်းချက်ဖြစ်သည်။ DIFAP နှင့်အတူ၊ အာဆီယံဒီဂျစ်တယ် ပေါင်းစည်းမှု အညွှန်းကိန်း[107] ADII ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် အာဆီယံ စီးပွားရေးဝန်ကြီးများက အတည်ပြုခဲ့ပါသည်။ DIFAP ကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူဝါဒနှင့်အခြေခံအဆောက်အအုံများ အဆင်သင့်ဖြစ်မှု ကို တိုင်းတာနိုင်ရန် ADII ကို ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် အကောင်အထည်ဖော်နိုင်မည် ဟု မျှော်မှန်းထားသည့် အာဆီယံအီလက်ထရွန်းနစ်ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ သဘောတူညီချက်ကို အသက်ဝင်စေခြင်းဖြင့် အာဆီယံသည် ပြန်လည်ထူထောင်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်သော ဒီဂျစ်တယ်စီးပွားရေးကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှု (ဥပမာ အီလက်ထရွန်းနစ် နည်းပညာသုံးအဝေးမှဆေးဝါးကုသမှုပေးခြင်း[108]) အပါအဝင် ကျန်းမာရေးဆိုင်ရာကိရိယာများ၊ ဆေးဝါးပစ္စည်းများ၊ ကပ်ရောဂါ ကာကွယ်ဆေးများ အစရှိသည့် ကျန်းမာရေးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များ အားကောင်းလာစေရန် ဒီဂျစ်တယ်အသွင် ကူးပြောင်းရေးကို ဦးတည်လုပ်ဆောင်ရမည်ဖြစ်သည်။ အရေးကြီးဆုံးသောအချက်မှာ ကျန်းမာရေးဝန်ဆောင်မှုများ အဆင့် မြှင့်လာစေရေး ဖြစ်သည်။

## ၄ (ခ)။ အီလက်ထရွန်းနစ်-အုပ်ချုပ်မှု နှင့် အီလက်ထရွန်းနစ်-ဝန်ဆောင်မှုများကို မြှင့်တင်ခြင်း

အီလက်ထရွန်းနစ်-အုပ်ချုပ်မှု[109] ကိုမြှင့်တင်ခြင်းသည် အာဆီယံ၏ ဝန်ထမ်းရေးရာကိစ္စရပ်များဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ၂၀၁၅-၂၀၂၅[110] တွင် သတ်မှတ်ထားသည့်အတိုင်း အာဆီယံ၏ ဝန်ထမ်းရေးရာကိစ္စရပ်များ၏ ထိရောက်မှုနှင့် ပြည်သူကိုဦးတည်ပြီး ပြည်သူကိုဗဟိုပြုရန်ဟူသည့် ကတိကဝတ်ကို မီးမောင်းထိုးပြနေသည်။ အစိုးရများသည် လိုအပ်သော ကျန်းမာရေး လုပ်ထုံး လုပ်နည်းများကို လိုက်နာပြီး ဝန်ဆောင်မှုများ ဆက်လက်ပေးအပ်နိုင်ရန် အီလက်ထရွန်းနစ်အုပ်ချုပ်မှုစနစ်သည် ယခင်ထက် ပိုအရေးကြီးသည်။ အဆုံးသတ်တွင် အာဆီယံသည် ဒီဂျစ်တယ်ဆန်းသစ်တီထွင်မှုများနှင့် အရပ်ဘက်ဝန်ဆောင်မှုများတွင် ဒီဂျစ်တယ် အသုံးပြုခြင်းကို အားပေးနိုင်ရန် အမျိုးမျိုးသော ယန္တရားများ၊ မဟာဗျူဟာများ၊ မူဘောင်များနှင့် ပလက်ဖောင်းများကို အရှိန်မြှင့် လုပ်ဆောင်သင့်သည်။ ထို့အပြင် အီလက်ထရွန်းနစ်မှတ်ပုံတင်ခြင်း[111] နယ်ပယ်တွင် စွမ်းရည်မြှင့်တင်နိုင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့ကိုလည်း စူးစမ်းလေ့လာရမည်ဖြစ်သည်။ အာဆီယံသည် ပြည်သူလူထုအား ဝန်ဆောင်မှုများနှင့် အထောက်အပံ့များ ပေးအပ်ရာတွင် ဒီဂျစ်တယ် အသုံးပြုမှုကိုချဲ့ထွင်သင့်သကဲ့သို့ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်သင့်သည်။

[106] ASEAN Digital Integration Framework Action Plan (DIFAP)
[107] The ASEAN Digital Integration Index (ADII)
[108] Telemedicine
[109] E-Governance
[110] The ASEAN Cooperation on Civil Service Matters 2015-2025
[111] E-Identification (e-ID)

## ၄။ (ဂ) ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ဒေသတွင်း ငွေပေးချေမှုဆိုင်ရာ ချိတ်ဆက်မှုများ အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ပါဝင်မှုကို မြှင့်တင်ခြင်း။

ဒီဂျစ်တယ်ဘဏ္ဍာရေးဝန်ဆောင်မှုများနှင့် ဒေသတွင်းငွေပေးချေမှုချိတ်ဆက်မှုအပါအဝင် ဘဏ္ဍာရေးဆိုင်ရာပါဝင်မှုကို မြှင့်တင်ခြင်း သည် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု အောင်မြင်ရေးအတွက် အဓိကအဆုံးအဖြတ်ပေးမည့် အချက်ဖြစ်သည်။ လူပေါင်း ၂၆၅ သန်း သို့မဟုတ် အာဆီယံရှိ အရွယ်ရောက်ပြီးသူများ၏ ၄၄% သည် ဘဏ်များနှင့်ချိတ်ဆက်မှုမရှိဘဲ တရားဝင်မဟုတ်သော နည်းလမ်းများ ကိုသာ အသုံးပြုနေကြသေးသဖြင့် စိန်ခေါ်မှုများစွာရှိနေသည်။ အတားအဆီးများကို ဖယ်ရှားနိုင်ရန်အတွက် ထိရောက်ပြီး အပြန်အလှန်လုပ်ဆောင်နိုင်သော ငွေပေးချေမှုစနစ်များနှင့် (နည်းပညာ၊ မူဝါဒနှင့် စည်းမျဉ်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်များ) ကဲ့သို့သောအရာများကို အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွင် ထည့်သွင်း စဉ်းစားရန် အပြင် စီးပွားရေး လုပ်ငန်းများနှင့် စားသုံးသူများအတွက် ငွေကြေးလက်လှမ်းမီမှုကို တိုးမြှင့်ရန်လည်း လိုအပ်သည်။ ငွေကြေးဆိုင်ရာ အသိပညာများရရှိစေရန် အစပျိုးမှုများ၊ နည်းပညာဆိုင်ရာ ဖြေရှင်းချက်များအပြင် ကျေးလက်နှင့် ဝေးလံ ခေါင်သီသော ဒေသများတွင်ပါ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအားလက်လှမ်းမီစေရေးကို ချဲ့ထွင်ရန်လိုအပ်သည်။ ဘဏ်စနစ်ဖြင့် အလှမ်း ဝေးသောလူထုကို ဘဏ္ဍာရေးဆိုင်ရာအသိပညာများပေးခြင်းသည်လည်း အားလုံးပါဝင်နိုင်မှုကို ကျယ်ပြန့်လာစေသည်။

## ၄ (ဃ)။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဒီဂျစ်တယ် ကျွမ်းကျင်မှုနှင့် ဈေးကွက်များသို့ လက်လှမ်းမီမှုကို မြှင့်တင်ခြင်း။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် ဈေးကွက်များသို့ လက်လှမ်းမီနိုင်ရေးတို့တွင် မြှင့်တင်ခြင်း သည် ပြန်လည်ထူထောင်ရေးမူဘောင်ရှိ ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်းကို ထိရောက်မှုရှိစေရန် မရှိမဖြစ် လိုအပ်သည်။ အာဆီယံ၏ ဒီဂျစ်တယ်စီးပွားရေးတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းပါဝင်လာစေရန် ခိုင်မာသောအစီအစဉ်တစ်ရပ် ဆောင်ကျဉ်းပေးရန် လိုအပ်သည်။ အဆိုပါ အစီအစဉ်မှာ လိုအပ်၍ချမှတ်ခြင်းထက် ၎င်းတို့၏ ရပ်တည်ရှင်သန်နိုင်မှုကို အာမခံရန် မရှိမဖြစ်လိုအပ်သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် ဒေသတွင်း စီးပွားရေးအတွက် အဓိက ထောက်တိုင်များဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အသေးစားနှင့် အလတ်စားလုပ်ငန်း အများအပြားသည် ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်းလုပ်ငန်းစဉ်မှ ဘေးဖယ်ခံနေရဆဲဖြစ်ပြီး ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေး ကာလတွင် နောက်ထပ် ကျန်ရစ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ကိုဗစ်-၁၉ ၏ သက်ရောက်မှုကြောင့် ရင်ဆိုင်နေရသော စီးပွားရေးဆိုင်ရာအခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ကပ်ရောဂါ၏ မကြုံစဖူးသော သက်ရောက်မှုများကို ရင်ဆိုင်ခဲ့ရသည့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံဒီဂျစ်တယ်ကျွမ်းကျင်မှု[112] ဟူသည့် စီမံကိန်းတစ်ရပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒီဂျစ်တယ်နည်းပညာမြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

## ၄ (င)။ ချိတ်ဆက်မှုကို မြှင့်တင်ခြင်း။

ချိတ်ဆက်မှုကို မြှင့်တင်ခြင်းသည် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် အဓိကအခြေခံအချက်ဖြစ်ပြီး ပြည်သူအားလုံးမှာ လုံခြုံပြီးတတ်နိုင်စွမ်းရှိသောကွန်ရက်[113] ကိုအသုံးပြုခွင့် ရလာမည်ဖြစ်သည်။ ထို့အပြင်

---

[112] Go Digital ASEAN

[113] Secure and affordable Network access

ပြည်သူတစ်ရပ်လုံး၏ အသက် မွေးဝမ်းကြောင်းကို မြှင့်တင်နိုင်မည့်နည်းလမ်းများကိုလည်း ထောက်ပံ့ပေးနိုင်သည်။ ဒီဂျစ်တယ် ချိတ်ဆက်မှုသည် စီးပွားရေး လုပ်ငန်းများနှင့် စားသုံးသူများအတွက် တက်ကြွပြီး ရေရှည်တည်တံ့ခိုင်မြဲမှုကို အခြေခံသော အခြေခံအုတ်မြစ်ကို ဖန်တီးပေးသည်။ နိုင်ငံတကာမိုဘိုင်းဆက်သွယ်ရေးအာဆီယံမူဘောင်[114] ၏ ထိရောက်သောလည်ပတ်ဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုတာဝန်ဝတ္တရားများ[115] (USO 2.0) ဖွံ့ဖြိုးတိုးတက်မှုနှင့် ပဉ္စမမျိုးဆက်မိုဘိုင်းနည်းပညာ[116] ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်မှု တို့သည် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အထောက်အပံ့ ဖြစ်စေသည်။

### ၄ (စ) ။ ပညာရေးကဏ္ဍတွင် သတင်းအချက်အလက်၊ဆက်သွယ်မှုနှင့် နည်းပညာ (ICT) ကို မြှင့်တင်ခြင်း

ပညာရေးကဏ္ဍတွင် ICT ကို မြှင့်တင်ခြင်းသည် ၂၀၁၆-၂၀၂၀ အာဆီယံလုပ်ငန်းစဉ်[117] အောက်တွင် ဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သည်။ ပညာရေးနှင့် လူငယ်ကဏ္ဍနှစ်ခုစလုံးကို ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆောင်ရွက်မည့် လုပ်ငန်း စီမံချက်များတွင် အဓိကထားရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် အာဆီယံအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးတွင် ပညာရေးကို အနှောင့်အယှက်ဖြစ်စေခဲ့ပြီး ထိုကာလအတွင်း ပညာရေးစနစ်ပြင်ဆင်မှုလုံးဝမရှိသော်လည်း သင်ယူလေ့လာမှုများ အဆက် မပြတ်သွားစေရန်အတွက် ဒီဂျစ်တယ်နည်းလမ်းသည် အဖြေတစ်ခုကို ယူဆောင်လာခဲ့ကာ ကျောင်းများနှင့် ပညာရေးစနစ်ကိုလည်း ပြန်လည် ဆန်းသစ်စေခဲ့သည်။ လူနေမှုပုံစံအသစ်[118] သည် အာဆီယံအနေဖြင့် စွမ်းရည်အသစ်များ၊ ဆန်းသစ်သောသင်ကြားရေး နည်းလမ်းများ နှင့် ဒီဂျစ်တယ်နည်းပညာ၏ အားသာချက်များကို အသုံးချကာ အားလုံးပါဝင်နိုင်သည့်ပညာရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ရန်အရေးကြီးကြောင်း သိရှိစေခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျောင်းသားများနှင့် သင်ယူလေ့လာသူများကို အွန်လိုင်း အလွဲသုံးစားပြုလုပ်မှုနှင့် ခေါင်းပုံဖြတ်ခြင်းတို့မှ ကာကွယ်ရန်လည်း အရေးကြီးသည်။

### ၄ (ဆ)။ ဒီဂျစ်တယ် ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်ကို မြှင့်တင်ခြင်း။

ဒီဂျစ်တယ် ဥပဒေမူဘောင်နှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းရည်များမြှင့်တင်ခြင်းသည် ဒေသတွင်း ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် အာဆီယံဒီဂျစ်တယ်ပေါင်းစည်းရေးမူဘောင် ၂၀၁၉-၂၀၂၅[119] ၏ ရည်ရွယ်ချက်များထဲမှ တစ်ခုဖြစ်သည်။ ကျယ်ပြန့်သောရှုထောင့်အပေါ်အခြေခံ၍ ချမှတ်ထားသော မူဘောင်နှင့် စွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များ ကြောင့် ကပ်ရောဂါကာလအတွင်း ပေါ်ပေါက်လာသည့် အီလက်ထရွန်းနစ် ကူသန်းရောင်းဝယ်ရေးစနစ်ကို အသုံးပြုခြင်း သည် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအတွက် ယုံကြည်မှုမြှင့်တင်နိုင်ရေး လက်တွေ့ကျသောအစီအမံများကို ဦးစားပေး လုပ်ဆောင်ရန် လိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။ ဒီဂျစ်တယ်စည်းမျဉ်းစည်းကမ်းနှင့် အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များ သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကွဲပြားမှုရှိပြီး စွမ်းရည်မြှင့်တင်ခြင်း၊ သတင်းအချက်အလက်မျှဝေခြင်းနှင့် အလေ့အကျင့် ကောင်းများသည် ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ရပါမည်။ ထို့အပြင် အာဆီယံစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ဒေသတွင်း ဈေးကွက်ကို မြှင့်တင်ကာ တစ်ခုတည်းသော ဈေးကွက်၏ ရေရှည်အကျိုးခံစားခွင့်များကို အပြည့်အဝ ခံစားနိုင်စေမည့် “လမ်းကြောင်းသစ်ရှာဖွေသူ[120]” ၏ပဏာမခြေလှမ်းများကို ထည့်သွင်းစဉ်းစားသင့်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။

---

[114] ASEAN Framework International Mobile Roaming
[115] Universal Service Obligation (USO 2.0)
[116] Fifth Generation Mobile Technology (5G)
[117] ASEAN Work Plan 2016-2020
[118] New Normal
[119] ASEAN Digital Integration Framework 2019-2025 (DIFAP)
[120] Pathfinder

## ၄ (ဈ)။ ဒေတာအုပ်ချုပ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးကို အားကောင်းစေခြင်း။

ဒေတာအုပ်ချုပ်ရေးနှင့် ဆိုက်ဘာလုံခြုံရေးကို အားကောင်းစေခြင်းသည် ဒီဂျစ်တယ်စီးပွားရေးကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် မရှိမဖြစ်လိုအပ်သည်။ ဒီဂျစ်တယ်ဒေတာအုပ်ချုပ်ရေးဆိုင်ရာ အာဆီယံမူဘောင်[121]၊ ကိုယ်ရေးကိုယ်တာ ဒေတာကာကွယ်ရေးဆိုင်ရာအာဆီယံမူဘောင်[122] နှင့် အာဆီယံဆိုက်ဘာလုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာ[123] တို့သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်အဖြစ် လွန်ခဲ့သောနှစ်များစွာကတည်းက ချမှတ်ထားပြီး ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး အရှိန်အဟုန် မြင့်တက်လာခဲ့ပြီး အင်တာနက်အပေါ် မှီခိုရမှုလည်း တိုးလာခဲ့သည်။ ဒေသတွင်းရှိ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ စွမ်းဆောင်ရည် မညီမျှမှု သည် အစိုးရများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းအပေါ် ခြိမ်းခြောက်လျက်ရှိသည်။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ထိရောက်စွာ ဖြေရှင်းနိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူဝါဒ၊ နည်းပညာနှင့် ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်များ မြင့်တင်ပေးခြင်းသည် လုံခြုံစိတ်ချရသော ဒီဂျစ်တယ်ပတ်ဝန်းကျင် တည်ဆောက်နိုင်ရေးအတွက် အလွန် အရေးကြီးသည်။

## ကျယ်ပြန့်သော မဟာဗျူဟာ (၅) - ရေရှည်တည်တံ့ပြီး ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ခြင်း

ကပ်ရောဂါလွန်ကာလတွင် ကမ္ဘာ့ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ၂၀၃၀ နှင့်အညီ အာဆီယံ၏ စီးပွားရေး အင်အား တောင့်တင်းစေရန် နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့်တို့တွင် ရေရှည်တည်တံ့ပြီး လူမှုရေးအရ တာဝန်ယူမှုရှိသော မူဝါဒများ ချမှတ်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ကျယ်ပြန့်သောမဟာဗျူဟာ ၅ တွင်ပါဝင်သော ရေရှည်တည်တံ့ပြီး ခံနိုင်ရည်ရှိသော အနာဂတ်သို့ချီတက်ခြင်းသည် ဒေသတွင်းသဘာဝအရင်းအမြစ်များ၊ လူမှုအသိုက်အဝန်းစုဖွဲ့မှု တည်ဆောက်ရေး[124]၊ ပြည်သူများသာယာဝပြောရေးနှင့် အားလုံးပါဝင်ကာရေရှည်တည်တံ့ရေး စသည့် အာဆီယံ၏ ကတိကဝတ်များကို အလေးပေးဖော်ပြထားသည်။ ဤကျယ်ပြန့်သော မဟာဗျူဟာသည် ကပ်ရောဂါလွန်ကာလတွင် အာဆီယံ အနေဖြင့် ပုံမှန်စီးပွားရေးသို့ ပြန်လည်ရောက်ရှိရန် မဖြစ်နိုင်တော့ကြောင်း အသိအမှတ်ပြုထားပြီး ရေရှည် တည်တံ့ပြီး ခံနိုင်ရည် ရှိသော အနာဂတ်အတွက် လိုအပ်သောပြောင်းလဲမှုများ ထွက်ပေါ်လာစေရန် အာဆီယံအစိုးရများ၊ စီးပွားရေး လုပ်ငန်းများ နှင့် အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် စုပေါင်း လုပ်ဆောင်ရမည် ဖြစ်သည်။

ကိုဗစ်-၁၉၏ တိုက်ရိုက်နှင့် လတ်တလောအကျိုးသက်ရောက်မှုများအပြင် ကပ်ရောဂါသည် အာဆီယံ၏စီးပွားရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အားနည်းချက်များကို မီးမောင်းထိုးပြခဲ့ပြီး မညီမျှမှုများ ကျယ်ပြန့်လာခြင်းမှသည် ကုန်ထုတ်လုပ်မှု၊ စားသုံးမှု နှင့် အခြားအလေ့အကျင့်များအထိ သက်ရောက်မှုများ ဖြစ်စေခဲ့သည်။ စီးပွားရေး၊ လူ့အဖွဲ့အစည်းနှင့် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို အကာအကွယ်ပေးရန်၊ အနာဂတ်ကာလ သဘာဝဘေးအန္တရာယ်များနှင့် အရေးပေါ် အခြေအနေများကို ကြိုတင်ကာကွယ်နိုင်ရန် မဟာဗျူဟာကျပြီး ဘက်ပေါင်းစုံမှချဉ်းကပ်ရန်လိုအပ်ကြောင်း ပြသခဲ့သည်။ ကပ်ရောဂါသည် အမျိုးမျိုးသောအစီအစဉ်များ၏

[121] The ASEAN Framework on Digital Data Governance
[122] ASEAN Framework on Personal Data Protection
[123] The ASEAN Cybersecurity Cooperation Strategy
[124] Social Fabric

အားနည်းချက်များကို ထောက်ပြခဲ့ပြီး အကျိုးဆက်အနေဖြင့် အာဆီယံက ဦးစားပေး လုပ်ဆောင်သင့်သည့် ကဏ္ဍများကို မီးမောင်းထိုးပြခဲ့သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ[125] ကို အောင်မြင်စွာ ဖော်ဆောင်နိုင်ရန်အတွက် အစိုးရတစ်ခုတည်းသာ လုပ်ဆောင်ရမည် မဟုတ်ဘဲ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီတွင် တာဝန်ရှိသည်။ အဆိုပါစိန်ခေါ်မှုများ ကို မဖြေရှင်းနိုင်ပါက အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅[126] နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ[127] သို့ ရောက်ရှိရန် အဟန့်အတားဖြစ်စေနိုင်သည်။ လက်ရှိဖြစ်ပေါ်နေသော ပြည်သူ့ကျန်းမာရေး အကျပ်အတည်းသည် အာဆီယံ၏ တိုးတက်မှုလမ်းကြောင်းကို ရေရှည်တည်တံ့သော၊ အရှိန်အဟုန်ကောင်းသော၊ ခံနိုင်ရည်ရှိသောလမ်းကြောင်းပေါ်သို့ ပြန်လည် တည့်မတ်ချိန်ညှိရန် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

ကျယ်ပြန့်သော မဟာဗျူဟာ ၅ ၏ အောင်မြင်မှုကို ပံ့ပိုးပေးရန်နှင့် ရေရှည်တည်တံ့ပြီး ခံနိုင်ရည်ရှိသော အနာဂတ်ဆီသို့ ချီတက်ရာတွင် အဓိက ဦးစားပေး ခုနစ်ချက်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည် -

### *၅ (က)။ ကဏ္ဍပေါင်းစုံတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း။*

ရေရှည်တည်တံ့ရေးစိန်ခေါ်မှုများသည် ပိုမိုရှုပ်ထွေးပြီး ကပ်ရောဂါထက်ပင် ကြောက်စရာကောင်းသည့် အခြေအနေများ ရှိနေကြောင်း အထောက်အထားများကဖော်ပြနေသည်။ အမှန်တကယ်တွင်မူ အဆိုပါစိန်ခေါ်မှုများသည် ကိုဗစ်-၁၉ မတိုင်မီ ကတည်းကပင်ရှိခဲ့ပြီး ကပ်ရောဂါက ထိုစိန်ခေါ်ချက်များကိုဖြေရှင်းရန် အရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းရာတွင် အဆိုပါပြဿနာများကို ဖြေရှင်းရန် ပျက်ကွက်မှုသည် ကိုဗစ်-၁၉နှင့် လက်ရှိကြုံတွေ့နေရသည့် ပြဿနာများထက် ပိုသည့် သက်ရောက်မှုများ ဖြစ်စေနိုင်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရေရှည်တည်တံ့ရေးလုပ်ဆောင်မှုများ၌ ကြုံတွေ့ရသည့်စိန်ခေါ်မှုများကို ပိုမိုလျင်မြန်စွာတုံ့ပြန်နိုင်ရန်အတွက် နောက်ထပ် အစီအမံများ လိုအပ်နေသေးသည်။

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅[128] နှင့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် ၂၀၃၀[129] တို့အရ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပူပေါင်းဆောင်ရွက်မှုများကို အာဆီယံက မြှင့်တင်လျက်ရှိသည်။ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ် ၂၀၃၀ များအကြား ပေါင်းစပ် ထည့်သွင်းမှုဆိုင်ရာ ၄ ကြိမ်မြောက်အဆင့်မြင့်အရာရှိများဆွေးနွေးပွဲ[130] မှရရှိလာသည့် ရလဒ်များအရ စီးပွားလူမှုဖွံ့ဖြိုး တိုးတက်မှု နှင့် သဘာဝပတ်ဝန်းကျင်သက်ရောက်မှုများကြား ချိန်ခွင်လျှာညီမျှမှုကိုရှာဖွေရန် အထူး အလေးပေး ဆောင်ရွက်သွားမည် ဖြစ်သည်။ အာဆီယံအနေဖြင့် (၁) ကျေးလက်နှင့်မြို့ပြအုပ်ချုပ်မှုကွာဟချက်ကိုဖြေရှင်းနိုင်မည့် ပေါင်းစပ် မူဘောင်များ အားကောင်းလာစေရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ အားလုံးပါဝင်နိုင်ရေး၊ ကျား၊မရေးရာ ယဉ်ကျေးမှုနှင့် ရာသီဥတု တုံ့ပြန်မှုဆိုင်ရာ ချဉ်းကပ်မှုတို့ကို လိုက်နာဆောင်ရွက်ရေး စသည့်နည်းလမ်းများဖြင့် အာဆီယံအဆင့်တွင် ကဏ္ဍအလိုက် ပူးပေါင်း ဆောင်ရွက်ရေး၊ (၂) ဒေသတွင်း အနာဂတ်ကာလ၌ ကပ်ရောဂါများကို ကြံ့ကြံ့ခံနိုင်ရေးအတွက် သဘာဝအခြေခံ ဖြေရှင်းနည်းများ ကို မြှင့်တင်ရေး၊ (၃) ပလတ်စတစ်စွန့်ပစ်ပစ္စည်းများနှင့် အဏ္ဏဝါရှိ ပလတ်စတစ် အမှိုက်များ ပြဿနာကို လျော့ချနိုင်ရေး အတွက် သဘာဝအရင်းအမြစ်များကို ရေရှည်အသုံးပြုမှုဆိုင်ရာ စီမံခန့်ခွဲမှုတို့ကို

[125] Sustainable Development Goals
[126] ASEAN Community Vision 2025
[127] SDGs
[128] ASEAN Community Vision 2025
[129] UN 2030 Agenda for Sustainable Development (Complementarities Initiative)
[130] 4th High-Level Brainstroming Dialogue on Enhancing Complementarities between ACV2025 and UN 2030 Agenda for Sustainable Development (HLBD)

မြှင့်တင်ခြင်းဖြင့် ဖြေရှင်းရန်အပြင် ဒေသတွင်း စီးပွားရေး အသွင်ကူးပြောင်းမှုကို ပံ့ပိုးပေးရေး (၄) မူဘောင်ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် အာဆီယံဗဟိုဌာနများ အထူးသဖြင့် အာဆီယံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလေ့လာရေးနှင့်ဆွေးနွေးရေး ဗဟိုဌာန[131] နှင့် မျိုးကွဲဇီဝမျိုးစုံဆိုင်ရာအာဆီယံစင်တာ[132] တို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေး တို့ကို ကတိကဝတ်ပြုထားသည်။

### *၅ (ခ)။ ရေရှည်တည်တံ့သော စွမ်းအင်သို့ ကူးပြောင်းသုံးစွဲခြင်းကို လွယ်ကူချောမွေ့အောင်လုပ်ဆောင်ခြင်း။*

ကပ်ရောဂါမဖြစ်မီကပင် ကာဗွန်ထုတ်လွှတ်မှုများကြောင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် အာဆီယံဒေသအတွင်း အပျက်အစီး နှင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အတိုင်းအတာကိုပြသခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဆိုးရွားလာသည့် ရာသီဥတု ပြောင်းလဲမှု ကြောင့် အာဆီယံဒေသအတွင်း သဘာဝဘေးအန္တရာယ်များစွာကို တွေ့ကြုံခဲ့ရပြီးဖြစ်သည်။ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သော ကပ်ရောဂါများ ၏ ခြိမ်းခြောက်မှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို လျော့ချရန် အတွက် ချက်ချင်း လုပ်ဆောင်သင့်သည်။ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်နိုင်ရန်အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့ ထုတ်လွှတ်မှု လျော့ချရေးနည်းဗျူဟာများဖွံ့ဖြိုးတိုးတက်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံများအကြား အစီအမံများကို စိတ်အား ထက်သန်စွာ ညှိနှိုင်းဆောင်ရွက်ရပါမည်။ ပြန်လည်ထူထောင်ရေးအားကောင်းလာစေရန် ဥပမာအားဖြင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်အတွက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်း ကဲ့သို့သော ဖြေရှင်းနည်းများကို ဆက်လက် ဆောင်ရွက်သင့်သည်။

ဒေသတွင်းအဓိက ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စတစ်ခုမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ထိရောက်စွာ အသုံးချနိုင်ရေး သို့ ကူးပြောင်းရန် ဖြစ်သည်။ သန့်စင်သော စွမ်းအင်ထုတ်လုပ်မှုသို့ ကူးပြောင်းနိုင်ခြင်းဖြင့် ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လုပ်မှု လျော့ချနိုင်မည်ဖြစ်ကာ ၎င်း၏ စွမ်းအင်လုံခြုံရေးနှင့် ခံနိုင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည် ထူထောင်ရေးသည် အာဆီယံစီးပွားရေးအသိုက်အဝိုင်းအသေးစိတ်အစီအစဉ် ၂၀၂၅[133] တွင် ရည်ရွယ်ထားသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်မှုကို မြှင့်တင်နိုင်မည့်အပြင် ပိုမိုကောင်းမွန်သန့်ရှင်းသည့် ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ပြန်လည် တည်ဆောက်နိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်သည်။

ရေရှည်တည်တံ့သောစွမ်းအင်သည် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် အရေးပါလျက်ရှိကာ သန့်ရှင်းသော စွမ်းအင်နှင့် ဆက်စပ်နည်းပညာများ၌ ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေး ပြန်လည်ဦးမော့လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့်အတွက် ဒေသတွင်းစတော့ရှယ်ယာများ၏ တစ်စိတ်တစ်ပိုင်းဖြစ်လာမည်ဖြစ်သည်။ ရေရှည်တည်တံ့သော စွမ်းအင်သို့ ကူးပြောင်းခြင်းအား အောက်ပါအတိုင်း လုပ်ဆောင်နိုင်သည် -

(၁) ပြည်သူ့ရေးရာမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အမူအကျင့်ပြောင်းလဲမှုတို့ကို ထိထိရောက်ရောက် ပေါင်းစပ်ထားသည့် အာဆီယံ စွမ်းအင်ကူးပြောင်းရေး မူဘောင်ကို ချမှတ်ပြီး ကဏ္ဍပေါင်းစုံ ညှိနှိုင်းဆောင်ရွက်ခြင်း။

---

[131] The ASEAN Center for Sustainable Development Studies and Dialogue (ACSDSD)
[132] The ASEN Center for Biodiversity (ACB)
[133] AEC Blueprint 2025

(၂) အာဆီယံဒေသအတွင်း ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှင့်မှုလျှော့ချရေးအတွက် အခြေခံအဆောက်အုံလိုအပ်ချက်နှင့် စွမ်းအင် ထောက်ပံ့ရေးတွင် အသုံးစရိတ် ပံ့ပိုးပေးခြင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအမံများ ထည့်သွင်း စဉ်းစားထားသည့် စီးပွားရေး လှုံ့ဆော်မှု အစီအစဉ်များကို ဒီဇိုင်း ရေးဆွဲခြင်း။

(၃) ရေအားလျှပ်စစ်ကဲ့သို့ သန့်ရှင်းသောအရင်းအမြစ်များကို အသုံးပြုခြင်း၊ ဓာတ်အားလိုင်းများချဲ့ထွင်ခြင်းနှင့် ခေတ်မီအောင် ပြုလုပ်ခြင်း၊ စက်ပစ္စည်းများ၊ အဆောက်အဦများနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ၏ စွမ်းအင်အသုံးချမှု ထိရောက်စေခြင်း၊ သန့်ရှင်းသော သယ်ယူပို့ဆောင်ရေးနှင့် ရေရှည်တည်တံ့သော ဇီဝလောင်စာများ အသုံးပြုမှုတို့ တိုးမြှင့်လာစေရေးအတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအတွင်း အစီအစဉ်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ သန့်ရှင်းသောစွမ်းအင်ဆိုင်ရာ တီထွင်ဆန်းသစ်မှုများအပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မည့် အလုပ်အကိုင်များဖန်တီးပေးခြင်းနှင့် စွမ်းအင်အသုံးပြုမှုအတွက် အဆင့်အတန်း သတ်မှတ်ခြင်း၊ ကုန်ကျစရိတ်နှင့် ကာဗွန်ထုတ်လွှတ်မှု၊ ရေအရင်းအမြစ်သုံးစွဲမှု၊ လေထုအရည်အသွေးအပေါ် သက်ရောက်မှု၊ ပြည်သူများ၏ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ စွမ်းအင်ရရှိမှုနှင့် ကြာရှည်ခံမှု အစရှိသည့် ပိုမိုကျယ်ပြန့်သော အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန်အတွက် လုပ်ထုံးလုပ်နည်းနှင့် မူဘောင်များ အသုံးပြုခြင်း။

(၄) အာဆီယံအနေဖြင့် ဆန်းသစ်တီထွင်မှုများကို လက်လှမ်းမီရန်နှင့် ပေါ်ပေါက်လာသော နည်းပညာများကို အသုံးချနိုင်ရန် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်း (အစိုးရ-ပုဂ္ဂလိက ရန်ပုံငွေများ ထူထောင်ခြင်း၊ နည်းပညာအကူအညီနှင့် အသိပညာဖလှယ်ရေးစင်တာများဖွံ့ဖြိုးတိုးတက်စေခြင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးကဏ္ဍတို့တွင် ရင်းနှီး မြှုပ်နှံခြင်း၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့်လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(၅) အာဆီယံစွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းအစီအစဉ်အရ အနည်းဆုံးအားဖြင့် ၂၀၂၅ ခုနှစ်တွင် ၎င်း၏ သန့်စင်သောစွမ်းအင် ရည်မှန်းချက်များ အောင်မြင်စေရန် (တနည်းအားဖြင့် အာဆီယံစွမ်းအင်ပေါင်းစပ်မှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၂၃% အသုံးပြုရန် နှင့် အခြားသောလောင်စာအသုံးပြုမှု ၃၀% လျှော့ချရေး) ကြိုးပမ်းခြင်း။

(၆) အနာဂတ်တွင်ကြုံတွေ့ရနိုင်သည့် အခက်အခဲများကို ခံနိုင်ရည်ရှိစေရန် မတူညီသည့်စွမ်းအင်ထုတ်ပေးရေး နည်းလမ်းများ အသုံးပြုခြင်းဖြင့် စွမ်းအင် ထောက်ပံ့ရေး ကွင်းဆက်ကို အားကောင်းစေခြင်း။

## ၅ (ဂ)။ သဘာဝပတ်ဝန်းကျင်မထိခိုက်စေသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် အခြေခံ အဆောက်အအုံ ဆိုင်ရာ ကွာဟချက်များကို ဖြေရှင်းပေးခြင်း

ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အများအားဖြင့် အများပြည်သူဆိုင်ရာအသုံးစရိတ်များစွာ ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေသည့် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပြန်လည်ထူထောင်ရေးကို အထောက်အကူဖြစ်စေပြီး ကာလတိုအတွင်း အလုပ်အကိုင်အများအပြား ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် ရေရှည် တည်တံ့ ခိုင်မြဲသော အခြေခံအဆောက်အအုံများသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့် အခြေခံ အဆောက်အအုံ ဆိုင်ရာကွာဟချက်များကို နှစ်ဆခန့်လျှော့ချပေးနိုင်သည်။ သို့သော်လည်း ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အအုံများ သည် ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးနှင့် လူနေမှုပုံစံအသစ် နှင့် လိုက်လျောညီထွေ ဖြစ်စေရန် အရေးကြီးသည်။ အာဆီယံ ချိတ်ဆက်မှု မာစတာပလန် ၂၀၂၅[134] သည် နိုင်ငံတကာအကောင်းဆုံးအလေ့အကျင့်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဦးစားပေး အစီအစဉ်များနှင့်အညီ

[134] The Master Plan on ASEAN Connectivity (MPAC) 2025

ရေရှည်တည်တံ့သောအခြေခံအဆောက်အအုံဆိုင်ရာစီမံကိန်းများကို အကောင်အထည်ဖော်ရန် ဒီဇိုင်း ထုတ်ထားသည့် အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာကနဦးလမ်းကြောင်းစီမံကိန်းများ[135] မှတဆင့် အခြေခံ အဆောက်အအုံ ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်မြှင့်တင်လျက်ရှိသည်။ ဤအစီအစဉ်သည် အာဆီယံကို ပိုမိုကောင်းမွန်စွာ ရန်းထနိုင်ရေး အတွက် စီမံကိန်းများမှ တစ်ဆင့် အခွင့်အလမ်းများ ပေးအပ်ခြင်းဖြစ်သည်။ အာဆီယံအခြေခံအဆောက်အအုံဆိုင်ရာ တိုးတက်မှု[136] ကိုမြှင့်တင်နိုင်ရန် မူဘောင်များချမှတ်ခြင်းသည် အခြေခံအဆောက်အအုံစီမံကိန်းများရေးဆွဲခြင်း၊ ပေးပို့ခြင်းနှင့် လုပ်ငန်း လည်ပတ်ခြင်းတို့ အားကောင်းစေရန်ဖြစ်သည်။ ထို့အပြင် စွမ်းရည်မြှင့်တင်ရန် လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ပံ့ပိုးပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါအခြေအနေများအတွက် သီးခြားလုပ်ဆောင်မှုများကိုလည်း ထည့်သွင်း စဉ်းစားရမည် ဖြစ်သည်။

ထို့အပြင် အာဆီယံလူဦးရေ၏ထက်ဝက်ခန့်သည် မြို့ပြများတွင်နေထိုင်လျက်ရှိရာ ကိုဗစ်-၁၉ သည် လူဦးရေသိပ်သည်းမှုသည် ကပ်ရောဂါများ လျင်မြန်စွာကူးစက်နိုင်ကြောင်း ပြသခဲ့သည်။ ထို့ကြောင့် အာဆီယံအဆင့်မြင့်နည်းပညာသုံးမြို့ကြီးများ ကွန်ယက်[137]သည် ကိုဗစ်-၁၉ကပ်ရောဂါကိုကိုင်တွယ်ဖြေရှင်းရာတွင် ရရှိခဲ့သည့် သင်ခန်းစာများနှင့် ရောဂါကူးစက်သူများအား ခြေရာခံခြင်း ဆိုင်ရာနည်းလမ်းများအပါအဝင် နည်းပညာဆန်းသစ်တီထွင်မှုများကို အကောင်းဆုံးဖလှယ်နိုင်ရန်အတွက် ပူးပေါင်း ဆောင်ရွက်နိုင်ရေး ထောက်ပံ့ပေးလျက်ရှိသည်။ အာဆီယံမြို့ပြများရေရှည်တည်တံ့ရေးမဟာဗျူဟာ[138] အတွင်း ရေရှည် တည်တံ့သော မြို့ပြအသွင်ဆောင်ရေး ကြိုးပမ်းမှုများကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် အာဆီယံဒေသတွင်းရှိ မြို့ကြီးများအား မိတ်ဖက်အသီးသီးနှင့် ဆက်လက်ပူးပေါင်း ကာ ကူညီပံ့ပိုးပေးသွားမည် ဖြစ်သည်။ အာဆီယံအဆင့်မြင့်နည်းပညာသုံးမြို့ကြီးများ ကွန်ယက် နှင့် အာဆီယံမြို့ပြများရေရှည်တည်တံ့ရေးမဟာဗျူဟာတို့ ပေါင်းစပ်ခြင်းသည် ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်မှုကို အားကောင်းစေမည်ဖြစ်သည်။

ဤလုပ်ငန်းကို ဖြည့်စွက်ခြင်းသည် ဒေသအတွင်း သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော သယ်ယူပို့ဆောင်ရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ပိုမိုကောင်းမွန်၍ အလိုအလျောက်စမတ်ကျကျရွေ့လျားသွားလာနိုင်မည့် သယ်ယူပို့ဆောင်မှုကို မြှင့်တင် ပေးနိုင်မည်ဖြစ်သည်။ ကပ်ရောဂါအခြေအနေ ပိုမိုတည်ငြိမ်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ကိုပါ ထည့်သွင်း စဉ်းစားထားသည့် သယ်ယူပို့ဆောင်ရေးပုံစံများ နှင့် နည်းပညာအသစ်များကို တတ်နိုင်သမျှ အသုံးပြုသင့်သည်။

### ၅ (ဃ)။ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်း။

အာဆီယံ၏ စီးပွားရေး တောင့်တင်းခိုင်မာလာစေရန် နှင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် ၂၀၃၀ နှင့် အညီ နိုင်ငံအဆင့် နှင့် ဒေသတွင်း အဆင့်များတွင် ရေရှည်တည်တံ့ပြီး လူမှုရေးအရ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများ ချမှတ်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ ၎င်းတွင် ဒေသန္တရစီးပွားရေးချိတ်ဆက်မှုများကို မြှင့်တင်ရေး၊ သဘာဝ ပတ်ဝန်းကျင် ရေရှည်တည်တံ့စေရေး၊ လူမှုပေါင်းစည်းဖွံ့ဖြိုးရေးနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို မြှင့်တင်ရေး စသည့် ကြိုးပမ်းမှုများ ပါဝင်သည်။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံ[139] ကချမှတ်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဘောင်[140]၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု

[135] The Initial Rolling Priority Pipeline of ASEAN Infrastructure Projects
[136] ASEAN Infrastructure Productivity
[137] ASEAN Smart Cities Network
[138] ASEAN Sustainable Urganization Strategy (ASUS)
[139] United Nation Conference on Trade and Development (UNCTAD)
[140] Investment Policy Framework for Sustainable Development

နှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့[141] ၏ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာမူဘောင်[142] နှင့် နိုင်ငံစုံစီးပွားရေးအဖွဲ့အစည်းများ အတွက်လမ်းညွှန်ချက်များ[143] ကဲ့သို့သော သက်ဆိုင်ရာ နိုင်ငံတကာ မူဘောင်များနှင့် လမ်းညွှန်ချက်များကို အကိုးအကား အဖြစ် အသုံးပြုနိုင်သည်။ ရေရှည်တည်တံ့ခိုင်မြဲပြီး တာဝန်သိ ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရေးသည် စုပေါင်းကြိုးစား ရမည့်ကိစ္စဖြစ်ပြီး အစိုးရများနှင့် မူဝါဒချမှတ်သူများသာမက ရင်းနှီး မြှုပ်နှံသူများ နှင့် အရပ်ဘက်အဖွဲ့အစည်းများကဲ့သို့ အခြားသော သက်ဆိုင်သူများလည်း တာဝန်ရှိရှိသည်။

အထူးသဖြင့် ဒေသတွင်းကပ်ရောဂါကာလအတွင်း တောင့်ခံနိုင်ခဲ့သောကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန် လိုအပ်ပြီး အနာဂတ်တွင် ကြုံတွေ့နိုင်သည့် အကျပ်အတည်းများကိုလည်း ကိုင်တွယ်ဖြေရှင်းနိုင်ရမည် ဖြစ်သည်။ အာဆီယံ အနေဖြင့် ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်းသည့် ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများနှင့် အစီအစဉ်များကို ပြန်လည် ဆန်းစစ်သုံးသပ်သင့်သည်။ မူဝါဒချမှတ်သူများအပြင် ကုမ္ပဏီများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်မှုကိုကျော်လွန်၍ ခံနိုင်ရည်ရှိမှု၊ ပါဝင်မှုနှင့် ရေရှည်တည်တံ့မှုတို့ကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ဒေသတွင်း ရေရှည်အကျိုးစီးပွားအတွက် လူမှုရေး(အလုပ်သမားရေးရာအပါအဝင်)၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာစည်းမျဉ်းများနှင့် စံချိန်စံညွှန်းများ၊ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို လေးစားလိုက်နာသည့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်လိုအပ်သည်။ ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဆိုင်ရာစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပြန်လည်ရင်းနှီးမြှုပ်နှံမည့်သူများ ရှိရန်လည်း လိုအပ်သည်။ ထို့ကြောင့် စနစ်တကျ စီမံခန့်ခွဲနိုင်ပါက ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်တွင် ဖြစ်ပွားလာနိုင်သော လှုပ်ခတ်မှုများ အတွက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ခံနိုင်ရည်အားကို မြှင့်တင်ပေး နိုင်မည်ဖြစ်သည်။

### *၅ (င)။ တန်ဖိုးမြင့်စက်မှုလုပ်ငန်း၊ ရေရှည်တည်တံ့ရေးနှင့် စိုက်ပျိုးရေးတွင် ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး*

GDP ကျဆင်းနေသော်လည်း စိုက်ပျိုးရေးကဏ္ဍသည် အာဆီယံတွင် အရေးကြီးသောကဏ္ဍတစ်ခုအဖြစ် ဆက်လက် တည်ရှိနေပြီး ကျေးလက်နေပြည်သူများ၏ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေရရှိရာ အဓိကအရင်းအမြစ်အဖြစ် ပံ့ပိုး ပေးလျက်ရှိသည်။ စားနပ်ရိက္ခာဖူလုံမှုအပေါ် ကပ်ရောဂါ၏ သက်ရောက်မှုကြောင့် ထောက်ပံ့ရေးကွင်းဆက်များ ပြတ်တောက်မှုများ ဖြစ်ပွားခဲ့ရာ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံရန် အရေးကြီးကြောင်း မီးမောင်းထိုးပြခဲ့ သည်။ အရေးတကြီး လုပ်ဆောင်သင့်သည့်အချက်မှာ ကုန်ထုတ်စွမ်းအားမြှင့်တင်ရန်နှင့် ရာသီဥတု နှင့်ကိုက်ညီသော သီးနှံစိုက်ပျိုးရေး[144] CSA ကို မြှင့်တင်ခြင်း ဖြစ်သည်။

ယင်းနှင့်စပ်လျဉ်း၍ အာဆီယံ၏ကောင်းမွန်သောစိုက်ပျိုးရေးဆိုင်ရာကျင့်သုံးမှုများ[145]၊ အာဆီယံ၏ရေနေသတ္တဝါ မွေးမြူရေး ဆိုင်ရာကျင့်သုံးမှုများ[146] နှင့် ရာသီဥတု နှင့်ကိုက်ညီသော သီးနှံစိုက်ပျိုးရေးကျင့်သုံးမှုများ ကို ဖော်ဆောင်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံမှု နှင့် အရည်အသွေးပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ရန် လိုအပ်လျက်ရှိသည်။ ထို့အပြင် စားသောက်ကုန်တန်ဖိုးကွင်းဆက်[147] နှင့် ရာသီဥတုနှင့်ကိုက်ညီသောသီးနှံစိုက်ပျိုးရေး[148] ကိုအခြေခံ၍

[141] Organization for Economic Co-operation and Development (OECD)
[142] OECD's Investment Policy Framework for Sustainable Development
[143] OECD' Guidelines for Multinational Enterprise
[144] Climate-smart Agriculture (CSA)
[145] ASEAN Good Agricultural Practices
[146] ASEAN Good Aquaculture Practices
[147] Food Value Chain (FVC)
[148] Climate-smart Agriculture (CSA)

အများပြည်သူနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု[149] ကို မြင့်တင်နိုင်ရေးအတွက် မဟာဗျူဟာများချမှတ်ရန် လိုအပ်သည်။ ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းနှင့် လက်လီ ရောင်းချခြင်း ကဲ့သို့သော တန်ဖိုးမြင့် စားသောက်ကုန်လုပ်ငန်းများ တည်ထောင်ခြင်းသည်လည်း စိုက်ပျိုးရေးအတွက် မြင့်မားသောတန်ဖိုးကို ရရှိရုံသာမက လယ်သမားများနှင့် စိုက်ပျိုးရေးသမားများ၏ ဝင်ငွေကို တိုးမြင့်လာစေပါသည်။

စိုက်ပျိုးရေးနှင့် ဆက်နွယ်နေသည်မှာ တောရိုင်းတိရစ္ဆာန်များ ရောင်းဝယ်ဖောက်ကားခြင်း ဖြစ်သည်။ အာဆီယံအနေဖြင့် တောရိုင်းတိရိစ္ဆာန်ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးအတွက် သတင်းအချက်အလက်များမျှဝေခြင်းနှင့် ဖလှယ်ခြင်း၊ ဥပဒေ စိုးမိုးရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်ခြင်းဖြင့် အနာဂတ်ကပ်ရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ရန်လိုအပ်သည်။ တောရိုင်းတိရိစ္ဆာန်များ ရောင်းဝယ်ဖောက်ကားမှုကို ဖော်ထုတ်ခြင်းနှင့် တားဆီးခြင်းတို့အတွက် အာဆီယံကချမှတ်ထားသော လမ်းညွှန်ချက်များကို ထိရောက်စွာ အကောင်အထည် ဖော်ခြင်းသည် ရေရှည်တည်တံ့မှုနှင့် ခံနိုင်ရည်ရှိမှုတို့ကို သေချာစေမည့် အဓိကအချက်ဖြစ်သည်။

### ၅ (စ)။ သဘာဝဘေး အန္တရာယ်များကို စီမံခန့်ခွဲခြင်းနှင့် စီမံခန့်ခွဲမှု အားကောင်းစေခြင်း။

ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ် အခံရဆုံးဒေသများထဲမှ တစ်ခုဖြစ်သည့် အာဆီယံသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ၎င်း၏ နောက်ဆက်တွဲ ကြောက်စရာကောင်းသည့် စိန်ခေါ်မှုများကိုရင်ဆိုင်နေရသည်။ ကပ်ရောဂါကာလအတွင်း ထူးခြားသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ကြုံတွေ့ရပါက အာဆီယံအနေဖြင့် မည်ကဲ့သို့ ချဉ်းကပ်သင့်သည်ကို စဉ်းစားရန်လိုအပ်ပြီး လက်ရှိနှင့် အနာဂတ်တွင် ကြုံတွေ့လာနိုင်ရသည့် ဘေးအန္တရာယ်များလျော့ပါးစေရန်နှင့် တုံ့ပြန်ဖြေရှင်းရန်အတွက် ပြုပြင် ပြောင်းလဲလွယ်ပြီး လိုက်လျောညီထွေရှိသော အသွင်ကူးပြောင်းရေးမဟာဗျူဟာများ ဒီဇိုင်းရေးဆွဲထားရန်လည်း လိုအပ်သည်။ ကပ်ရောဂါဆိုင်ရာ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပြင်ဆင်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗျူဟာများ အပြင် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ထို့ကြောင့် အနာဂတ်တွင် အာဆီယံအသိုက်အဝန်း၏ သဘာဝဘေး ဒဏ်ခံနိုင်ရည်အား မြင့်မားလာစေရန် လိုအပ်သည့်နေရာများတွင် ရင်းနှီးမြုပ်နှံရန် အရေးကြီးသည်။ ထိခိုက်လွယ်အုပ်စုဝင်များ၏လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်နှင့် အနာဂတ်တွင်ကြုံတွေ့ရနိုင်သော ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ပိုမိုထိရောက်သည့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ ဖော်ထုတ်ထားရန်လည်း လိုအပ်သည်။ အာဆီယံသည် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လေ့လာစောင့်ကြည့်ရေး နည်းလမ်းများ အားကောင်းလာစေရန်၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျော့ပါးသက်သာစေရေးအစီအစဉ်များ၊ အနာဂတ်တွင် ကပ်ရောဂါကို ခံနိုင်ရည်ရှိစေရန်အတွက် ဘေးအန္တရာယ်တုန့်ပြန်ရေးယန္တရားများ အပါအဝင် ကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒများနှင့် ကြိုးပမ်းမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ၅ (ဆ)။ ရေရှည်တည်တံ့သော ရန်ပုံငွေကို မြှင့်တင်ခြင်း။

ရေရှည်တည်တံ့သောရန်ပုံငွေသည် ဖောက်သည်များနှင့် လူ့အဖွဲ့အစည်း နှစ်ရပ်လုံး၏ ရေရှည်အကျိုးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် အုပ်ချုပ်မှုစံနှုန်းများကို ပေါင်းစပ်ထည့်သွင်းခြင်းပင်ဖြစ်သည်။ စဉ်ဆက် မပြတ်သော ရန်ပုံငွေသည် ကိုဗစ်-၁၉ နောက်ပိုင်း တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးတိုးတက်မှုကို သေချာစေရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ရန်ပုံငွေအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲစေရန် ခိုင်မာသည့်အတိုင်းအတာဖြင့် ရယူစု ဆောင်းခြင်း (ဥပမာ ဘဏ်များ၊ အရင်းအနှီးဈေးကွက်များနှင့် အာမခံလုပ်ငန်း) အားဖြင့်၊ အာဆီယံ၏ ပြန်လည်ထူထောင်ရေး လမ်းကြောင်းကို လမ်းခင်းပေးသည်။ အဓိကကျသော ကဏ္ဍများ

[149] Public and Private Partnership (PPP)

ထဲမှတစ်ခုမှာ လူမှုရေးနှင့်ရေရှည်တည်မြဲမှုဆိုင်ရာ စည်းနှောင်မှု[150] ၏ အလားအလာများ သို့မဟုတ် အပြုသဘော ဆောင်သော လူမှုရေးရလဒ်များနှင့်အတူ လက်ရှိစီမံကိန်းများနှင့် စီမံကိန်း အသစ်များ အတွက် ငွေချေးစာချုပ်များ အသုံးပြုခြင်းအားဖြင့် ရန်ပုံငွေရှာဖွေနိုင်ပြီး အာဆီယံ၏ကပ်ရောဂါကို လျော့ပါးစေရန်နှင့် အနာဂတ် အကျပ်အတည်း များကို ဖြေရှင်းနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကာ အာဆီယံစီးပွားရေးလုပ်ငန်းများ ပြန်လည် မစတင်မီနှင့် ဆောင်ရွက်နေဆဲကာလအတွင်း အရင်းအမြစ်များ ကျဆင်းသွားခြင်းကို ထိန်းချုပ်ရန် အသုံးချသင့်သည်။ ပြန်လည် ထူထောင်ရေး ကာလအတွင်း ရေရှည်တည်တံ့ပြီး မျှတကာ ခံနိုင်ရည်ရှိသောကမ္ဘာတစ်ခု ဖြစ်ပေါ်လာရေးအတွက် ဘဏ္ဍာရေးရန်ပုံငွေ ရရှိရန် လုပ်ဆောင်ပေးနိုင်သူများ နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

## အခန်း (၄)
## အာဆီယံတုံ့ပြန်မှုကို အကောင်အထည်ဖော်ခြင်း - ပြန်လည်ထူထောင်ရေးနှင့် တည်ငြိမ်ရေးဆီသို့

အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်နှင့် ၎င်း၏အကောင်အထည်ဖော်ရေးအစီအစဉ်တို့သည် အားလုံးပါဝင်ကာ ခံနိုင်ရည်ရှိသော ပြန်လည်ထူထောင်ရေး၏ မျှော်မှန်းထားသောရလဒ်များကို ရရှိနိုင်ရန် ပြည့်စုံကောင်းမွန်သည်။ ပြည်သူများ၏ အသက်၊ လူနေမှုဘဝလုံခြုံရေးနှင့် ခံနိုင်ရည် ရှိအောင် တည်ဆောက်ခြင်းတို့သည် အာဆီယံနိုင်ငံများက မဟာဗျူဟာကျကျ ဖြေရှင်း ရမည့် ခက်ခဲသောစိန်ခေါ်မှုများဖြစ်ပြီး အထောက်အကူဖြစ်စေနိုင်သည့် အချက်အလက် အများအပြားကို ဖော်ထုတ်ခဲ့ရာ -

(၁) ပြန်လည်ထူထောင်ရေးအတွက် မူဝါဒဆိုင်ရာ အကဲဖြတ်မှုများနှင့် တုံ့ပြန်မှုများ
(၂) အရင်းအမြစ်များ စည်းရုံးခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ထူထောင်ခြင်း
(၃) အဖွဲ့အစည်းများနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ
(၄) သက်ဆိုင်သူများနှင့်ထိတွေ့ဆက်ဆံမှုများပြုလုပ်၍ လက်တွဲဆောင်ရွက်ခြင်း အခန်းကဏ္ဍ
(၅) ထိရောက်သော စောင့်ကြည့်အကဲဖြတ်မှုများ ပြုလုပ်ခြင်း စသည်တို့ကိုတွေ့ရသည်။

အရင်းအမြစ်များသည် အကန့်အသတ်ရှိပြီး အချိန်သည်လည်း အနှစ်သာရပင်ဖြစ်ကာ ပြီးပြည့်စုံသော ပြန်လည်ထူထောင်ရေး ဖြစ်စေရေးအတွက် အာဆီယံသည် လက်တွေ့ကျကျ ချဉ်းကပ်ရန် အရေးကြီးသည်။ တည်ရှိပြီးဖြစ်သောအရာများ နှင့် ယန္တရားများ အပေါ် ကြိုးပမ်းအားထုတ်မှုကို ရှောင်ရှားရန်လိုအပ်ပြီး ကြိုးပမ်းမှုတိုင်းအတွက် ရလဒ်ထွက်စေရန် ဦးတည် ဆောင်ရွက်ရမည် ဖြစ်ကာ တိုးတက်မှုများသည် ပြန်လည်ထူထောင်ရေး၏ပုံသဏ္ဍာန်ကို အဆုံးအဖြတ်ပေးလိမ့်မည် ဖြစ်သည်။ ကြိုးပမ်း အားထုတ်မှုများကို အကောင်ထည်ဖော်နိုင်မှု သေချာစေမည့််အချက်များကို ဤအခန်းတွင် အသေးစိတ် ဖော်ပြထားသည်။

### ခံနိုင်ရည်ရှိသော ပြန်လည်ထူထောင်ရေးအတွက် မူဝါဒဆိုင်ရာ အစီအမံများနှင့် တုံ့ပြန်မှုများ

ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေများကြောင့် အာဆီယံအစိုးရများသည် မူဝါဒများချမှတ်ကာ ကြားဝင်ဆောင်ရွက်ပေးမှုများ ပြတ်ပြတ်သားသား လုပ်ဆောင်လာခဲ့သည်။ ဆန်းသစ်သည့်မူဝါဒများ ပံ့ပိုးပေးမှုမရှိလျှင် အကျပ်အတည်း ကာလသည် ပိုမို ဆိုးရွားသွားနိုင်သည်။ အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တုံ့ပြန်မှုများကို အကန့်အသတ်ရှိသောမူဝါဒနယ်ပယ်[151] များတွင် အသေးစိတ်ဖော်ပြထားပြီး ထိုမူဝါဒများသည် မရှိမဖြစ်လိုအပ်သည့် ကဏ္ဍများ ဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် အလွန်အကျွံ စီးပွားရေး ပြိုလဲမှုမဖြစ်အောင် ကာကွယ်တားဆီးပေးထားသည်။ အထူးသဖြင့် ကြာရှည်သော ကျန်းမာရေး အကျပ်အတည်း၊ ပြန်လည်ထူထောင်ရေး နှောင့်နှေးမှုတို့နှင့်

[150] Social and Sustainabiility Bonds
[151] Limited policy space

ပတ်သတ်၍ စီးပွားရေးနာလန်ထူလာစေရန် ညီညွတ်သည့် မူဝါဒညှိနှိုင်းဆောင်ရွက်မှု လိုအပ်သလို ကြာရှည်ခံပြီး အားလုံးပါဝင်နိုင်သည့် တိုးတက်မှု ဖြစ်ပေါ်လာစေရန် ဘက်စုံမူဝါဒဆိုင်ရာတုံ့ပြန်မှုလည်း လိုအပ်သည်။ ဥပမာအားဖြင့် ငွေကြေးနှင့် နိုင်ငံအဆင့်မက်ခရိုစီးပွားရေးတည်ငြိမ်ရေး[152] အစီအမံများသည် ထိခိုက်မှုပြင်းထန်သူများ[153] နှင့် စီးပွားရေးကဏ္ဍများသို့ ဦးတည်သင့်သော်လည်း အများပြည်သူ၏ ရင်းနှီးမြှုပ်နှံမှုအပေါ်တွင် အလေးပေးအာရုံစိုက်သင့်သည်။ ဤကပ်ရောဂါ ကာလအတွင်း နိုင်ငံများသည် ကျန်းမာရေး အခြေအနေအမျိုးမျိုးနှင့် အကန့်အသတ်ရှိသော မူဝါဒနယ်ပယ်များ အကြား ရောက်ရှိနေပြီး အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်[154] ၏ အောင်မြင်မှုသည် ကပ်ရောဂါကာလအတွင်း နိုင်ငံအလိုက် မူဝါဒများနှင့် ဒေသတွင်းကြိုးပမ်းဆောင်ရွက်မှုများနှင့်အညီ အခြားနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်မှုအပေါ်တွင် အဓိက မူတည်မည် ဖြစ်ပါသည်။

အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို အကောင်အထည်ဖော်ရာတွင် အခွင့်အလမ်းများကို တိုးမြှင့်ရရှိနိုင်စေရန် အပြည်ပြည်ဆိုင်ရာနှင့်နှင့်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဖြင့် ပြည်တွင်းမူဝါဒများအား ပံ့ပိုးပေးရန် လိုအပ်သည်။ အာဆီယံပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်၊ ပေါ်ပေါက်လာသော ပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်မှု၏ ဆက်စပ်မှုနှင့် ထိရောက်မှုတို့ကို သေချာစေရပါမည်။ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် နှင့် ၎င်း၏ကျယ်ပြန့်သော မဟာဗျူဟာများကို အထောက်အကူဖြစ်စေရန် လိုအပ်ချက်များအား ဦးစားပေးပြန်လည်ပြင်ဆင်ခြင်းနှင့် ချိန်ညှိခြင်းတို့ ပြုလုပ်ရမည်။ တစ်ချိန်တည်းမှာပင် အရေးကြီးသော အာဆီယံသဘောတူညီချက်များ၊ မူဘောင်များနှင့် လက်ရှိလုပ်ဆောင်နေသည့် အစီအစဉ်များကို ကိုးကားကာ လမ်းညွှန်မှု ယူရမည်ဖြစ်သည်။ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ အကောင်အထည်ဖော်မှုသည် နိုင်ငံတကာအသိအမှတ်ပြု အခြေခံ မူများ၊ စံချိန်စံညွှန်းများနှင့် အကောင်းဆုံးလက်တွေ့ကျင့်သုံးမှုများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များအပေါ် အာဆီယံ၏ ကတိကဝတ်များနှင့်လည်း ကိုက်ညီရမည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်း စတင်သည်နှင့်အမျှ နိုင်ငံများသည် အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ တိုးတက်လာသောအဆင့်များနှင့်အညီ မူဝါဒဆိုင်ရာတုံ့ပြန်မှုများတွင် ဆန်းသစ် တီထွင်မှုများ မြှင့်တင်ခြင်းဖြင့် အသက်ဝင်လာစေရန် ပံ့ပိုးပေးနိုင်သည်။ ယင်းသည် မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်များကို ဆန်းသစ် တီထွင်ရန်နှင့် ရေရှည် တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှုဆီသို့ ခရီးဆက်နိုင်ရေး အရှိန်မြှင့်တင်နိုင်သည့် အချိန်ကောင်းဖြစ်သည်။

## ပြန်လည်ထူထောင်ရေးနှင့် အရင်းအမြစ်စည်းရုံးခြင်း အတွက် ငွေကြေးထောက်ပံ့ခြင်း

ကပ်ရောဂါ၏ သက်ရောက်မှု နှင့် အတိုင်းအတာသည် ဖြစ်နိုင်ချေရှိသည့် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှုအားလုံးကိုစုစည်း တုန့်ပြန်ရန် အာဆီယံ၏လိုအပ်နေမှုကို မီးမောင်းထိုးပြထားသည်။ ထို့ကြောင့် ကိုဗစ်-၁၉ သက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်နှင့် ၎င်း၏အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီရန် ရေရှည်တည်တံ့သော အရင်းအမြစ်များစုစည်းရန် လိုအပ်သည်။ ဒေသ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်သည် စိန်ခေါ်မှုအသစ် အတွက် အဆင်သင့်ဖြစ်နေရေး၊ ရေရှည် တည်တံ့ပြီး အားလုံးပါဝင်စေရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်ခုစီနှင့် ၎င်းတို့နိုင်ငံသားများ၏ မရှိမဖြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စသည်တို့အတွက် ရှိရင်းစွဲအရင်းအမြစ်များနှင့် အရင်းအမြစ်အသစ်များကို ဆွဲဆောင်နိုင်ရန် လိုအပ်သည်။

[152] Micro-prudential
[153] Hardest hit individuals.
[154] ASEAN Comprehensive Recovery Framework

ကိုဗစ်-၁၉ အာဆီယံတုံ့ပြန်ရေးရန်ပုံငွေ[155] သည် ကျယ်ပြန့်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိပြည်သူများကို ကာကွယ်နိုင်ရေး အတွက် ကိုဗစ်-၁၉ကူးစက်ပျံ့နှံ့မှုကို ရှာဖွေခြင်း၊ ထိန်းချုပ်ခြင်းနှင့် တားဆီးခြင်းများပြုလုပ်ရာတွင် အဖွဲ့ဝင်နိုင်ငံများသို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ရှေ့တန်းလုပ်သားများ အပါအဝင် ကူညီထောက်ပံ့နိုင်ရေးအတွက် တည်ထောင်ထားခြင်း ဖြစ်သည်။ ရံပုံငွေသည် သက်ဆိုင်ရာ သုတေသနဖွံ့ဖြိုးတိုးတက်ရေး၊ အစီအစဉ်ရေးဆွဲနိုင်ရန် နည်းပညာပိုင်း ဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခြင်း၊ ကူးစက်ပျံ့နှံ့မှု ဟန့်တားထိန်းချုပ်ရေးနှင့် လျော့ပါးသက်သာရေး စီမံချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ပံ့ပိုးပေးခြင်းတို့ ပါဝင်သည်။ အကောင်းဆုံးလက်တွေ့ကျင့်သုံးမှုများအား မျှဝေခြင်းသည် အရေးကြီးသကဲ့သို့ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အခြားရှေ့တန်းကျန်းမရေးလုပ်သားများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရေးသည်လည်း အရေးကြီးသည်။ အာဆီယံဖွံဖြိုးတိုးတက်ရေးရန်ပုံငွေ[156] မှပံ့ပိုးကူညီမှုအပြင် ကိုဗစ်-၁၉ အာဆီယံ တုံ့ပြန်ရေးရန်ပုံငွေ[157] ကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်များ[158]၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ[159]၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အပြင် အာဆီယံ၏ အခြားသော ပြင်ပမိတ်ဖက်အဖွဲ့အစည်းများမှ စေတနာ အလျောက် ပံ့ပိုးကူညီမှုများဖြင့် တည်ထောင်ထားသည်။

အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် ၏ ကျယ်ပြန့်သည့်အတိုင်းအတာဖြင့် ကိုဗစ်-၁၉ အာဆီယံတုံ့ပြန်ရေးရန်ပုံငွေ ၏ အကျုံးဝင်မှုထက် ကျော်လွန်သော ခြေလှမ်းများနှင့် အစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် အရင်းအမြစ်များ လိုအပ်မည် ဖြစ်သည်။ အဆုံးတွင် အာဆီယံသည် လုပ်ငန်းအစီအစဉ်များနှင့် အကောင်အထည်ဖော်ရေးစီမံချက်တို့တွင် ဖော်ပြထားသော အစီအစဉ်များပါဝင်ကြောင်း သေချာစေမည်ဖြစ်ပြီး ဆွေးနွေးဖက်များနှင့် အခြားသော ပြင်ပမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက် အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူများနှင့် ပိုမိုကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်မည် ဖြစ်သည်။ ဒေသတွင်းရှိ ရှိရင်းစွဲရန်ပုံငွေအစီအစဉ်များကို ပြန်လည်ဖန်တီးခြင်း သို့မဟုတ် ကိုဗစ်-၁၉တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် လက်ရှိလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ဆန်းသစ်သည့်နည်းလမ်းများ ရှာဖွေနိုင်သည်။ ဖွံ့ဖြိုး တိုးတက်ရေးမိတ်ဖက်များနှင့်အတူ အာဆီယံအစိုးရများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဥ်များ နှင့် သီးခြားကဏ္ဍများကို သက်သာရာရစေရန် အစီအစဉ်များ ချမှတ်နိုင်သည်။ ပုဂ္ဂလိကကဏ္ဍနှင့်အတူ အစိုးရများသည် စီးပွားရေးလုပ်ငန်းများ ပြန်လည် ရှင်သန်လာစေရေးအတွက် ထောက်ပံ့ငွေနှင့် ချေးငွေများ ထုတ်ပေးနိုင်မည့် ဒေသတွင်ငွေဖြစ်လွယ်မှုရန်ပုံငွေ[160] ကို ထူထောင်နိုင်သည်။ တစ်ချိန်တည်းတွင် နိုင်ငံအဆင့်၌ စီးပွားရေးတွင်အစိုးရ၏အခန်းကဏ္ဍ[161] သည် ပြန်လည်ထူထောင်ရေးတွင် အဓိက ဖြစ်သော်လည်း နိုင်ငံများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာလုံခြုံစိတ်ချမှုရှိစေခြင်း[162] နှင့် အစိုးရကျောထောက်နောက်ခံ ပြုထားသော ငွေဖြစ်လွယ်သည့်ချေးငွေယန္တရားများ[163] ကဲ့သို့သော အရင်းအမြစ်များမှရယူနိုင်ရေး တီထွင်ဖန်တီးမှု နည်းလမ်းများကို ရှာဖွေရန် လိုအပ်ပါသည်။

**အဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုယန္တရားများ**

[155] COVID-19 ASEAN Response Fund
[156] ASEAN Development Fund
[157] COVID-19 ASEAN Response Fund
[158] Dialogue Partners
[159] Development Partners
[160] Regional Liquidity Fund
[161] Public Finance
[162] Special Purpose Vehicle
[163] Government-backed convertible loan mechanism

ကပ်ရောဂါကာလအတွင်း၌ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် ထိရောက်သော ခေါင်းဆောင်မှုသည် အရေးကြီးကြောင်း သိရှိထားပြီးဖြစ်သည်။ ၎င်းသည် နိုင်ငံတစ်ဝှမ်းရှိ ကပ်ရောဂါ၏ ကွဲပြားသောအကျိုးသက်ရောက်မှုများကို မြင်သာစေပြီး ပြန်လည် ကောင်းမွန်လာစေရန်နှင့် ပြန်လည်ထူထောင်နိုင်ရန် ခိုင်မာသော အုပ်ချုပ်မှုယန္တရား၊ အဖွဲ့အစည်းများ နှင့် အဆင့်အားလုံးတွင် ပေါင်းစပ်ညှိနှိုင်းမှု လိုအပ်ကြောင်း ရှင်းပြလျက်ရှိသည်။ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် ကို အကောင်အထည် ဖော်ရာတွင် အစိုးရများသည် ကိုဗစ်-၁၉ ၏ မသေချာ မရေရာမှုများကြားမှ သိသာထင်ရှားသောလမ်းညွှန်ချက်များ ထုတ်ပြန် ခြင်းဖြင့် လူထုယုံကြည်မှုကို တည်ဆောက်ရန် အရေးကြီးသကဲ့သို့ ပြန်လည်ထူထောင်ရေးအတွက် မူဝါဒများကို ဖော်ဆောင်နိုင်သည့် အဖွဲ့အစည်းများကိုလည်း တည်ထောင်သင့်သည်။ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ကုန်ကျစရိတ်အခြေအနေနှင့် ရင်းနှီးမြုပ်နှံမှုများကိုချိန်ဆပြီး ဆက်လက်လည်ပတ်နိုင်ရေးအတွက် အာမခံချက်ပေးရန်နှင့် လုပ်ငန်းသစ်များ တိုးချဲ့နိုင်ရန် မျှော်လင့်လျက်ရှိသည်။ နိုင်ငံများ၏ပြင်ပတွင် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများသည် ကမ္ဘာတဝှမ်းလုံးမှတုံ့ပြန်မှု အတွက် ချဉ်းကပ်မှု အသစ်ကို ညှိနှိုင်း စဉ်းစားသင့်သည်။

ဒေသတွင်း၌ ကိုဗစ်-၁၉ ကပ်ရောဂါကို ညှိနှိုင်းကျော်ဖြတ်ရေးအတွက် ကဏ္ဍအလိုက် အာဆီယံ၏ တုံ့ပြန်မှုကို သေချာစေရန် အာဆီယံပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဆိုင်ရာညှိနှိုင်းရေးကောင်စီအလုပ်အဖွဲ့[164] (ACCWG-PHE) ကို ဖွဲ့စည်းခဲ့သည်။ အကြီးတန်းအရာရှိများအစည်းအဝေး[165] (SOM)၊ အကြီးတန်းစီးပွားရေးအရာရှိများအစည်းအဝေး[166] (SEOM)၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အမြုံအတွက်အကြီးတန်းအရာရှိများအစည်းအဝေး[167] (SOCA)၊ အာဆီယံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ[168] (CPR)၊ အငြင်းပွားမှုပြဿနာကိုဖြေရှင်းရာတွင် အရေးပါသော အခန်းကဏ္ဍများ၌ ပါဝင်သည့် အခြားကဏ္ဍဆိုင်ရာ အဖွဲ့အစည်းများ၊ အထူးသဖြင့် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လုပ်ဆောင်နေသည့်အကြီးတန်းအရာရှိများ[169] (SOM-HD) ပါဝင်ပြီး ACCWG-PHE သည် လက်ရှိနှင့် အနာဂတ်တွင် ဖြစ်ပေါ်နိုင်သော ပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် အာဆီယံ၏ တုံ့ပြန်မှုအားလုံးကို ညှိနှိုင်းစောင့်ကြည့်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ပါသည်။

ACCWG-PHE သည် ညှိနှိုင်းရေးကောင်စီ[170] (ACC) သို့ အစီရင်ခံတင်ပြမှုများပြုလုပ်ရသည်။ ဤသို့ အစီရင်ခံခြင်း၊ လမ်းညွှန်ချက်နှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို ပြုလုပ်နေသည့် တစ်ချိန်တည်းမှာပင် တာဝန်ရှိသော အဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်မှု သေချာစေရန် ပံ့ဖော်ပေးလျက်ရှိသည်။ ထို့ကြောင့် ACCWG-PHE ကို အာဆီယံဘက်စုံ ပြန်လည်ထူထောင်ရေးမူဘောင်နှင့် အကောင်အထည်ဖော်ရေးစီမံချက်၏ လုပ်ငန်းဆိုင်ရာဦးဆောင်ညှိနှိုင်းရေးနှင့် စောင့်ကြည့်ရေးအခန်းကဏ္ဍတွင် နေရာချထားသည်။

ထို့အပြင် လက်တွေ့အကောင်အထည်ဖော်ရာ၌ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ အကောင်အထည်ဖော်ရေး အစီအစဉ်သည် ကဏ္ဍအလိုက်တာဝန်ရှိအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်ရာအဖွဲ့အစည်းများကို မျှော်မှန်းထားသော ရလဒ်နှင့်အတူ ခွဲခြားသတ်မှတ်ထားသည်။ အာဆီယံပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများ၏ တိုးတက်မှုကို စောင့်ကြည့်ရန် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ACCWG-PHE မှ ပုံမှန်မွမ်းမံခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပြုလုပ်သည်။ သက်ဆိုင်ရာ အာဆီယံ

[164] ASEAN Coordinating Council Working Group on Public Health Emergencies (ACCW-PHE)
[165] Senior Officials Meeting (SOM)
[166] Senior Economic Officials' Meeting
[167] Senior Officials Meeting for the ASEAN Socio-Cultural Community (SOCA)
[168] The Committee of Permanent Representatives to ASEAN (CPR)
[169] The Senior Officials for Health Development (SOM-HD)
[170] The ASEAN Coordinating Council (ACC)

အသိုက်အမြုံမဏ္ဍိုင်များဖြစ်သော အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အမြုံ[171] (ASCCO) ညှိနှိုင်းရေးညီလာခံ၊ အာဆီယံစီးပွားရေး အသိုက်အမြုံတစ်ခုလုံး၏ကော်မတီ[172] (CoW)၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်မြုံညှိနှိုင်းရေးညီလာခံ[173] (SOC-COM) တို့ ပါဝင်သည့် ပေါင်းစပ်ညှိနှိုင်းရေးညီလာခံသုံးခုတွင် ဆွေးနွေးမှုပြုလုပ်ခြင်းအပါအဝင် ၎င်းတို့၏စီမံချက်နယ်ပယ်များ၌ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ ပဏာမခြေလှမ်းများနှင့် အစီအစဉ်များကို အကောင်အထည်ဖော်မှုပြုရာတွင် တိုးတက်မှု အား စောင့်ကြည့်ခြင်းဖြင့် ပံ့ပိုးပေးနိုင်သည်။

**သက်ဆိုင်သူများ၏ ပါဝင်မှုနှင့် လက်တွဲဆောင်ရွက်ခြင်း**

ပြန်လည်ထူထောင်ရေးအတွက် အသိုက်အမြုံတစ်ခုလုံးကို ချဉ်းကပ်မှုပြုလုပ်ရာတွင် သက်ဆိုင်သူများအား ထိတွေ့ဆက်ဆံမှုနှင့် လက်တွဲဆောက်ရွက်ခြင်းသည် အလေးပေးလုပ်ဆောင်သင့်သည့်အရာဖြစ်သည်။ လက်ရှိနှင့် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရာ၌ အာဆီယံ၏ တုံ့ပြန်ဆောင်ရွက်မှုကို နယ်ပယ်အသီးသီးနှင့် ထိတွေ့ဆက်ဆံမှုအခြေအနေ၊ လက်တွဲဆောင်ရွက်မှုများ၏ထိရောက်မှုတို့က အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။ အာဆီယံနှင့် လက်တွဲဖက်များသည် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ကို နည်းလမ်းအမျိုးမျိုးဖြင့် ပံ့ပိုးကူညီပေးနိုင်သည်။ ၎င်းတို့သည် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ ပဏာမခြေလှမ်းများနှင့် အစီအစဉ်များကို ပူးတွဲ ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်နှင့် ဒေသအဆင့်မူဝါဒချမှတ်ခြင်းအား ပံ့ပိုးကူညီပေးနိုင်ကာ နောက်ဆုံးရရှိထားသော မြေပြင်သတင်းများ[174] ကို ဖြန့်ဝေ ပေးနိုင်သည်။ အောင်မြင်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တစ်ခု ဖြစ်ရန်အတွက် သက်ဆိုင်သူအားလုံးသည် အဆိုပါ လုပ်ငန်းစဉ်၌ ၎င်းတို့၏ အခန်းကဏ္ဍများနှင့် ကျွမ်းကျင်မှုအရည်အချင်းများကို ရှင်းရှင်းလင်းလင်း နားလည် သဘောပေါက်ရန် လိုအပ်သည်။

ဒေသအတွင်း ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုတွင် အရေးပါသူများမှာ ပုဂ္ဂလိကကဏ္ဍနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်ပြီး ပြန်လည်ထူထောင်ရေးမူဘောင်နှင့် အစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးနိုင်သည့်အတွက် ၎င်းတို့နှင့် ထိတွေ့ ဆက်ဆံမှု ပိုမိုအားကောင်းလာမည်ဟု မျှော်လင့်ရသည်။ ပုဂ္ဂလိကကဏ္ဍများတွင် အာဆီယံစီးပွားရေးကောင်စီ[175] (ABAC) မှ အာဆီယံအကြီးအကဲများထံ တင်ပြသည့် သတင်းပေးပို့ရန်လမ်းကြောင်း[176] နှင့် အာဆီယံ၏ မျှော်လင့်ချက်များ[177] အရ သက်ဆိုင်ရာအကြံပြုချက်များ အပါအဝင် ပြန်လည်ထူထောင်ရေးမူဘောင်ကို ပံ့ပိုးကူညီရန်အတွက် အာဆီယံစီးပွားရေးကောင်စီ၊ ပူးတွဲစီးပွားရေးကောင်စီများ[178] (JBCs) နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ ၎င်းတို့သည် အကျပ်အတည်းကာလတွင် အစိုးရ၏ တုံ့ပြန်မှုကို ပံ့ပိုးရန်၊ ထိရောက်သော ထိတွေ့ဆက်ဆံမှုယန္တရားများကို စိစစ်ဖော်ထုတ်ရန်၊ လူထု၏ နားလည်သဘောပေါက်မှုကို မြှင့်တင်ရန် နှင့် ပုဂ္ဂလိကကဏ္ဍအရင်းအမြစ်များကို စုစည်းရာတွင်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့နည်းတူစွာ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်ရှိ အဓိကကျသော ပဏာမခြေလှမ်းများကို အရင်းအမြစ်ခွဲဝေမှု၊ နည်းပညာ အကူအညီနှင့် စွမ်းရည်မြှင့်တင်ရေးလှုပ်ရှားမှုများမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်မှု သေချာစေရန် အာဆီယံသည် ဆွေးနွေးဖက်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်နေသည်။ ထို့အပြင်

[171] The ASEAN Political-Security Community (ASCCO)
[172] The Committee of the Whole for the ASEAN Economic Community (CoW)
[173] The Coordinating Conference on the ASEAN Socio-Cultural Community (SOC-COM)
[174] On-the-ground Information
[175] The ASEAN Business Council (ABAC)
[176] A Pathway towards Report
[177] Hope in ASEAN
[178] Joint Business Council (JBCs)

ကျန်းမာရေးစောင့်ရှောက်မှု၊ လူသား အရင်းအမြစ်နှင့် အနာဂတ်စီးပွားရေးစနစ်များတွင် အာဆီယံ၏ခံနိုင်ရည်အားကိုမြှင့်တင်ပေးနိုင်မည့် ကြီးမားသောပဏာမ ခြေလှမ်းများကို တည်ဆောက်လျက်ရှိသည်။

